# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၂၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၆၀)


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)

**သတင်းထုတ်ပြန်ချက်**

# နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်စေသည့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမျိုးကို လက်ခံမည်မဟုတ်

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ၁၈-၆-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် မျက်နှာစုံညီအစည်းအဝေးသို့ လီချင်စတိန်းနိုင်ငံမှ တင်သွင်းသည့် "The Situation in Myanmar" အမည်ရှိ အဆိုမူကြမ်းအပေါ် မဲခွဲဆုံးဖြတ်ခဲ့ပါသည်။

ယင်းအဆိုသည် တစ်ဖက်သတ် ပုံဖော်စွပ်စွဲချက်များနှင့် မှားယွင်းသည့် ယူဆချက်များကို အဓိကအခြေခံထားပြီး၊ မြန်မာနိုင်ငံအပေါ် ကြိမ်ဖန်များစွာ ထပ်တလဲလဲ အရေးယူသည့်လုပ်ရပ်ဖြစ်သည့်အတွက်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအပေါ် မျှတမှုမရှိဘဲ ဦးတည်အရေးယူသည့် အဆိုဖြစ်သည့်အတွက်လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် ယင်းအဆိုတစ်ခုလုံးနှင့် ယင်းအပေါ် ဆွေးနွေးအရေးယူမှုများကို ကန့်ကွက်ပယ်ချပါသည်။ ယင်းသို့ ကန့်ကွက်ပယ်ချကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိတို့ထံ ကန့်ကွက်စာများ ပေးပို့ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ၂၇-၂-၂၀၂၁ နံနက်ပိုင်းမှစ၍ ရာထူးမှ ထုတ်ပယ်ကာ နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုထားသည့် ယခင် နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် ဦးကျော်မိုးထွန်းမှ မြန်မာနိုင်ငံအမည်ခံဖြင့် ပါဝင် မိန့်ခွန်းပြောကြားခဲ့ခြင်းနှင့် ပါဝင်မဲပေးခြင်းများသည် မြန်မာနိုင်ငံအား ကိုယ်စားပြုမှုမရှိသကဲ့သို့ တရားဝင်မှုလည်းမရှိပါ။ သို့ဖြစ်ရာ ၎င်း၏ ဆွေးနွေးပြောကြားမှုများအပါအဝင် မဲပေးဆောင်ရွက်ခြင်းများအား မြန်မာနိုင်ငံအနေဖြင့် လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ပယ်ချလိုက်ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတကာအသိုက်အဝန်း၏ အပြုသဘော အကြံပြုချက်များကို အလေးထားသော်လည်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်စေသည့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းအပါအဝင် မည်သည့်ကြိုးပမ်းမှုမျိုးမဆို လက်ခံလိမ့်မည်မဟုတ်ပါ။

မြန်မာနိုင်ငံသည် မိမိချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ထိန်းသိမ်းဆောင်ရွက်ပြီး၊ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်။**



# မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် သဘာဝအရင်းအမြစ်များဖြင့် ပေါင်းစပ်ဖန်တီးဖွင့်လှစ်ထားသည့် အပန်းဖြေစခန်းများ ပိုမိုများပြားလာ

**မန္တလေး ဇွန် ၁၉**

မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် သဘာဝအရင်းအမြစ်များကို အခြေခံကာ ဆန်းသစ်သော အတွေးစိတ်ကူးများဖြင့် ပေါင်းစပ်ဖန်တီးဖွင့်လှစ်ထားသည့် အပန်းဖြေစခန်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း တွေ့မြင်ရသည်။

ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် မန္တလေးမြို့သို့ ပြည်တွင်းပြည်ပ ခရီးသွားများ ဝင်ရောက်မှု ပိုမိုတိုးတက်လာစေရန် ဆွဲဆောင်မှုအဖြစ် ယခုကဲ့သို့ ဆန်းသစ်တီထွင်မှုများနှင့် ခင်းကျင်းပြင်ဆင်ဖွင့်လှစ်ထားသည့် အပန်းဖြေစခန်းများ ပိုမိုများပြားလာသည်ကို အားရကျေနပ်မိကြောင်း မန္တလေးမြို့မှ ဒေသခံတစ်ဦးဖြစ်သူ ဦးမိုးမိုးထွန်းက ပြောသည်။

"ယခုကာလမှာ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါသတင်းကြောင့် စိုးရိမ်ထိတ်လန့်မှုတွေနဲ့ စိတ်ပင်ပန်းနေကြတယ်။ ဒါ့အပြင် မန္တလေးရဲ့ နွေရာသီအပူချိန်ကလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာတဲ့အတွက် အခုလို ရှိပြီးသား သဘာဝအရင်းအမြစ်တွေဖြစ်တဲ့ တောတောင် ရှုခင်းလေးတွေနဲ့

*စာမျက်နှာ ၄ ကော်လံ ၁* ☼


**ယနေ့ သတင်းအညွှန်း**

**ဒုတိယ ပါဂျောင် မဖြစ်စေလိုပြီ**

ဆောင်းပါး | စာ - ၆



**အန်တိုနီယိုဂူတာရက်စ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အဖြစ် ဒုတိယအကြိမ် ခန့်အပ်**

စာ - ၁၃

**"ပျော့ရှာဦးဌေး လှတောကေစီ ဥကပ်ပါးနဂျီ"**




ဆောင်းပါး | စာ - ၁၆

မြန်မာ့အလင်း

## လုပ်ကြံသတင်း၏ နည်းလမ်းဟောင်း

ပေါက်မြို့နယ် ကင်းမကျေးရွာ မီးလောင်မှုဖြစ်စဉ်သတင်းက နိုင်ငံတကာသို့ပါ ပျံ့နှံ့သည်။ ဒေသတွင်းနေ အကြမ်းဖက်အုပ်စုများ၊ ၎င်းတို့နှင့် ပတ်သက်ဆက်နွှယ်နေသူများ၊ တရားမဝင် ပြည်တွင်းမီဒီယာများ၏ ရည်ရွယ်ချက်ရှိရှိ စည်းဝါးကိုက်ဆောင်ရွက်မှုများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စည်းမဲ့ကမ်းမဲ့ ရက်စက်ကြမ်းကြုတ်သူ လူဆိုးများသဖွယ် ပြည်တွင်းပြည်ပတို့မှ ထင်မြင်လာကြစေရန် ပုံဖော်ခဲ့ကြသည့် နည်းလမ်းမှာ စင်စစ်အားဖြင့် အသစ်အဆန်းတော့မဟုတ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အာဆာအကြမ်းဖက်အုပ်စုတို့ ကျင့်သုံးခဲ့ကြပြီး ၎င်းတို့၏ ရည်ရွယ်ချက်ပေါက်မြောက်ခဲ့ကြသည့် နည်းလမ်းဟောင်းတစ်ခုသာဖြစ်သည်။

ကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်လာသည်။ ရွာထဲတွင် မပြေးနိုင်သည့် သက်ကြီးရွယ်အို အနည်းငယ်တို့သာ အိမ်တံခါးသော့ပိတ်ပုန်းအောင်းနေပြီး တစ်ရွာလုံးရှိလူများ ထွက်ပြေးသွားကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အိမ်များကို မီးရှို့သဖြင့် သက်ကြီးရွယ်အိုနှစ်ဦး မီးလောင်သေဆုံးရသည်ဆိုသည့် လုပ်ကြံဖန်တီးထားသည့်သတင်းကို လူမှုကွန်ရက်မှတစ်ဆင့် ဖြန့်ဝေကြသည်။ ထိုသတင်းကို တရားမဝင်ပြည်တွင်းမီဒီယာများ၊ ပြည်ပလက်ဝေခံမီဒီယာများ၊ နိုင်ငံတကာမှ နာမည်ကြီးမီဒီယာများကပါ ထပ်ဆင့်ရယူပြီး သတင်းအဖြစ် ထုတ်ပြန်ကြသည်။ သတင်းအမှား၏နောက်တွင် ၎င်းသတင်းမမှန်ကန်ကြောင်း ပြန်လည်ရှင်းလင်းသည့်ပို့စ်များကို ပေါက်ဒေသအတွင်းနေ ရဟန်းရှင်လူအချို့က တင်ပြမှုများ ရှိခဲ့သည်ကို တွေ့ရသော်လည်း ကျင့်ဝတ်သိက္ခာမဲ့သော မီဒီယာတို့က လျစ်လျူရှုလိုက်ကြသည်။ မြန်မာနိုင်ငံအပေါ် ပြည်ပမှ ဖိအားများ ဝိုင်းပေးကြရေး၊ ဖြစ်နိုင်လျှင် စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်ရေးတို့ကို ရည်မှန်း၍ ရွာကိုမီးတိုက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တို့အပေါ် စွပ်စွဲမှုများ လုပ်ခဲ့ကြခြင်းမှာ အာဆာတို့၏ နည်းလမ်းကို လိုက်ခဲ့ကြခြင်းဖြစ်သည်။

ပီဒီအက်ဖ်အမည်ခံ အကြမ်းဖက်အုပ်စုတို့၏ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို သတ်ဖြတ်မှု၊ ပညာရေးဝန်ထမ်းများကို သတ်ဖြတ်မှု၊ လစာထုတ်ပြီး ပြန်လာသည့် ကျောင်းဆရာမနှင့် ကျန်းမာရေးဝန်ထမ်းအပါအဝင် ငါးလောင်းပြိုင်သတ်ဖြတ်လုယက်မှု၊ ထမင်းချိုင့်ဆွဲပြီး အလုပ်သွားသည့် ဒုတိယမြို့နယ်ပညာရေးမှူးကို လမ်းပေါ်တွင် သတ်ဖြတ်မှု၊ တံတားဆောက်လုပ်ရေးအလုပ်သမားများကို KNDO တို့၏ အစုလိုက်အပြုံလိုက် ကြိုးတုပ်သတ်ဖြတ်မှုတို့တွင် နှုတ်ဆိတ်နေခဲ့သည့် အနောက်နိုင်ငံ သံရုံးကြီးနှစ်ခုတို့က ကင်းမရွာ မီးလောင်မှုဖြစ်စဉ်တွင်မူ တစ်ရက်၊ နှစ်ရက်အတွင်းမှာပင် ကြေညာချက်များ အသီးသီးထုတ်ခဲ့ကြရာ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးထက် မြန်မာအစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား နှိပ်ကွပ်ရေးကိုပို၍ အာရုံစူးစိုက်နေသည်ဟု ယူဆဖွယ်ရာပင်ဖြစ်သည်။

ဖမ်းဆီးရမိထားသူ ကင်းမကျေးရွာ PDF အဖွဲ့ဝင် ချစ်မောင်မောင်၊ ကင်းမကျေးရွာ PDF အဖွဲ့ဝင်များအား ထောက်ပံ့ကူညီအားပေးခဲ့သူ စိုးဝင်းကျော်တို့၏ ဝန်ခံထွက်ဆိုချက်၊ ကင်းမကျေးရွာ မီးလောင်မှုဖြစ်စဉ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ကိုယ်တိုင်ပါဝင်လုပ်ကိုင်ခဲ့သူ ဒုတိယရဲအုပ် ယျာဇူးမောင်နှင့် အဘိုးအဘွားများအား ကယ်တင်ခဲ့သူ ရဲတပ်သား ထက်ဦးနိုင်တို့၏ ပြောကြားချက်များကို နိုင်ငံပိုင်မီဒီယာများ၊ တပ်မတော်မီဒီယာများမှ ထုတ်လွှင့်ဖော်ပြခဲ့ပြီးဖြစ်ရာ ကင်းမရွာ မီးလောင်မှုဖြစ်စဉ်အမှန်မှာ လက်သည်တရားခံသည် ကျေးရွာနေ ပီဒီအက်ဖ်အမည်ခံ အကြမ်းဖက်အုပ်စုသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များမှာမူ တရားဥပဒေစိုးမိုးရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ကာ လူမှုကူညီကယ်ဆယ်မှုပြုခဲ့ကြခြင်းသာဖြစ်ရာ အကြမ်းဖက်တရားခံအစစ်အမှန်နှင့်တကွ အကြမ်းဖက်ဝါဒတို့ကို ရှုတ်ချနိုင်ကြပါစေကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ၃၀-၆-၂၀၂၁ ရက်နေ့အထိ တိုးမြှင့်ဆောင်ရွက်မည့်ကိစ္စ အသိပေးကြေညာချက်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်များကို အခြေခံပညာအထက်တန်းကျောင်းများတွင် ၃၀-၆-၂၀၂၁ ရက်နေ့အထိ (ပိတ်ရက်အပါအဝင်) ထုတ်ပေးမည်ဖြစ်ပြီး တက္ကသိုလ်များတွင် ၃၀-၆-၂၀၂၁ ရက်နေ့အထိ (ပိတ်ရက်အပါအဝင်) တိုးမြှင့် လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

## ၂၀၂၀ ပြည့်နှစ်အတွက်မှစတင်၍ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ငွေများ တိုးမြှင့်ချီးမြှင့်သွားမည်

နေပြည်တော် ဇွန် ၁၉

နိုင်ငံတော်က မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပညာရှင်ကြီးများအား အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု (ဘာသာရပ် ၁၈ မျိုး) နှင့် စာပေဗိမာန်စာမူဆု (ဘာသာရပ် ၁၄ မျိုး) တို့ကို နှစ်စဉ်ချီးမြှင့်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးချီးမြှင့်ရာ ရောက်စေရန်၊ စာပေပညာရှင်များအား ဂုဏ်ပြုရာရောက်စေရန်၊ စာကောင်းပေမွန်များ ထွန်းကားပြန့်ပွားစေရန် စသည့်အကျိုးကျေးဇူးများရရှိနိုင်ရန် ၂၀၂၀ ပြည့်နှစ်အတွက်မှ စတင်၍ အမျိုးသားစာပေ တစ်သက်တာဆုကို ငွေကျပ် သိန်း ၁၀၀ ၊ အမျိုးသားစာပေဆုကို ငွေကျပ် သိန်း ၃၀ ၊ စာပေဗိမာန်စာမူဆု ပထမဆုကို ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုကို ငွေကျပ် ၁၀ သိန်း၊ တတိယဆုကို ငွေကျပ် ၇ သိန်း တိုးမြှင့်ပြင်ဆင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ COVID-19 ရောဂါ ပိုးတွေ့လူနာများ ထားရှိနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်

နေပြည်တော် ဇွန် ၁၉

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ COVID-19 ရောဂါ ပိုးတွေ့လူနာများ ထားရှိနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်

လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချ၍ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်း၊ အလားတူ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ "ညီညွတ်ခြင်းသည် အင်အား" ဆိုသည့်အတိုင်း အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းနှင့် ဒေါင်းရွှေးပင်မဓာတ်အားခွဲရုံစီမံကိန်းတို့သို့ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၏အထက်ဘက် တစ်မိုင်ခန့်အကွာ ချင်းတွင်းမြစ်ပေါ်တွင် တည်ဆောက်ရန်လျာထား ဆောင်ရွက်မည့် မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

**အဆင့်ဆင့် စူးစမ်းလေ့လာ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လိုက်ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်မည့်နေရာသို့ ရောက်ရှိပြီး တာဝန်ရှိသူများက မော်လိုက်ရေအားလျှပ်စစ် စီမံကိန်းနှင့် မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းတို့၏ စီမံကိန်းဆိုင်ရာများကို ရှင်းလင်းရာ ပြည်ထောင်စုဝန်ကြီးက ယခု မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၏ အထက်ဘက် တစ်မိုင်ခန့်အကွာ ချင်းတွင်းမြစ်ပေါ်တွင် ကျောက်ဖြည့်တမံ တည်ဆောက်၍ စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၁၀၀ ရှိ ဓာတ်အားပေးစက် ရှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၈၀၀ ကို ထုတ်လုပ်ပေးနိုင်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၀၀ ထုတ်လုပ်နိုင်မည်ဟု ပဏာမလေ့လာစူးစမ်းမှုအရ တွေ့ရှိရသဖြင့် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးနိုင်သည်အထိ အဆင့်ဆင့် ဆက်လက် စူးစမ်းလေ့လာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မဏိပူရ် ရေအားလျှပ်စစ်စီမံကိန်းသည်လည်း ချင်းပြည်နယ် ဖလမ်းမြို့အနီး ကလေးမြို့ ကမ္ဘာ့နီတံတားအထက်ဘက် ၂ ဒသမ ၅ မိုင်အကွာ မဏိပူရ်မြစ်ပေါ်တွင် ကျောက်ဖြည့်တမံတည်ဆောက်ပြီး စက်တပ်ဆင်အင်အား ၉၅ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက် လေးလုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၈၀ ရှိ ဓာတ်အားပေးစက်ရုံ တပ်ဆင်တည်ဆောက်ကာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀၃ သန်းထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ကို စိစစ်တွေ့ရှိရသဖြင့် ၎င်းစီမံကိန်းများ တည်ဆောက်အောင်မြင်ပါက ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အနီးဆုံးထုတ်လုပ်ပေးနိုင်မည်ဖြစ်သဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အသေးစိတ်စူးစမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီး ပင်မတမံဆောက်လုပ်ရန် လျာထားနေရာကို ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမရပူရမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၂၃၀ ကေဗွီ ဒေါင်းရွှေးပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများက ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေးနှင့် စနစ်တကျကိုင်တွယ်အသုံးပြုရေးတို့အား အထူးအလေးထားဆောင်ရွက်ကြရန်မှာကြားကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးလျက်ရှိ



**ပျဉ်းမနား ဇွန် ၁၉**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးက "ပန်းခင်းစီမံချက်" ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများ ဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ရွာကောက်ရပ်ကွက်အတွင်းရှိ ကျောက်ကျင်းရပ်တွင် နေထိုင်လျက်ရှိသည့် အသက် (၁၆နှစ်) အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ဖူးခြင်းမရှိသေးသူများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ပျဉ်းမနားမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အနေဖြင့် "ပန်းခင်းစီမံချက်" ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက် ခုနစ်ရပ်ကွက် ကျေးရွာအုပ်စု ၂၉ အုပ်စုရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသည့် အသက်(၁၆နှစ်) အထက်နှင့် အသက် (၁၈ နှစ်) အထက် လူဦးရေ ၈၄၉၆ ဦးတို့ကို တစ်နေ့လျှင် လူ ၃၀ နှုန်းဖြင့် ၃-၅-၂၀၂၁ ရက်နေ့မှစတင်၍ ၃-၁၁-၂၀၂၂ ရက်နေ့အထိ ၁၈ လကြာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိနေသော မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းအောင်ထံမှ သိရသည်။

**စိုးမိုး (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၉**
ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့ပြ အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်း ဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု ရေကြည်မြောက်ကွင်း ကွင်းအမှတ် (၅၀၆) တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော မင်္ဂလာ ရန်ကင်းပြည်သူ့အငှားအိမ်ရာစီမံကိန်းသို့ ရောက်ရှိ ပြီး တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခြေအနေများ ကို တင်ပြကြသည်။



**ကြည့်ရှုစစ်ဆေး**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌတို့က ယခု ပြည်သူ့အငှားအိမ်ရာ စီမံကိန်း ပထမအဆင့် အိမ်ခန်းပေါင်း ၅၀၀၈ ခန်း ကို အချိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါ ကြောင်း၊ ဝင်ငွေနည်းပြည်သူများအတွက် ရည်ရွယ် ၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများ လက်ရှိအနေအထားမပျက် အရှိန် အဟုန်မပျက် ဆောင်ရွက်ရန်လိုပါကြောင်း မှာကြား ပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်း ကောင်း၊ စီမံကိန်းအဝင်နေရာတွင် သွားလာရေး လွယ်ကူအဆင်ပြေစေရန် တံတားတည်ဆောက်မည့် လျာထားနေရာ၊ ရေရရှိရေးအတွက် Check Structure တည်ဆောက်ပြီးစီးမှုနှင့် လမ်းဖောက်လုပ်မည့် နေရာအတွက် လိုအပ်နေသည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခု တည်ဆောက်နေသည့် မင်္ဂလာရန်ကင်း ပြည်သူ့ အငှားအိမ်ရာစီမံကိန်းသည် မန္တလေးတိုင်း ဒေသကြီး ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာ အုပ်စု ရေကြည်မြောက်ကွင်း ကွင်းအမှတ် (၅၀၆) တွင် တည်ရှိပြီး အဆောက်အအုံအမျိုးအစားမှာ လေးခန်းတွဲ ငါးထပ်၊ အဆောက်အအုံ ၁၈၈ လုံး၊ အခန်းပေါင်း ၃၀၀၈ ခန်း တည်ဆောက်သွားမည် ဖြစ်ပြီး ပထမအဆင့်အနေဖြင့် အဆောက်အအုံ ၉၁လုံး၊ အခန်းပေါင်း ၁၄၅၆ ခန်းကို အကောင်အထည် ဖော်တည်ဆောက်လျက်ရှိသည်။

**လျာထားလမ်းသစ်အခြေအနေကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မန္တလေး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ လျာထား လမ်းသစ် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် မန္တလေးမြို့တွင် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၆) မှ တာဝန်ယူတည် ဆောက်နေသော မန္တလေးတိုင်းဒေသကြီး တရား လွှတ်တော် (ပေ ၂၄၀ x ပေ ၂၄၀) R.C သုံးထပ် တည် ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူ က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့ က လိုအပ်သည်များမှာကြားပြီး တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ မြို့ပတ်ကမ်းနားလမ်း (တာရိုး) ဧရာဝတီမြစ်ရေ တိုက်စားမှုမှ ကာကွယ်ရန်အတွက် Sheet Pile ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ် ချက်များ မှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

---

*※ ရှေ့ဖုံးမှ*

ပေါင်းစပ်ပြီး တီထွင်ဖန်တီးမှုတွေ နဲ့ ထုတ်ဖော်ထားတဲ့ အပန်းဖြေ ဥယျာဉ်တွေ ပေါ်ထွက်လာတာ က လာရောက်အပန်းဖြေသူတွေ အတွက် စိတ်အေးချမ်းမှုကို ပိုမို ရရှိစေမယ့်အပြင် ဒေသခံပြည်သူ တွေနဲ့ လုပ်ငန်းရှင်တွေအတွက်ပါ အကျိုးဖြစ်ထွန်းစေမှာပါ” ဟု ၎င်းက ပြောသည်။

အဆိုပါ အပန်းဖြေစခန်းများ အနက် ပြင်ဦးလွင်မြို့နယ်ရှိ ဒီဇင်ဘာပန်းခြံသို့ ယခုလ ရုံးပိတ် ရက်အတွင်း လာရောက်လည်ပတ် သည့် နေပြည်တော် တပ်ကုန်း မြို့နယ်မှ မအေးအေးငြိမ်းက လည်း “ဒီဇင်ဘာပန်းခြံကို မနှစ်က တည်းက ဖေ့စ်ဘွတ်စာမျက်နှာ မှာတွေ့ပြီး စိတ်ဝင်စားလို့ လာခဲ့ တာပါ။ ပြင်ဦးလွင်မြို့ရဲ့ ရေမြေ သဘာဝတောတောင် အလှအပ တွေနဲ့ ပေါင်းစပ်ပြီး ပန်းမျိုးစုံကို စိတ်ကူးကောင်းကောင်းလေးနဲ့ တီထွင်ဖန်တီးစိုက်ပျိုးပြသထား မှုတွေကို မြင်တွေ့ရတာ စိတ်ကို အေးချမ်းစေပါတယ်။ ကျွန်မတို့လို ဓာတ်ပုံရိုက်တာ ဝါသနာပါသူတွေ အတွက်ကတော့ ဒီပန်းခင်းကြီး တွေက အကောင်းဆုံး နောက်ခံ ဘက်ဂရောင်းတွေပဲပေ့ါ။ ဒါ့အပြင် ဒီပန်းခြံထဲမှာ ကြိုးတံတားတွေ၊ ရေတံခွန်တွေ၊ လှေစီးလို့ရတဲ့ နေရာတွေနဲ့ စက်ဘီးစီးလည်ပတ် နိုင်တဲ့အစီအစဉ်တွေလည်း ရှိတဲ့ အတွက် ရသမျိုးစုံခံစားပြီး အပန်း ဖြေနိုင်တဲ့အတွက် ကျေနပ်မိပါ တယ်။

“ဒီပန်းခြံကို လာရောက်ခဲ့တဲ့ အမှတ်တရအနေနဲ့ ပြောရရင် ကျွန်မတို့ ဇနီးမောင်နှံ စက်ဘီး အတူစီးပြီး လည်ပတ်ခဲ့ရတာကို ကြည်နူးမိပါတယ်” ဟု ပြောသည်။

ထို့ပြင် မန္တလေးတိုင်းဒေသ ကြီး ပုသိမ်ကြီးမြို့နယ် ရေတံခွန် တောင်သွားရာ လမ်းဘေး တစ်လျှောက်ရှိ လယ်ကွင်းပြင် များအတွင်း စိမ်းစိုလှပနေသည့် စပါးခင်းများအလယ်တွင် အပန်း ဖြေ စခန်းတစ်ခုကဲ့သို့ သက်ငယ် မိုးများဖြင့် ဖန်တီးတည်ဆောက် ထားသည့် တဲငယ်များကို တစု တဝေးတည်း ခင်းကျင်းပြင်ဆင် ထားရှိကာ ဒေသထွက်ကုန်များ ရောင်းချပေးလျက်ရှိရာ လာရောက် အပန်းဖြေအနားယူသူများ နေ့စဉ် များပြားလျက်ရှိသည်။

“ကျွန်တော် မန္တလေးကို မရောက်တာ တစ်နှစ်ကျော်ပါပြီ။ အရင်ကတော့ ထန်းရည်စစ်စစ် သောက်ချင်ရင် မန္တလေးမြို့တွင်း ကနေ ဒီအထိလာပြီး သောက် ရတယ်။ အဲဒီအချိန်တုန်းကတော့ ဒီလမ်းဘေး တစ်လျှောက်မှာ ဖျာကြမ်းလေးခင်းပြီး ရေကြက် ကြော်နဲ့ ထန်းရည်ရောင်းချတဲ့ ဆိုင် လေးတွေ ရှိတယ်။ အခုချိန်မှာ ခေတ်ကလည်းတိုးတက်ပြောင်းလဲ လာသလို တီထွင်ဆန်းသစ်မှုနဲ့ ဆွဲဆောင်လာကြတဲ့အတွက် အခု လို အသွင်အပြင်မျိုးနဲ့ ဆိုင်ခန်း တွေကို မြင်တွေ့ရတာပါ။ ဆိုင်ခန်း တွေကို ဆွဲဆောင်မှုရှိဖို့ ဆန်းသစ် တီထွင်ပြီး အဆင့်မြှင့်တင်လာခြင်း ဟာ မြန်မာ့ခရီးသွားလုပ်ငန်း အတွက် အားတက်စရာပါပဲ။ ကျွန်တော်ကတော့ ဇာတိမြို့ကို ပြန်ရောက်တုန်းမှာ မိသားစု စုံစုံ လင်လင်နဲ့ အခုလို စိမ်းစိုနေတဲ့ စပါးခင်းကြီးထဲမှာ လတ်ဆတ်တဲ့ လေကိုရှူပြီး ထန်းရည်သောက် ရင်း ကြက်ကြော်စားရတဲ့ ဒီအပန်း ဖြေခရီးစဉ်ကို အနှစ်သက်ဆုံး ပါပဲ” ဟု စနေ၊ တနင်္ဂနွေရုံးပိတ်ရက် အတွင်း နေပြည်တော်မှ မန္တလေး မြို့ရှိ မိဘထံ ခေတ္တပြန်လာသည့် မောင်ရဲကိုကိုက ပြောသည်။

လက်ရှိတွင် မန္တလေးတိုင်း ဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ် အကြားရှိ ဒုဋ္ဌဝတီမြစ်အနီးတွင် တီထွင် ဖန်တီးမှုများဖြင့် ဆွဲဆောင်ထား သည့် အပန်းဖြေစခန်းများ ဖွင့်လှစ် ထားရှိသည့်အပြင် ထပ်မံ၍လည်း ဒုဋ္ဌဝတီမြစ်ကို အခြေပြုသည့် ခရီး စဉ်ဒေသသစ်များ တိုးချဲ့ဖွင့်လှစ် နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာ ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း စီစဉ်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ဒီဇင်ဘာပန်းခြံသို့ လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။



ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် လမ်းဦးစီးဌာန၏စီစဉ်မှု၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် ပူးပေါင်းမှုဖြင့် နမ့်စန်-မိုးနဲ-မိုင်းတုံး-မိုင်းဆတ်ပြည်ထောင်စုလမ်း မိုးနဲလမ်းပိုင်း လမ်းဘေး(ဝဲ/ယာ) စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် ဇွန် ၁၉ ရက်က မိုင်တိုင်အမှတ် ၅၃ ၌ သစ်ပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

မျိုးညွန့်ရွှေ (မိုးနဲ)

## တပ်ကုန်းမြို့နယ်၌ ပြောင်းသီးနှံကို စက်ကိရိယာဖြင့် စိုက်ပျိုး

**တပ်ကုန်း ဇွန် ၁၉**
နေပြည်တော် တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၈) စက်မှုလယ်ယာထွန်စက်စခန်းက ပြုလုပ်သည့် ပြောင်းသီးနှံများ စက် ကိရိယာဖြင့် စိုက်ပျိုးပြသခြင်းကို ဇွန် ၁၇ ရက်က ကွင်းအမှတ်၊ ၁၄၁၆ (က) ကွင်း အောင်မြေရိပ်သာကျေးရွာ တောင်သူ ဦးတြာစိုး၏ ယာမြေ ၌ ကျင်းပသည်။

အဆိုပါထွန်စက်စခန်းမှ ခြောက်တန်းမျိုးစေ့ချ စက်ကိရိယာဖြင့် အစေ့ထုတ်ပြောင်း နှစ်ဧက၊ နံ့စားပြောင်း နှစ်ဧက၊ စုစုပေါင်း လေးဧက စိုက်ပျိုးပြသခဲ့ရာ အနီးဝန်းကျင်ကျေးရွာများမှ တောင်သူများ လာရောက် ကြည့်ရှုလေ့လာကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တရားမဝင်လက်နက်များ အများဆုံးအပ်နှံသည့် ခရိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

မော်လိုက် ဇွန် ၁၉

**စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်လက်နက်များ အများဆုံးအပ်နှံနိုင်သည့် မော်လိုက်ခရိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက မော်လိုက်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်လက်နက်များ အများဆုံးအပ်နှံနိုင်သည့် မော်လိုက်ခရိုင်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် တရားမဝင်လက်နက်များ တာဝန်သိသိဖြင့် အပ်နှံခဲ့ကြသည့် ကျေးရွာအုပ်စုများအတွက် ဂုဏ်ပြုဆုငွေအနေဖြင့် မော်လိုက်မြို့နယ်အတွက် ငွေကျပ်နှစ်သိန်း၊ ဖောင်းပြင်မြို့နယ်အတွက် ငွေကျပ် ရှစ်သိန်းတို့အား ပေးအပ်ချီးမြှင့်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝဏ္ဏထွန်းနှင့် ကျေးရွာအုပ်စုများကိုယ်စား တပ်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

**အများဆုံး အပ်နှံခဲ့**

မော်လိုက်ခရိုင်အနေဖြင့် မိမိခရိုင်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တရားမဝင်ကိုင်ဆောင်ထားကြသော တူမီးသေနတ်၊ လေသေနတ်များ နိုင်ငံတော်သို့ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ပြန်လည်အပ်နှံနိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ရာ မော်လိုက်မြို့နယ်တွင် ကျေးရွာအုပ်စုရှစ်အုပ်စုမှ တူမီးသေနတ် ၂၉လက်၊ လေသေနတ်ရှစ်လက်နှင့် ဖောင်းပြင်မြို့နယ်တွင် ကျေးရွာအုပ်စု ၃၄ အုပ်စုမှ တူမီးသေနတ် ၆၉၃ လက်၊ လေသေနတ် ၁၁ လက်တို့ကို အပ်နှံခဲ့ရာ မော်လိုက်ခရိုင်အနေဖြင့် တူမီးသေနတ် ၇၂၂ လက်၊ လေသေနတ် ၁၉ လက် စုစုပေါင်း ၇၄၁ လက်ကို အပ်နှံနိုင်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၁ ခရိုင်ရှိသည့်အနက် မော်လိုက်ခရိုင်သည် တရားမဝင်လက်နက်များ အများဆုံး အပ်နှံနိုင်ခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ အားကစားကွင်း/ အားကစားရုံများ ပြုပြင်အသစ်တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)ရှိ ပရိသတ် ၂၀၀၀ ဆံ့ ဖူဆယ်အားကစားရုံ Multi Purpose အဆောက်အအုံ (၂၄၉ ပေ x ပေ ၁၉၀ x ၅၇ ပေ) ဆောက်လုပ်ပြီးစီးမှု၊ VIP ဝင်ပေါက်နှင့် Car Parking ဆောင်ရွက်ထားရှိမှု၊ အားကစားသမားအဝတ်လဲခန်းထားရှိမှု၊ ဖူဆယ်အားကစားရုံကာရံထားရှိမှု၊ မီးများတပ်ဆင်ထားရှိမှု၊ ကြမ်းခင်းများခင်းကျင်းရန် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဂျပန်အိုလံပစ်ပြိုင်ပွဲဝင်ရန် ဆောင်ရွက်ထားရှိမှု၊ ဗီယက်နမ် Paralampic ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်နေမှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (G to G) သွားရောက်ခွင့်ရရှိရေး၊ လက်ရှိ အားကစားစခန်းထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ထားရှိမှုနှင့် ဝန်ထမ်းလိုအပ်ချက်များ၊ ရေကူးကန်နှင့် ပြေးလမ်းအကြီးစားပြုပြင်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးရာ ဒုတိယဝန်ကြီးက စခန်းဝင်လေ့ကျင့်လျက်ရှိသော မသန်စွမ်းအားကစားသမားများကို အားပေးစကားပြောကြားကာ လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ် လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ သန်လျင်အားကစားရုံ(က)အဆင့် (ပေ ၁၂၀ x ပေ ၉၀) တည်ဆောက်နေမှုကို လည်းကောင်း၊ သန်လျင်သီဟဒီပအားကစားကွင်း အဆင့်မြှင့်တင်ဆောက်လုပ်နိုင်ရေးလုပ်ငန်းခွင်သို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သန်လျင်အားကစားကွင်းအတွင်းရှိ ရေကူးကန်အား ကြမ်းခင်းနှင့် လိုအပ်သည်များပြင်ဆင်ရန် ရေကူးကန်အတွင်း သတ်မှတ်ချက်နှင့်အညီ ရေသန့်စင်မှုကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ကျိုက္ကဆံကွင်းအတွင်းရှိ ဘတ်စကက်ဘောအားကစားရုံ အဆင့်မြှင့်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အားကစားရုံ၊ အမျိုးသား၊ အမျိုးသမီးအိပ်ဆောင်နှင့် စားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယ ပါဂျောင် မဖြစ်စေလိုပြီ

*ထွန်းထွန်း(ခရေရိပ်)*

**ပြီးခဲ့တဲ့တစ်ပတ်က လူမှုကွန်ရက်စာမျက်နှာမှာ တောခိုသွားတဲ့ အနုပညာရှင်တစ်ဦးက တောတွင်းစခန်း (သူတို့အခေါ်တော့ တော်လှန်ရေး နယ်မြေ)တစ်ခုမှာ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ လုံခြုံစွာရှိနေတယ်ဆိုတဲ့အကြောင်းကို တင်လာတာတွေ့ရပါတယ်။ စခန်းမှာ အားလုံးဟာ ဖြူစင်တဲ့မေတ္တာနဲ့သာ ဆက်ဆံကြပြီး ထိကပါးရိကပါး ပြောဆိုတာတောင် မရှိဘူးလို့လည်း ရေးသားထားတဲ့အတွက် တောခိုသွားတဲ့ သားငယ်၊ သမီးငယ်၊ ညီ၊ ညီမ အရွယ်လေးတွေအတွက် စိတ်ပူပန်မှု အနည်းငယ်တော့ လျော့ပါးရပါတယ်။ ဒါပေမယ့် အခြားသတင်းတွေ အရတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဆီ တောခိုသွားတဲ့သူတွေကို နေရာလုံခြုံရေးအတွက် တင်းကျပ်တာတွေ၊ စားရေးသောက်ရေး ခက်ခဲတာတွေ၊ စိတ်ကူးယဉ်ပြီး တောခိုသူတွေ ထင်ထားသလို၊ ရုပ်ရှင်ထဲကလို၊ စာအုပ်ထဲကလို ဖြစ်မလာတဲ့အတွက် ဒုက္ခရောက်ရတာတွေ စတဲ့ သတင်းအချို့လည်း ခိုင်လုံစွာ ကြားသိရတာတွေ ရှိပါတယ်။**

> ❍ ဒီလိုတရားဥပဒေစိုးမိုးမှုမရှိတဲ့ အရပ်ဒေသတွေမှာ ကျောင်းသူလေးတွေဆိုရင် လိင်အကြမ်းဖက်ခံရ၊ အနိုင်ကျင့်ခံရ၊ ညှဉ်းပန်းနှိပ်စက်ခံရပြီး ဘဝတွေပျက်ကြရပါတယ်။ ရင်နာစရာ၊ ရင်နင့်စရာအဖြစ်အပျက်တွေနဲ့ ကြုံကြရပြီး သတ်ဖြတ်ခံရတာရှိသလို အရှက်ကို အသက်နဲ့လဲသွားခဲ့ကြတာတွေလည်း ရှိပါတယ်။ အချို့ဆိုရင် မိဘ ဆွေမျိုးတွေ မျက်နှာမပြရဲတဲ့ ဘဝတွေနဲ့ နောက်ဆုံးမှာ ဇာတ်သိမ်း မလှဖြစ်ခဲ့ရတာတွေက ပုံပြင်မဟုတ် တကယ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်၊ အမှန်တရားတွေပဲ ဖြစ်ပါတယ်

သူတို့တွေကို အကြောင်းမဲ့ စိတ်ပူပန်နေခြင်းတော့ မဟုတ်ပါဘူး။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုမှုတွေ အရေးနိမ့်ပြီးနောက်ပိုင်းမှာ ထောင်ပေါင်းများစွာသော ကျောင်းသားတွေ၊ လူငယ်တွေဟာ ဆူပူဆန္ဒပြမှုတွေကြောင့် ဖမ်းဆီးခံရမှာကို ကြောက်ရွံ့မှု၊ နိုင်ငံရေးသမားတွေရဲ့ တောထုတ်ခြောက်လှန့်ပြောစကားတွေကို နားယောင်မှုနဲ့ နိုင်ငံရေးအတွက် မျှော်လင့်ချက်၊ ယုံကြည်ချက်တွေကြောင့် တောခိုခဲ့ကြပါတယ်။

မတရားမှု၊ အနိုင်အထက်ပြုကျင့်မှု၊ အဂတိလိုက်စားမှုတွေကို တိုက်ဖျက်ဖို့ ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် တည်ထောင်နိုင်ဖို့စတဲ့ ယုံကြည်ချက်တွေ၊ စိတ်ကူးယဉ်အိပ်မက်တွေ တစ်ပုံတစ်ပင်၊ ဦးတည်ချက်၊ ရည်မှန်းချက်တွေနဲ့ မြို့ပြဘဝတွေကို စွန့်လွှတ်၊ မိဘဆွေမျိုး မိသားစုတွေကို စွန့်ခွာပြီး ရည်မှန်းချက်တူရာ လူငယ်တွေစုစည်းလို့ တော်လှန်ရေးလုပ်မယ်ဆိုပြီး တောခိုသွားကြတာ ဖြစ်ပါတယ်။

အဲဒီလို တောခိုကြရာမှာ ရန်ကုန်၊ မန္တလေးနဲ့ ကချင်ပြည်နယ်က ကျောင်းသားအများစုကတော့ မြန်မာနိုင်ငံရဲ့ အရှေ့မြောက်ဘက်စွန်း ဝေးလံသီခေါင်တဲ့ ကချင်ပြည်နယ်နဲ့ တရုတ်ပြည်နယ်စပ် ပန်းဝါ တောင်ကြား၊ ကန်ပိုက်တီးတောင်ကြား၊ ဆဒုံး၊ ဆမား အစရှိတဲ့ နယ်မြေတွေရဲ့ တောင်ဘက်၊ မြန်မာနိုင်ငံဘက်ကသွားရင် ဘိုရွှန်းလို့ခေါ်တဲ့ တောင်ထွတ်ကြီးနဲ့ သွားလာရခက်ခဲတဲ့ ပါဂျောင်လို့ခေါ်တဲ့ ဒေသမှာရှိတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး ABSDF စခန်းကို ရောက်ရှိသွားခဲ့ကြပါတယ်။ တချို့ကတော့ ထိုင်းနယ်စပ်၊ တချို့က အိန္ဒိယနိုင်ငံ နယ်စပ်ရောက်သွားတာတွေလည်း ရှိပါတယ်။

## လူငယ်အချင်းချင်း ညှဉ်းပန်းနှိပ်စက်

ကချင်ပြည်နယ်မှာရှိတဲ့ ပါဂျောင်စခန်းမှာ လူမဆန်တဲ့ ငရဲခန်း တမျှ ကြောက်မက်ဖွယ် စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ ကျောင်းသား လူငယ်အချင်းချင်း ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့တဲ့ ဖြစ်ရပ်တွေ အကြောင်း ရေးဖွဲ့ထားတဲ့ စာအုပ်စာစောင်တွေကို ဖတ်မှတ်ဖူးတဲ့ အတွက် စိုးရိမ်ရခြင်းဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားပြီးနောက်မှာ ကျောင်းသားလူငယ်အချို့ဟာ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲဖို့ ရည်ရွယ်ချက်တွေနဲ့ အချို့ကတော့ ဖမ်းဆီးခံရမှာ ကြောက်တဲ့အတွက် ထွက်ပြေးတိမ်းရှောင်ကြရင်း နီးစပ်ရာ KIA စခန်းတွေကို ရောက်ရှိသွားကြပါတယ်။ နောက်ပိုင်းမှာ KIA နယ်မြေကို တောခိုတဲ့သူများပြားလာတဲ့အတွက် ABSDF တို့၊ အခြားအဖွဲ့တွေနဲ့ ညှိနှိုင်းပြီးတော့ ကချင်ပြည်နယ် ABSDF ဆိုပြီး သီးသန့် အဖွဲ့တစ်ဖွဲ့ အဖြစ် ထားပေးခဲ့ပါတယ်။

အဲဒီအဖွဲ့က ABSDF ဗဟိုနဲ့ ဆက်သွယ်ပြီး မြန်မာတစ်နိုင်ငံလုံးက ကျောင်းသားအခြေခံ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်၊ UG တွေနဲ့ ဆက်သွယ်၊ အချိန်ကြာတာနဲ့အမျှ မြို့ပေါ်က ကျောင်းသားတွေ၊ မြို့အစုံ နယ်အစုံက တဖွဲဖွဲနဲ့ ရောက်လာကြတယ်။ အဲဒီတော့ ABSDF (KS) ဆိုတဲ့ ကချင်ပြည်နယ်တစ်ခုတည်း ကိုယ်စားပြုတာ မဖြစ်သင့်ဘူး။ မြောက်ပိုင်းဆိုတဲ့ နာမည်နဲ့ ABSDF (NB) ပြန်ဖွဲ့မယ်ဆိုပြီး ဖွဲ့စည်းပုံပြန်ဆွဲ၊ ရွေးချယ်ပွဲတွေလုပ်တော့လည်း အရည်အချင်းရှိတဲ့ နိုင်ငံရေးစကားပြောတတ်တဲ့ မြေပေါ်အတွေ့အကြုံရှိတဲ့ မြို့ပေါ်က လူတွေကပဲ ကော်မတီဝင်တွေအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။

တောထဲကို အရင်ရောက်၊ အရင်သေနတ်ကိုင်ပြီး အရင်ခေါင်းဆောင်လုပ်တဲ့သူတွေထဲကတော့ တချို့က ကော်မတီမှာ ရွေးချယ်ခံရပါတယ်။ သူတို့ကိုလည်း ပစ်ပယ်လို့မရတော့ စစ်ရေးကော်မတီမှာ နေရာပေးထားပါတယ်။ စစ်ရေးကော်မတီက ဗဟိုကော်မတီရဲ့ လက်အောက်မှာဆိုတော့ အရင်ရောက်ခဲ့တဲ့သူတွေက လက်အောက်ခံ ဖြစ်နေရတာကို မကျေနပ်ကြတော့ဘူး။ အရင်တုန်းကလို သူတို့ချည်း ခေါင်းဆောင်လုပ်မရတော့တဲ့အတွက် စစ်ရေးခေါင်းဆောင်တွေက နောက်တက်လာတဲ့ ကော်မတီဝင်တွေကို အစိုးရရဲ့ထောက်လှမ်းရေးလို့ အညိုးအတေးကြီးစွာနဲ့ အမှုဆင်ပြီး အာဏာလု၊ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ကြပါတယ်။

အဲဒီမှာ ကျောင်းသားအချင်းချင်း ပြဿနာတွေတက်ကြပါတယ်။ လူ ၃၀၀ လောက်ရှိတဲ့ စခန်းတစ်ခုမှာ လူတစ်ရာကျော်ကို စပိုင်၊ တပ်မတော်ထောက်လှမ်းရေးစသဖြင့် စွပ်စွဲပြီး ဖမ်းဆီးနှိပ်စက်ကြပါတယ်။ ဝန်မခံမချင်း လူမဆန်တဲ့ နှိပ်စက်မှုနဲ့ နှိပ်စက်ကြ၊ သတ်ဖြတ်ကြပါတယ်။

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့မှာ နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ပြီး ပွဲတော်ကြီးတစ်ခုကို ကျင်းပဖို့ ပြင်ဆင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ အဲဒီမှာ အစာအဆိပ်ခပ်ဖို့ အစိုးရသူလျှိုတွေက လုပ်ဖို့ကြံစည်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ယုံကြည်ချက်နဲ့ တောခိုလာတဲ့ ကျောင်းသားတွေထဲက အတူနေ၊ အတူစား လုပ်ဖော်ကိုင်ဖက်ဟောင်း ၁၅ ယောက်ကို တပ်မတော်ရဲ့ ထောက်လှမ်းရေးတွေဆိုပြီး သွေးအေးအေးနဲ့ ဓားနဲ့ ခုတ်သတ်ခဲ့ကြပါတယ်။ နေထူးနေ့မြတ်ဟာ စက်ဆုပ်ဖွယ် သမိုင်းဝင်နေ့တစ်နေ့ ဖြစ်သွားခဲ့ပါတယ်။

## အပြစ်မရှိဘဲ သေဒဏ်ချမှတ်

ကျောင်းသားခေါင်းဆောင် ထွန်းအောင်ကျော်၊ ချိုကြီးတို့အပါအဝင် တစ်နေ့တည်းမှာ ၁၅ ယောက်ကို အဆိပ်လက်နက်နဲ့ လုပ်ကြံသတ်ဖြတ်ဖို့ ဝင်လာကြတယ်ဆိုတဲ့ စွဲချက်နဲ့ အပြစ်မရှိဘဲ သေဒဏ်ချမှတ် ကွပ်မျက်လိုက်တာဖြစ်ပါတယ်။ မသတ်ရသေးဘဲ ကျန်နေတဲ့လူတွေကိုတော့ အကျဉ်းသားတွေအဖြစ် ခြေထောက်နဲ့ လက်တွေမှာ သံကြိုးတွေခတ်ထားကြပြီး စခန်းမှာ အမှိုက်ရှင်း၊ မြက်ပေါက်၊ လမ်းပြင်၊ ကတုတ်ကျင်းပြင်၊ ထင်းထမ်းလုပ်ကြရပါတယ်။ အာဟာရပြတ်လို့ ဖောရောင်နေပြီး အင်အားမရှိ၊ ကျန်းမာရေး မကောင်းပေမယ့် မနားရဲကြဘူး။ နားလိုက်ရင် မြေကျင်းထောင်ထဲမှာ ရာသီဥတု အေးအေးနဲ့ လှုပ်မရတဲ့၊ ထုံတဲ့ရောဂါ ဖြစ်တတ်ကြလို့ ဆိုပါတယ်။

အဲဒီလို လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်နေတဲ့ စခန်းကနေ ထွက်ပြေးဖို့ အခွင့်အလမ်းရှိပါတယ်။ ဒါပေမယ့် လူငယ်တွေဟာ မျှော်လင့်ချက်မဲ့နေပြီး ထွက်ပြေးဖို့ မကြိုးစားကြတော့ပါဘူး။ အကြောင်းကတော့ ထွက်ပြေးလာတဲ့၊ အလင်းဝင်လာတဲ့ ကျောင်းသားတွေကို တပ်မတော် အစိုးရက လက်မခံဘဲ သတ်ပစ်နေတယ်လို့ မဟုတ်မမှန်သတင်းလွှင့်ထားတဲ့အတွက် ထွက်ပြေးပြီး အိမ်ပြန်သွားရင်လည်း သေရမယ့် အတူတူဆိုပြီး မကြိုးစားကြတော့ဘဲ သေရမယ့်နေ့ကို စောင့်နေကြပါတော့တယ်။

အဲဒီဒေသမှာ တော်လှန်ရေးနဲ့ပတ်သက်ပြီး သူတို့ရဲ့ မူဝါဒက တော်လှန်ရေးလုပ်တယ်ဆိုတာ လူသတ်တာ။ ကျွဲတို့၊ ဝက်တို့ သတ်မိရင် ပြန်ပြီး အလျော်ပေးရတယ်။ လူသတ်မိရင် နောက်ထပ် ထပ်သတ်ရုံပဲဆိုတဲ့ စကားဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ အသက်ကို ကြက်ကလေး၊ ငှက်ကလေးသတ်သလို လွယ်လွယ်ကူကူ သတ်ဖြတ်နေတဲ့ အမြော်အမြင်နည်းတဲ့လူတွေရဲ့ ဦးဆောင်မှုမှာ မြန်မာလူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေရဲ့ ဘဝတွေ၊ ယုံကြည်ချက်တွေဟာ ပျောက်ဆုံးခဲ့ကြရပါတယ်။

## ပုံပြင်မဟုတ်တဲ့ တကယ့်အဖြစ်အပျက်

**ဒီလိုတရားဥပဒေစိုးမိုးမှုမရှိတဲ့ အရပ်ဒေသတွေမှာ ကျောင်းသူလေးတွေဆိုရင် လိင်အကြမ်းဖက်ခံရ၊ အနိုင်ကျင့်ခံရ၊ ညှဉ်းပန်းနှိပ်စက်ခံရပြီး ဘဝတွေပျက်ကြရပါတယ်။ ရင်နာစရာ၊ ရင်နင့်စရာအဖြစ်အပျက်တွေနဲ့ ကြုံကြရပြီး သတ်ဖြတ်ခံရတာရှိသလို အရှက်ကို အသက်နဲ့လဲသွားခဲ့ကြတာတွေလည်း ရှိပါတယ်။ အချို့ဆိုရင် မိဘဆွေမျိုးတွေ မျက်နှာမပြရဲတဲ့ ဘဝတွေနဲ့ နောက်ဆုံးမှာ ဇာတ်သိမ်းမလှဖြစ်ခဲ့ရတာတွေက ပုံပြင်မဟုတ် တကယ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်၊ အမှန်တရားတွေပဲဖြစ်ပါတယ်။**

ဒီလို ဖြစ်စဉ်ဖြစ်ရပ်တွေက သမိုင်းမှာ သက်သေရှိခဲ့တော့ တစ်ချိန်မှာ အနာဂတ်ရဲ့ခေါင်းဆောင်ဖြစ်လာကြမယ့် လူငယ်လေးတွေအတွက် ရတက်မအေးခဲ့တာ အမှန်ပါ။ ဖက်ဒရယ်၊ လစ်ဘရယ်စတဲ့ လေထဲမှာ တိုက်အိမ်ဆောက်ပြီး အိပ်မက်အလွဲတွေနဲ့ တစ်ခုပြီးတစ်ခု မှိုင်းတိုက်နေတဲ့ အလိမ်အညာစကားတွေကြောင့် လူငယ်လေးတွေ အသိမဲ့စွာ လိုက်ပါနေကြတာကိုလည်း မျက်မှောက်ကာလမှာ စိုးရိမ်ဖွယ်တွေ့မြင်နေရပါတယ်။

သမိုင်းထဲက အချို့အဖြစ်အပျက်တွေကို သင်ခန်းစာအဖြစ်ရယူပြီး ဒီအမှားမျိုး နောက်တစ်ကြိမ်မမှားရအောင် ကျင့်ကြံနေထိုင်တတ်ဖို့ လိုပါတယ်။ သမိုင်းကို နားမလည်ရင် အမှားဖြစ်ပြီး အ, ရင်တော့ ခံရမှာဖြစ်ပါတယ်။

**ဒါ့ကြောင့် နုနယ်ပြီး အသိမကြွယ်သေးတဲ့အရွယ် လူငယ်လေးတွေကို နိုင်ငံရေး မှိုင်းလုံးတွေကြောင့် ဘဝတွေပျက်စီးနစ်မွန်းသွားမှာကို မလိုလားပါ။ တော်လှန်ရေးနယ်မြေဆိုပြီး မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေ၊ အသက်တွေ၊ အရှက်တွေ အကျိုးမရှိ စတေးခဲ့ရတဲ့ ဒုတိယ ပါဂျောင်လိုတော့ မဖြစ်စေလိုတော့ပြီ။ ကျောင်းသားကျောင်းသူ၊ လူငယ်တွေကို ဒီလို အဖြစ်ဆိုးမျိုးတွေ မကြုံစေချင်ပြီမို့ အချိန်မီ အမှားကိုသိမြင် အမှန်ပြင်ပြီး အိမ်ပြန်ကြပါလို့ တိုက်တွန်းလိုပါတယ်။** ။

**ကိုးကား– ကျွန်တော်သိသော ခေတ်သစ်ဟသ်ာကိုးသောင်းပုံပြင်**

# ရွှေပြည်သာ၊ လှိုင်သာယာမြို့နယ်များတွင် မီးလောင်ဆုံးရှုံးခဲ့သော စက်ရုံ ၂၄ ရုံမှ မော်တော်ယာဉ်များနှင့် စက်ရုံအာမခံကိစ္စရပ်များ ကူညီဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇွန် ၁၉

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များတွင် မတ်လအတွင်း မီးလောင်ဆုံးရှုံးခဲ့သော စက်ရုံများ၏ ပျက်စီးဆုံးရှုံးခဲ့သည့် မော်တော်ယာဉ်များ၊ စက်ရုံအာမခံကိစ္စရပ်များ ကူညီဆောင်ရွက်ပေးရေးအစည်းအဝေးကို ဇွန် ၁၈ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က မီးလောင်ဆုံးရှုံးသွားသည့် စက်ရုံများ၏ကိစ္စနှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီတို့ပူးပေါင်း၍ မကြာခဏဆိုသလို ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံများ အမြန်ဆုံး ပြန်လည်ထူထောင်လည်ပတ်နိုင်ရေးအတွက် ကူညီပေးနိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များက တင်ပြထားသည့် ချေးငွေရရှိရေး၊ အခွန်ကင်းလွတ်ခွင့်ရရှိရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး နိုင်ငံ၏စီးပွားရေးအင်အားနှင့် ချင့်ချိန်၍ ဆောင်ရွက်ပေးနိုင်သည်များကိုလည်း ဝိုင်းဝန်းပူးပေါင်းတိုင်ပင် ဆောင်ရွက်လျက်ရှိကြောင်း၊ မီးလောင်သွားသည့် စက်ရုံများ၏ မော်တော်ယာဉ်များ ပြန်လည်အစားထိုးတင်သွင်းရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းရှင်များဘက်မှ လိုအပ်သည့် တင်ပြစရာများကို မြန်မြန်ဆန်ဆန် တင်ပြပေးစေလိုကြောင်း၊ ထို့အပြင် မီးလောင်ဆုံးရှုံးခဲ့သည့်စက်ရုံများ အာမခံရရှိရေးကိစ္စရပ်များကိုလည်း သက်ဆိုင်ရာ အာမခံကုမ္ပဏီများနှင့် စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ရောက်ရှိနေသည့် အခြေအနေများကို တက်ရောက်လာသူများက အကြံပြုဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) ဦးအောင်သန်းဦးက မီးလောင်ဆုံးရှုံးခဲ့သည့် စက်ရုံများ၏ မော်တော်ယာဉ်များ အမြန်ဆုံးပြန်လည် အစားထိုးတင်သွင်းနိုင်ရေးဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် လုပ်ငန်းများအတွက် အလေးအနက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆုံးရှုံးခဲ့သည့်စက်ရုံများ၏ ဖြစ်စဉ်များသည် မတူညီသည့်အတွက် သီးခြားစီ စဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် စက်ရုံကိုယ်စားလှယ်များက မီးလောင်ဆုံးရှုံးခဲ့သည့်စက်ရုံများ၏ အာမခံရရှိရေးနှင့် မော်တော်ယာဉ်များ အစားထိုးတင်သွင်းခွင့်ရရှိရေး လုပ်ဆောင်ရမည့်အချက်များကိုမေးမြန်းကြရာ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် မတ်လအတွင်း စက်ရုံပေါင်း ၂၄ ရုံ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာပေးသင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ သံဖြူဇရပ်မြို့နယ် နှစ်ကိုင်းကျေးရွာအုပ်စု နှစ်ကိုင်းကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာပေး အခြေခံအပ်ချုပ်သင်တန်းကို မေ ၁၇ ရက်မှ ဇွန် ၁၆ ရက်အထိ ရက်ပေါင်း ၃၀ ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းအား နှစ်ကိုင်းကျေးရွာ၊ ဝက်လေးကျေးရွာနှင့် မြမာလာကျေးရွာမှ သင်တန်းသူ ၂၀ တက်ရောက်သင်ယူသည်။

ဇွန် ၁၆ ရက်က သင်တန်းဆင်းပွဲကျင်းပရာ အဆိုပါအခမ်းအနားသို့ မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ သံဖြူဇရပ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်၊ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ကျေးလက်မှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တက်ရောက်ပြီး ခရိုင်ဦးစီးမှူးက သင်တန်းဆင်းအမှာစကားပြောကြားကာ ဆုရရှိသော သင်တန်းသူများအား ဆုချီးမြှင့်ကြောင်း သိရသည်။

**ဟန်မင်း**

## ဟိုပန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိစေရန်အတွက် မြို့ဝင်စစ်ဆေးရေးဂိတ်တွင် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်


**ဟိုပန် ဇွန် ၁၉**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိစေရန်အတွက် ယနေ့ နံနက် ၁၀ နာရီက ဟိုပန်မြို့ဝင်လမ်းဆုံ ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ လူဝင်လူထွက်စာရင်းများ ကောက်ယူခြင်းနှင့် မော်တော်ယာဉ်များအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းတို့ကို 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်၊ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၏ ညွှန်ကြားမှု၊ ခရိုင်/မြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီတို့၏ ကြီးကြပ်မှုတို့ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဟိုပန်မြို့နယ် ကြက်ခြေနီအသင်းရှိ လူငယ်များက ဆောင်ရွက်ခဲ့သည်။

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့ဝင် စစ်ဆေးရေးဂိတ်တွင် တာဝန်ကျ ဌာနဆိုင်ရာများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ မြို့အဝင်၊ အထွက်များအား စနစ်တကျ စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ခရိုင် (ပြန်/ဆက်)**





# ရာသီမရွေးသွားလာနိုင်သည့် လမ်းတံတားများကြောင့် မြို့ပြနှင့် ကျေးလက်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာသည့် ကရင်ပြည်နယ်

**ချမ်းမြေ့မောင်**

ကရင်ပြည်နယ်သည် တောင်ကုန်းတောင်တန်းပေါ်များ၍ မြေပြန့်လွင်ပြင်နည်းပါးပြီး သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ဘားအံမြို့နယ်တွင် ကမ္ဘာကျော်ဇွဲကပင်တောင်ကြီးရှိသည့်အပြင် ပြည်နယ်အတွင်း ဒေါနတောင်တန်းကြီးတည်ရှိသဖြင့် တောင်တန်းများ၏ သဘာဝအလှအပကို ခံစားနိုင်ရန် ခရီးသွားတို့ စိတ်ဝင်တစား လာရောက်လည်ပတ်လေ့ရှိသည့် ပြည်နယ် တစ်ခုဖြစ်သည်။

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ၁၁၇၃၀ ဒသမ ၈၅၁ စတုရန်းမိုင် ကျယ်ဝန်း၍ ပြည်နယ်အတွင်း ဘားအံ၊ ကော့ကရိတ်၊ မြဝတီနှင့် ဖာပွန် ဟူ၍ ခရိုင် ၄ ခရိုင်၊ မြို့နယ် ၇ မြို့နယ်၊ မြို့ ၁၁ မြို့၊ ရပ်ကွက် ၈၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇၆ အုပ်စု၊ ကျေးရွာ ၂၀၉၇ ရွာနှင့် လူဦးရေ ၁၆၈၈၆၅၃ (တစ်ဆယ့်ခြောက်သိန်းကျော်) ရှိသည့်အနက် ကျေးလက်နေလူဦးရေမှာ ၁၄၂၇၄၃၀ ရှိသည်။

မြစ်ချောင်းများပေါများပြီး ၎င်းတို့အနက် သောင်ရင်းမြစ်သည် မြဝတီမြို့အနီးမှ ဖြတ်သန်း၍ တောင်မှမြောက်သို့ စီးဆင်းလျက်ရှိသည်။ ထို့အတူ ဂျိုင်းမြစ်မှာလည်း အရှေ့မှအနောက်သို့ စီးဆင်း၍ သံလွင်မြစ်နှင့် ပေါင်းဆုံသွားသည်။ ဂျိုင်း၊ အတ္တရံ၊ သောင်ရင်း စသည့်ဒေသတွင်းမှ မြစ်တို့မှာ ရေချိုမြစ်များဖြစ်၍ စိုက်ပျိုးရေးနှင့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်သည်။

### လမ်းတံတားများ တည်ဆောက်

ကရင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ၇၀ ရာခိုင်နှုန်းကျော်သော ကျေးလက်ပြည်သူများ၏ ကျေးလက်နှင့် မြို့ပြကွာဟမှု နည်းနိုင်သမျှ နည်းစေရန် လမ်းတံတားများ တည်ဆောက်ဖောက်လုပ်ပေး၍ ကျေးလက်ပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားတိုးတက်ရေးတို့ကို မြှင့်တင်ပေးနိုင်ရန် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် နိုင်ငံတော်အစိုးရက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအား ဖွဲ့စည်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။



ကရင်ပြည်နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားတစ်စင်းကို တွေ့ရစဉ်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ကရင်ပြည်နယ်ရှိ ယခင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD) ထံမှ ကျေးရွာ ၁၂၇၅ ရွာနှင့် ကွန်ကရစ်လမ်း ၁၈/၆ မိုင်၊ ကတ္တရာလမ်း ၈၄/၁ မိုင်၊ ကျောက်လမ်း ၁၅၅/၄ မိုင်၊ ဂဝံမြေနီလမ်း ၁၁၆/၀ မိုင်၊ မြေသားအမာခံလမ်း ၈၁၃/၇ မိုင် စုစုပေါင်းလမ်းမိုင် ၁၁၈၈/၂ မိုင်နှင့် ကွန်ကရစ်တံတား ၃၂၆ စင်း၊ မြောင်းကူးတံတား ၅၂၂ စင်း တို့ကို လွှဲပြောင်းယူခဲ့သည်။

ထိုသို့လွှဲပြောင်းရယူပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကွန်ကရစ်လမ်း ၅၇/၄ ဒသမ ၅ မိုင်၊ ကတ္တရာလမ်း ၇၅/၆ ဒသမ ၃ မိုင်၊ ကျောက်ချောလမ်း



ကရင်ပြည်နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားတစ်စင်းကို တွေ့ရစဉ်။

**“၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကွန်ကရစ်လမ်း ၅၇/၄ ဒသမ ၅ မိုင်၊ ကတ္တရာလမ်း ၇၅/၆ ဒသမ ၃ မိုင်၊ ကျောက်ချောလမ်း ၂၁/၃ မိုင်နှင့် မြေသားအမာခံလမ်း ၄၁/၃ ဒသမ ၉၇ မိုင်နှင့် ကွန်ကရစ်တံတား ၆၉ စင်း၊ အရှည်ပေ ၂၉၅၅ ပေနှင့် မြောင်းကူးတံတား ၆၅ စင်း၊ အရှည်ပေ ၃၂၅ ပေကို တည်ဆောက်ပေးနိုင်ခဲ့”**

၂၁/၃ မိုင်နှင့် မြေသားအမာခံလမ်း ၄၁/၃ ဒသမ ၉၇ မိုင်နှင့် ကွန်ကရစ်တံတား ၆၉ စင်း၊ အရှည်ပေ ၂၉၅၅ ပေနှင့် မြောင်းကူးတံတား ၆၅ စင်း၊ အရှည်ပေ ၃၂၅ ပေကို တည်ဆောက်ပေးနိုင်ခဲ့သည်။

### အဆင့်မြှင့်တင်ဆောင်ရွက်

အလားတူ ကျေးလက်နေပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူမြန်ဆန်စေရန် ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း ၄၆/၄ မိုင်၊ ကတ္တရာလမ်း ၃၁/၅ ဒသမ ၅ မိုင်၊ ကတ္တရာထပ်ပိုးလွှာ ၁/၀ မိုင်၊ ကျောက်လမ်း ၁၀/၂ မိုင်၊ မြေသားအမာခံ ၁၅/၇ ဒသမ ၃၂ မိုင်၊ ကွန်ကရစ်တံတား ၃၈ စင်းနှင့် မြောင်းကူးတံတား ၁၈ စင်း တို့ကို ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နေလျက်ရှိရာ ယခုအခါ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဘားအံမှ သာမညတောင်သို့ တိုက်ရိုက်သွားလာနိုင်သည့် ဘားအံမြို့နယ် မဲဘောင် – နောင်ပလိန်– မိသရောင် – ဝင်းစိန်လမ်းအား ယခင်မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် ၁၉/၅ မိုင် ဆောင်ရွက် အကောင်အထည်ဖော်နိုင်ခဲ့ပြီး အကျိုးပြုကျေးရွာ ၂၀ ၊ အိမ်ခြေ ၁၆၁၃ အိမ်၊ လူဦးရေ ၁၃၂၈၀ က အသုံးပြုလျက်ရှိသည်။

### ဈေးကွက်သို့ အချိန်မီပို့ဆောင်

ထို့ပြင် ဘားအံမြို့နယ် ထုံးအိုင် –မိန်းမလှကျွန်း– တောင်သူကုန်း – ခြံကလေးလမ်းကို နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာ လမ်းမိုင် ၁၃/၂ မိုင်ရှိသည့်အနက် ၇/၁ မိုင်အား ကွန်ကရစ်ခင်းခြင်းနှင့် အရှည်ပေ ၃၆၀ ရှိ သံကူကွန်ကရစ်တံတားအသစ်တို့ကို တည်ဆောက်ပေးနိုင်ခဲ့၍ ဒေသခံပြည်သူများအနေဖြင့် အဆိုပါလမ်းကို အသုံးပြုကာ ရာသီမရွေး ဒေသထွက်ကုန်သီးနှံများကို ဈေးကွက်သို့ အချိန်မီပို့ဆောင်နိုင်ပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၏ ၂၀၀၅ ခုနှစ် အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (IHLCA Survey) အရ ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်း ၃၂ ဒသမ ၁ ရာခိုင်နှုန်းရှိနေခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၂၅ ဒသမ ၆ ရာခိုင်နှုန်းသို့ လျော့ကျလာသော်လည်း ဆင်းရဲနွမ်းပါးမှုအများဆုံး ခံစားရသည့်

*စာမျက်နှာ ၁၁ သို့*

# မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၌ အဋ္ဌမအကြိမ် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ဒသမ)စုံညီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၌ အဋ္ဌမအကြိမ် မန္တလေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့(ဒသမ) စုံညီအစည်းအဝေးကို ယမန်နေ့က အဆိုပါကျောင်းတိုက်ရှိ သာသန-နယူပဒေသကျောင်း(အလယ်တိုက်ကြီး)၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မစိုးရိမ်ကျောင်းတိုက်၊ ပါဠိ-နယူပဒေသကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ချမ်းအေးသာစံမြို့နယ် မိုးကောင်းတိုက် ရတနာသိဂ်ီဒိုက်ဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသက အစည်းအဝေးသို့ တက်ရောက်လာကြသော ဆရာတော်ကြီးများ၏ ဘွဲ့အမည်များကို ဖတ်ကြားကာ သံဃာတော်များနှင့် တက်ရောက်လာကြသူများက သာသနသဿစလောကဿ နှစ်ဂါထာကို မြွက်ကြားကာ အစည်းအဝေးကို ဖွင့်လှစ်သည်။



ထို့နောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အဖွင့်သာရဏီယဩဝါဒကထာမြွက်ကြားကာ ဆရာတော်တစ်ပါးက အဋ္ဌမအကြိမ် တိုင်းဒေသကြီး သံဃနာယကအဖွဲ့(သတ္တမ) စုံညီအစည်းအဝေး ဆုံးဖြတ်ချက် နှစ်ရပ်၏ ဆောင်ရွက်ထားရှိမှုများကို တင်ပြလျှောက်ထားခြင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများကို လျှောက်ထားခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ပေးပို့သည့် ညွှန်ကြားစာများနှင့် အဋ္ဌမအကြိမ် တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ကောဒသမ) စုံညီ အစည်းအဝေးကျင်းပမည့်ရက်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများအား သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သိရသည်။

သတင်းစဉ်

# ချောင်းဆုံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**ချောင်းဆုံ ဇွန်၁၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ဇွန် ၁၇ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလွင်က ကိုဗစ် - ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ဌာနဆိုင်ရာများ၊ လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့ များ နှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းမှု အားကောင်းခြင်းကြောင့် ယခင်ပြီးခဲ့သည့် ပထမကြိမ်၊ ဒုတိယကြိမ် ရောဂါကူးစက် ပျံ့နှံ့မှုတွင် မိမိတို့ မြို့နယ်အနေဖြင့် အဆင်ပြေစွာ ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ ယခုလည်း ယခင်က အတိုင်းပြန်လည်ပူးပေါင်းစေလိုကြောင်း၊ ယခုတတိယ အကြိမ်ဖြစ်ပေါ်သည့် ရောဂါကူးစက်သည့် လက္ခဏာမှာ ယခင်ကနှင့် မတူဘဲ မျိုးဗီဇကွဲပြားသော လက္ခဏာတွေ့ရှိခြင်းကြောင့် အထူးဂရုစိုက်ရန်လိုကြောင်း အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သူဇာဝင်းက ကိုဗစ်-၁၉ရောဂါကူးစက်မှုသည် ယခင်ကထက်ပိုမိုမြန်ခြင်းကြောင့် ကိုဗစ်- ၁၉ရောဂါနှင့် ပတ်သက်သည့် အသိပေးနှိုးဆော်ချက်၊ စည်းမျဉ်း၊ စည်းကမ်းအတိုင်း နေထိုင်သွားရန်နှင့် မြို့နယ်ဆေးရုံတွင် ကိုဗစ်လူနာထားရှိရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေနှင့် လိုအပ်သည့် အောက်ဆီဂျင်၊ ကာကွယ်ရေးပစ္စည်းများနှင့် အရေးပေါ်ဆေးစစ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများကို ထပ်မံ၍ သင်တန်းပေးထားပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် လူမှုကယ်ဆယ်ရေးအသင်း အဖွဲ့ဝင်များ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မလှိုင်မြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**မလှိုင် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်မှ ထမ္မကြီးကျေးရွာအုပ်စု၊ ဖက်ကုန်းကျေးရွာအုပ်စု၊ အိမ်ကြီးတောကျေးရွာအုပ်စုများသို့ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မိတ္ထီလာခရိုင်လဝကဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးဇော်ဝင်းမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများ ဇွန် ၁၈ ရက်က ထမ္မကြီးကျေးရွာသို့ ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိုင်ငံသားတစ်ဦးအနေဖြင့် ရရှိမည့်အကျိုးခံစားခွင့်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်လဝကဦးစီးမှူး ဦးငွေဝင်းက ပန်းခင်း စီမံချက်အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

မလှိုင်မြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို လူဦးရေ ၄၈၅ဦးအား ဆောင်ရွက်ပေးထားကြောင်း သိရသည်။

အောင်ငွေး(ပြန်/ဆက်)

# ပုဏ္ဏားကျွန်း၌ အလူမီနီယံသုံး ပရိဘောဂပြုလုပ်နည်း သင်တန်းဖွင့်

**ပုဏ္ဏားကျွန်း ဇွန် ၁၉**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အလူမီနီယံသုံး ပရိဘောဂပြုလုပ်နည်း သင်တန်း ဖွင့်လှစ်ပို့ချသင်ကြားပေးလျက်ရှိကြောင်း မြို့နယ် ကျေးလက်ဦးစီးမှူး ဦးကျော်သန့်ဇင် (လက်ထောက် ညွှန်ကြားရေးမှူး) နည်းပညာထံမှ သိရသည်။



အဆိုပါသင်တန်းကို ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာတွင် ပုဏ္ဏားကျွန်းမြို့မှ ဒေသခံကျွမ်းကျင်ဆရာ နှစ်ဦးက ရက်သတ္တသုံးပတ်ကြာ စာတွေ့ လက်တွေ့ သင်ကြားလျက်ရှိကာ ယင်းသင်တန်းသို့ ယိုးတရုတ်တိုက်နယ်မှ ကျေးရွာအုပ်စု သုံးစုရှိ ကျေးရွာငါးရွာက သင်တန်းသား ၂၀ တက်ရောက် သင်ကြားလျက်ရှိသည်။

ထိုသင်တန်း၌ သင်တန်းပြီးမြောက်ပါက သင်တန်းသားများအနေဖြင့် မိမိတို့ တတ်မြောက်ရရှိသော အတတ်ပညာကို မည်သည့်နေရာ ဒေသ၌မဆို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစု စားဝတ်နေရေးတို့ပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်လှဖြူ

# မံစီမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**မံစီ ဇွန် ၁၉**

ကချင်ပြည်နယ် မံစီမြို့နယ်၌ ပြည်သူများအား ဥပဒေနှင့်အညီ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မံစီမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ဇွန် ၁၈ ရက်က မံစီမြို့ ဂျိန်းဖော့မြေရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ စီမံချက်ကို ဇွန် ၁၇ ရက်က စတင်ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့ပေါ်ရပ်ကွက်များ၌ ဇွန် ၂၈ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာများကို ဇူလိုင်လအတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

မြို့နယ်
(ပြန်/ဆက်)

**မင်္ဂလာ ၃၈ ပါး**

## ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ပူဇာစ ပူဇနေယျာနံ

### ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည်မင်္ဂလာမည်၏

**ကျော်ကျော်လှိုင်**

ပူဇော်ထိုက်သူကို ပူဇော်ခြင်းနှင့် ပတ်သက်လျှင် မြန်မာတို့၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ ဓလေ့အရ အနန္တော အနန္တငါးပါးသည် ထိပ်ဆုံးက လာပါသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကို ပူဇော်ရမည်ဆိုသည့် အသိက မြန်မာလူမျိုးတွေ၏ ရင်တွင်းမှာ ရှိရင်းစွဲဖြစ်ပါသည်။ အမြဲတမ်းလိုလို မပျက်မကွက် ဆည်းကပ်ပူဇော်တာကိုလည်း ကျွန်တော်တို့ တွေ့နေကြရပါသည်။

ပစ္စည်းနှင့် ပူဇော်ခြင်းက ကျွန်တော်တို့ လုပ်လေ့လုပ်ထရှိသည့် အကျင့်ဖြစ်ပါသည်။ ပစ္စည်းမပါဘဲလည်း ကျွန်တော်တို့ ပူဇော်၍ ရပါသည်။ ဥပမာပေးရလျှင် ဓမ္မစကြာ၊ ပဋ္ဌာန်းရွတ်ဖတ်၍ ဘုရားတရားကို ပူဇော်နိုင်ပါသည်။ သံဃာ၊ မိဘ၊ ဆရာသမားများကို ဝေယျာဝစ္စ လုပ်ပေးခြင်းသည်လည်း ပူဇော်ခြင်း ဖြစ်ပါသည်။ မိဘကို ခြေဆုပ်လက်နယ်ပြုခြင်း၊ မိဘကို လိုလေသေးမရှိ ဂရုစိုက်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားခြင်းသည်လည်း ပူဇော်ခြင်း ဖြစ်ပါသည်။ ဆရာ၏ ဝေယျာဝစ္စကို လုပ်ပေးခြင်း၊ ဆရာလာသည့်အခါ ဆီးကြိုခြင်း၊ နေရာထိုင်ခင်း ပေးခြင်းသည်လည်း ပူဇော်ခြင်းဖြစ်ပါသည်။ မိဘနှင့် ဆရာ၏ ဝေယျာဝစ္စကို အမြဲ လုပ်ပေးနေခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ခြင်းဖြစ်ပါသည်။

မိဘနှင့်ဆရာကလည်း ပူဇော်ခံထိုက်သူများဖြစ်အောင် ကျင့်ကြံနေထိုင်ရန်လည်း လိုပါသည်။ တစ်ချိန်က တချို့မိဘများက သားသမီးများရှေ့တွင် "မည်သူ့အပေါ်မှာ ဘယ်လို ခေါင်းပုံဖြတ်ပြီး ငွေရအောင် လုပ်ခဲ့တယ်။ လူကြီးဆီမှာ အခွင့်အရေးတွေ တောင်းခဲ့လို့ မြေကြီးတွေရခဲ့တယ်၊ ငါနှင့် စီးပွားပြိုင်ဘက်ကို ဘယ်လို ဒုက္ခရောက်အောင် လုပ်လိုက်တယ်" စသည်ဖြင့် မြိန်ရေယှက်ရေ ပြောသည်ကို သတိထားမိပါသည်။ သည်အခါမှာ မြင်ရ၊ ကြားရသည့် သားသမီးများက အတုမြင် အတတ်သင်ပြီး ကိုယ်ကျင့်တရား အားနည်းသူတွေ ဖြစ်လာနိုင်ပါသည်။ မိမိသားသမီးက စာဖတ်သည့်ကလေး၊ တွေးနိုင်သည့်ကလေး၊ စဉ်းစားဉာဏ်ရှိသည့် ကလေးဖြစ်ခဲ့လျှင် မိဘများ ကျင့်ဝတ်တွေ ဖောက်ဖျက်သည်ကို မြင်ရသည့်အခါ မိဘများအပေါ်တွင် အကြည်ညိုလျော့နိုင်ပါသည်။ တစ်ဖက်ကလည်း မင်္ဂလာတရားတော်အရ မိဘဆိုသည်မှာ ပူဇော်ရသည့်ဂိုဏ်းထဲမှာ ပါနေသူဖြစ်သည့်အတွက် ကလေးတွင် စိတ်ဖိစီးမှုများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် မိဘနှင့် ဆရာကလည်း ပူဇော်ထိုက်သူများဖြစ်အောင် မိမိကိုယ် မိမိကျင့်ကြံနေထိုင်ဖို့ အရေးကြီးပါသည်။

မိဘနှင့် ဆရာတွေကလည်း သားသမီး၊ တပည့်တွေက လေးစားချစ်ခင်အောင်၊ ကိုယ်က တရားကောင်းအောင် ကျင့်ကြံနေထိုင်မည်ဆိုလျှင် မိဘနှင့် ဆရာများလည်း အကျင့်သီလနှင့် ပြည့်စုံသူတွေ ဖြစ်လာပြီး သားသမီးများ၊ တပည့်များလည်း အကျင့်သီလနှင့် ပြည့်စုံသူတွေ ဖြစ်လာပါမည်။ သားသမီးများ၊ တပည့်များ၏ စိတ်ထဲမှ ကြည်ညိုသဒ္ဓါပွားပြီး မိဘ၊ ဆရာကို ပူဇော်မှုလည်း မင်္ဂလာတရားတော်နှင့် ညီပါမည်။

ကျွန်တော်တို့ မြန်မာလူမျိုးများ၏ ကျင့်ဝတ်၊ ယဉ်ကျေးမှုများသည် အလွန်ကောင်းပါသည်။ အနည်းဆုံး သီတင်းကျွတ်တွင် တစ်ကြိမ်တော့ မိဘနှင့် သက်ကြီးဝါကြီးများကို ကန်တော့ကြပါသည်။ တစ်ကြိမ်မကလည်း ကျွန်တော်တို့ ကန်တော့ကြပါသည်။ ဆရာကန်တော့ပွဲများ လုပ်ကြပါသည်။ တစ်ခါတစ်ရံ ကန်တော့သူများက အသက်ခြောက်ဆယ်ကျော်၊ ကန်တော့ခံ ဆရာ၊ ဆရာမများက အသက်ရှစ်ဆယ်ကျော် အလွန်ကြည်နူးစရာ ကောင်းပါသည်။ ဆရာများကလည်း ဆရာ့ဂုဏ်နှင့်အညီ ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် လိုပါသည်။ ဆရာလုပ်သူက တပည့်များနှင့် အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်း၊ ကိုယ်ကျင့်တရားပျက်ခြင်း စသည်တို့ မဖြစ်အောင် ထိန်းသိမ်းရပါမည်။ သို့မှသာ ပူဇော်ထိုက်သူများ ဖြစ်ပါမည်။

> ○ **ဓမ္မစကြာ၊ ပဋ္ဌာန်းရွတ်ဖတ်၍ ဘုရားတရားကို ပူဇော်နိုင်ပါသည်။ သံဃာ၊ မိဘ၊ ဆရာသမားများကို ဝေယျာဝစ္စ လုပ်ပေးခြင်းသည်လည်း ပူဇော်ခြင်း ဖြစ်ပါသည်။ မိဘကို ခြေဆုပ်လက်နယ်ပြုခြင်း၊ မိဘကို လိုလေသေးမရှိ ဂရုစိုက်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားခြင်းသည်လည်း ပူဇော်ခြင်းဖြစ်ပါသည်။ ဆရာ၏ ဝေယျာဝစ္စကို လုပ်ပေးခြင်း၊ ဆရာလာသည့်အခါ ဆီးကြိုခြင်း၊ နေရာထိုင်ခင်းပေးခြင်းသည်လည်း ပူဇော်ခြင်း ဖြစ်ပါသည်။ မိဘနှင့် ဆရာ၏ ဝေယျာဝစ္စကိုအမြဲ လုပ်ပေးနေခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ခြင်းဖြစ်**

ဆရာဟု ဆိုရသော်လည်း မြန်မာနိုင်ငံ၏ ပညာရေးဌာနတွင် ဆရာမနှင့် ဆရာအချိုးမှာ လွန်စွာကွာဟနေပါသည်။ ဆရာမများက ဆရာ ဆရာမ ဦးရေ၏ ၉၅ ရာခိုင်နှုန်းခန့် ရှိနေပါသည်။ ဆရာမ ဦးရေများသည့်အတွက် ကလေးများသည် ဆရာများ၏ အတွေးအခေါ်ကိုရရန် ခက်ခဲသွားပါသည်။ အမျိုးသားနှင့် အမျိုးသမီး၏ ဦးနှောက်ဖွဲ့စည်းပုံသည် မတူပါ။ လေ့လာတွေ့ရှိချက်များအရ အမျိုးသားများ၏ ဦးနှောက်သည် သင်္ချာ စွမ်းရည်ကောင်းပြီး အမျိုးသမီးများ၏ ဦးနှောက်သည် ဘာသာရပ်စွမ်းရည် ကောင်းသည်ကို တွေ့ရပါသည်။ အမျိုးသမီးများ၏ ဦးနှောက်သည် ခံစားမှုကို ဦးစားပေးပြီး အမျိုးသားများ၏ ဦးနှောက်သည် အဖြေရရန်ကို ဦးစားပေးပါသည်။ စိတ်ဖိစီးမှုကို အမျိုးသမီးများက ပိုမိုခံနိုင်ရည်ရှိပါသည်။ ကလေးများသည် ဆရာနှင့် ဆရာမများ၏ အတွေးအခေါ်ကို အချိုးညီညီ သင်ကြားခွင့်ရမှသာ ဘက်စုံဖွံ့ဖြိုးသော လူငယ်များဖြစ်ရန် သေချာပါသည်။ အမျိုးသားဆရာများ ပညာရေးလောကသို့ ပိုမိုဝင်လာရန် လခကို ထိုက်ထိုက်တန်တန် တိုးပေးရန် အစိုးရတွင် တာဝန်ရှိပါသည်။ ရေရှည်စီမံကိန်းချ၍ ဆောင်ရွက်သင့်ပါသည်။

**"အလုပ်ရှင်ကို မိမိကျေးဇူးရှင်၊ ပူဇော်ထိုက်သူအဖြစ် ပူဇော်ခြင်းသည် မင်္ဂလာတရားတော်နှင့် ညီပါသည်။**

**အောင်မြင်ခြင်းကို အထောက်အကူပြုပါမည် ..."**

**ပူဇော်ထိုက်သူ ငါးမျိုး**

အနန္တော အနန္တငါးပါးအပြင် ပူဇော်သင့်သူ ပူဇော်ထိုက်သူ ငါးမျိုးကို ရှင်းပြလိုပါသည်။ ပထမအမျိုးအစား- မိမိအပေါ် ကျေးဇူးရှိသူ ဖြစ်ပါသည်။ မိမိအပေါ် ကျေးဇူးရှိသူကို ကျေးဇူးတင်ရုံနှင့် မလုံလောက်ပါ။ မိမိအပေါ် ကျေးဇူးရှိသူက ပူဇော်ထိုက်သူ ဖြစ်ပါသည်။ နမူနာပြောရလျှင် မိမိ ကျန်းမာရေးကို စောင့်ရှောက်ပေးသည့် ဆရာဝန်များ၊ ငယ်စဉ်ကတည်းက မိဘကိုယ်စား မိမိကို ပြုစုစောင့်ရှောက်ခဲ့သည့် ဦးလေး၊ အဒေါ်များ၊ မိမိဒုက္ခရောက်သည့် အချိန် ကူညီခဲ့သူများ ... စသည်တို့သည် ကျေးဇူးရှင်များဖြစ်ပြီး ပူဇော်ထိုက်သူများဖြစ်ပါသည်။ ဒုတိယအမျိုးအစား- အများကောင်းကျိုးကို ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေကိုလည်း ကျွန်တော်တို့ ပူဇော်ရပါမည်။ ဥပမာပေးရလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးအတွက် အသက်ပေးပြီး တိုက်ပွဲဝင်ခဲ့ကြသူများ ဖြစ်ပါသည်။ လွတ်လပ်ရေး အရသာကိုပင် သိခွင့်မရလိုက်ဘဲ အကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများကို အာဇာနည်နေ့ရောက်တိုင်း သတိရအောက်မေ့ကြပါသည်။ ပူဇော်မှုတွေလည်း ကျွန်တော်တို့ လုပ်သင့်ပါသည်။

တတိယအမျိုးအစား- အကျင့်သီလ၊ သမာဓိနှင့် ပြည့်စုံသူတွေ ဖြစ်ပါသည်။ အကျင့်သီလ၊ သမာဓိနှင့် ပြည့်စုံသူများသည် လူ့လောကကို ကောင်းကျိုးပေးသူများ၊ အကျင့်သီလ၊ သမာဓိနှင့် ပြည့်စုံသူများသည် လူနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်အောင် မလုပ်သူများဖြစ်၍ လူ့လောကကို ကောင်းကျိုးပြုသူများဟု ဆိုခြင်း ဖြစ်ပါသည်။ လူ့လောကကို ကောင်းကျိုးပြုသူများဖြစ်၍ ပူဇော်ထိုက်သူများ ဖြစ်ပါသည်။ စတုတ္ထအမျိုးအစား- မိမိထက် အသက်အားဖြင့်ကြီးသူ၊ ဂုဏ်အားဖြင့် ကြီးသူတွေကိုလည်း ကျွန်တော်တို့ ပူဇော်သင့်ပါသည်။ ယခုလည်း ရပ်ကွက်၊ မြို့ရွာများတွင် သက်ကြီးပူဇော်ပွဲများ လုပ်နေသည်ကို တွေ့ရှိရပါသည်။ အစိုးရကလည်း ဦးစီးပြီး အသက် ၉၀၊ အသက် ၁၀၀ ကျော်သူများကို ပူဇော်ပွဲတွေ မကြာခဏပြုလုပ်ပေးနေပါသည်။ အလေ့အကျင့်ကောင်းများကို ကျွန်တော်တို့ ထိန်းသိမ်းရပါမည်။

ဂုဏ်အားဖြင့်ကြီးသူက အလုပ်ထဲမှာ ကိုယ့်ထက် ရာထူးကြီးသူ၊ အလုပ်တာဝန်ကြီးသူများ ဖြစ်ပါသည်။ မိမိထက် ဂုဏ်အားဖြင့်ကြီးသူ၊ ရာထူးကြီးသူများကလည်း ပူဇော်ထိုက်သည့် အရည်အသွေးနှင့် ပြည့်စုံအောင် ပြုမူနေထိုင်ရန် လိုပါသည်။ ။ ပဉ္စမအမျိုးအစား- မိမိကို ထမင်းကျွေးနေသည့် အလုပ်ရှင်သည်လည်း ပူဇော်ထိုက်သူ ဖြစ်ပါသည်။ မိမိရဲ့ အလုပ်ရှင်ကြောင့် မိမိမှာအလုပ်ရှိနေသည်ကို အမြဲသတိထား နှလုံးသွင်းရမည် ဖြစ်ပါသည်။ မိမိ၏ အလုပ်ရှင်ကြောင့် မိမိ လခကြေးငွေရပါသည်။ စားဝတ်နေရေး အဆင်ပြေပါသည်။ အလုပ်ရှင်ကို မိမိကျေးဇူးရှင်၊ ပူဇော်ထိုက်သူအဖြစ် ပူဇော်ခြင်းသည် မင်္ဂလာတရားတော်နှင့်ညီပါသည်။ အောင်မြင်ခြင်းကို အထောက်အကူပြုပါမည်။

**တစ်လုတ်စားဖူး သူ့ကျေးဇူး**

ရာဇဝင်တွင် ထင်ရှားခဲ့သည့် "တစ်လုတ်စားဖူး သူ့ကျေးဇူး" ဆိုသည့် အကြောင်းအရာသည် အလွန်မှတ်သားအတုယူစရာ ကောင်းသည်။

ငါးစီးရှင်ကျော်စွာ ပင်လယ်ကိုစားသောအခါ ညီဖြစ်သူ စစ်ကိုင်းမင်း အသင်္ခယာ စောယွမ်းကို လုပ်ကြံရန် ခင်ညိုဟူသော ကျွန်ကို လွှတ်လိုက်ပါသည်။ ခင်ညိုသည် စစ်ကိုင်းသို့ ကြည့်၍ အရိပ်အခြေကြည့်သော် မလုပ်ကြံသာသောကြောင့် တောတွင် သုံးရက် ပုန်းအောင်းနေသည်။ အခါအခွင့်သင့်သောအခါ လုပ်ကြံမည်ဟု နန်းတော်သို့ တက်ရာ နန်းတော်တွင် နတ်တင်ထားသော ထမင်းကို တွေ့သည်။ သုံးရက်တိုင် ထမင်းမစားခဲ့ရသော ခင်ညိုသည် ထိုထမင်းကို အားရစွာ စားပြီး အသင်္ခယာ စောယွမ်းကို လုပ်ကြံရန် စောယွမ်း၏ ဦးခေါင်းတွင် ရပ်သည်။ ထိုတွင် ခင်ညိုသည် "ဤ အသင်္ခယာ စောယွမ်းကား ငါ၏ ထမင်းရှင်ဖြစ်၍ ပြစ်မှားမိချေက သံသရာအပြစ် အလွန် ကြီးမည်" ဟု စဉ်းစားမိ၍ မလုပ်ကြံတော့ဘဲ အသင်္ခယာစောယွမ်းထံ ရောက်ရှိကြောင်း သက်သေပြရန် အရှင်သခင်ကျော်စွာက စောယွမ်းအားပေးထားသော ကျောက်စီဓားကိုယူ၍ ပြန်လာခဲ့သည်။ ငါးစီးရှင်လည်း ခင်ညို၏ အစီရင်ခံ လျှောက်ထားချက်ကို အားရကျေနပ်သဖြင့် အမျက်ထွက်ခြင်းမရှိဘဲ "တစ်လုတ်စားဖူးသော ထမင်းကို ဤမျှကျေးဇူးသိတတ်သော ခင်ညိုသည် ငါ့အပေါ်တွင် ကျေးဇူးသိမည်မှာ ဆိုဖွယ်ရာ မရှိပြီ"ဟု တွေးတောကာ အလွန်ချီးမွမ်းလျက် ဆုလာဘ်များ ပေးသနားတော်မူသည်။

*စာမျက်နှာ ၁၁ သို့*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်း စာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**



# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၁ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိ မြို့နယ်ရှိ ဇေယျာသီရိအားကစား ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်နှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၃ ရက်အထိ ယှဉ်ပြိုင် ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ဒေသများမှာ ကျေးလက်ဒေသများပင်ဖြစ်သည်။ ထို့အတူ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များအရ နိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းကို ထက်ဝက်ဖြစ်သည့် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချရမည်ဖြစ်ရာ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ပြည်နယ်အတွင်းရှိ ကျေးလက်လမ်းတံတားများ တည်ဆောက်ဖောက်လုပ်ရာတွင် ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၁၁၈၂ ဒသမ ၃၀၂၅ သန်း၊ ၂၀၁၈ – ၂၀၁၉ (၆ –လ) ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်နှင့် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၂၃၅၂ ဒသမ ၈၁၅၈ သန်း၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၆၂၈၄ ဒသမ ၁၈၂ သန်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၁၉၃၃ ဒသမ ၇၂၇ သန်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၄၈၅ ဒသမ ၀၄၈ သန်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၁၈၈၃၃ ဒသမ ၈၅၁ သန်း၊ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၃၈၆၅ ဒသမ ၅၇၂ သန်း၊ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် သန်း ၁၉၁၀ ၊ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ်သန်း ၄၀ ၊ ၂၀၂၁– ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၂၁၁၁၃ ဒသမ ၁၇ သန်း၊ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် တံတားရန်ပုံငွေ(ပြည်နယ်)မှ ငွေကျပ် ၃၀၀၉ သန်းတို့ကို အကုန်ကျခံ သုံးစွဲ၍ လမ်းနှင့် တံတားများ တည်ဆောက်ပေးခဲ့သည်။



ကရင်ပြည်နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ဖောက်လုပ်ထားသည့် ကွန်ကရစ်လမ်းကို တွေ့ရစဉ်။

### သွားလာမှု လွယ်ကူအဆင်ပြေ

ထို့ပြင် ကျေးလက်နေပြည်သူများ သွားလာမှု လွယ်ကူအဆင်ပြေစေရန် ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ လမ်းတံတားများ တည်ဆောက်ဖောက်လုပ်ပေးနိုင်မှုကို နှိုင်းယှဉ်ကြည့်ပါက ကျေးလက်များတွင် မူလ ကတ္တရာလမ်း ၈၄/၄ မိုင်ရှိရာမှ ယခု ၁၅၇ မိုင်၊ မူလ ကွန်ကရစ်လမ်း ၁၈/၆ မိုင်ရှိရာမှ ယခု ၈၅/၄ မိုင်အထိ ရှိလာပြီး မူလကျောက်လမ်း ၁၅၅/၄ မိုင်ရှိရာမှ ယခု ၁၂၅/၅ မိုင်သာရှိပြီး ဂဝံမြေနီလမ်းမှာ မူလ ၁၁၆ မိုင်ရှိရာမှ ယခု ၁၁၀/၁ မိုင်သာရှိပြီး မြေသားလမ်းမှာ မူလ ၈၁၃/၇ မိုင်ရှိနေရာမှ ယခု မိုင် ၇၁၀ သာရှိသည်ဟု သိရသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်၌ မြန်မာတစ်ပြည်လုံးရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ ၉၀ ရာခိုင်နှုန်းကို ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံရှိ ကျေးရွာများ၌ လူဦးရေ ၁၀၀၀ နှင့် အထက်ရှိ ကျေးရွာများကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း၊ လူဦးရေ ၅၀၀ နှင့်အထက်ရှိ ကျေးရွာများအားလုံး၏ ၉၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာအားလုံး၏ ၅၀ ရာခိုင်နှုန်းတို့ကို ၂၀၂၅ ခုနှစ်တွင် ရာသီမရွေးသွားလာနိုင်သော လမ်းများကို ဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

### အရှိန်အဟုန်မြှင့်ဆောင်ရွက်

မြန်မာနိုင်ငံ၌ လက်ရှိအချိန်တွင် ကျေးရွာပေါင်း ၅၇၂၂၈ ရွာ၏ ၅၀ ရာခိုင်နှုန်းနှင့် လူဦးရေ ၁၄ သန်းတို့အတွက် ရာသီမရွေးသွားလာနိုင်သော လမ်းများ မရှိသဖြင့် ကျေးရွာအားလုံး ရာသီမရွေး သွားလာနိုင်သော လမ်းများဖြစ်ပေါ်လာရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ရာသီမရွေး သွားလာနိုင်သည့် လမ်းများကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်လာစေမည်ဖြစ်သကဲ့သို့ မြို့ပြနှင့် ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

*စာမျက်နှာ ၁၀ မှ*

တစ်လုတ်စားဖူးသော ထမင်းကို ကျေးဇူးသိတတ်၍ မင်း၏ ချီးမြှောက်ခြင်းကိုခံရသော ခေါင်ညိုကို အတုယူ၍ ကျွန်တော်တို့ ထမင်းရှင်များ၏ ကျေးဇူးကို သိတတ်ရန်၊ ကျေးဇူးရှင်များကို ပူဇော်ရန် လိုပါသည်။

ဝမ်းနည်း စရာကောင်းသည်မှာ ကျွန်တော်တို့နိုင်ငံတွင် အလုပ်ရှင်နှင့် အလုပ်သမား ပဋိပက္ခများကို မကြာခဏ ကြားနေရခြင်းဖြစ်ပါသည်။ အလုပ်သမားက အလုပ်ရှင်ကို ကျေးဇူးရှင်ဟု မြင်သင့်သလို အလုပ်ရှင်ကလည်း မိမိအကျိုးစီးပွားကို တိုးတက်အောင် ဆောင်ရွက်ပေးနေသည့် အလုပ်သမားကို ကျေးဇူးရှင်ဟု မြင်သင့်ပါသည်။ အပြန်အလှန် ကျေးဇူးတရားကို သိတတ်မှ မင်္ဂလာတရားတော်နှင့် ညီပါမည်။ အစိုးရနှင့် ပြည်သူလည်း အပြန်အလှန် လေးစားချစ်ခင်မှုတွေ လိုပါသည်။ ကျေးဇူးတရားများ သိတတ်ရန် လိုပါသည်။

နိဂုံးချုပ်အားဖြင့် ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတရားတော်နှင့် ညီပြီး အောင်မြင်မှုကိုလည်း အထောက်အကူပေးပါသည်။

**"မှတ်သားစရာ"**

**မိမိထက် အသက်အားဖြင့်ကြီးသူ၊ ဂုဏ်အားဖြင့်ကြီးသူနှင့် အခက်အခဲ အကျပ်အတည်းနှင့် ကြုံတွေ့ရချိန်တွင် ကူညီခဲ့သူများသည် ပူဇော်ထိုက်သူများ ဖြစ်ပါသည်။ မိမိကိုယ်တိုင်လည်း ပူဇော် ထိုက်သူဖြစ်အောင် ကျင့်ကြံနေထိုင်ရပါမည်။ ။**

ကျမ်းကိုး

၁။ ဦးကုလား မဟာရာဇဝင်တော်ကြီး။

၂။ 13 Real Differences Between Male and Female Brains by Lorenzo Jensen III.



မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဝင် မင်္ဂလာတောင်ညွန့်မြို့နယ် သတင်းထောက် ဦးကျော်လွင် အသက်(၇၈)နှစ် ကွယ်လွန်သွားခဲ့သည့်အတွက် ဇွန် ၁၈ ရက်က အဖွဲ့နာယက ဦးသန်းမောင်၊ အတွင်းရေးမှူး တင်ဝင်းလေး(ကြည့်မြင်တိုင်)နှင့် တွဲဖက်အတွင်းရေးမှူး ကိုကြီးစိုး (ဒဂုံဆိပ်ကမ်း) တို့က မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်သို့ သွားရောက်၍ ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ ကို မိသားစုထံ ပေးအပ်စဉ်။ ကိုကြီးတင်

●ကျောဖုံးမှ

ထပ်မံအနိုင်ရရှိရန် အကောင်းဆုံးပြင်ဆင်လာခဲ့သည်ကို တွေ့ရသည်။

ထို့အပြင် စကော့တလန်အသင်းကလည်း ပွဲစဉ် (၁) တွင် ချက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်မှုကို ချေဖျက်ကာ ယခုအင်္ဂလန်အသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိရန် အကောင်းဆုံးပြင်ဆင်လာခဲ့သည်။

အင်္ဂလန်အသင်းသည် ယနေ့ပွဲစဉ်တွင် စကော့တလန်အသင်း၏ ကစားပုံကောင်းမွန်မှုကြောင့် သရေရလဒ်နှင့်သာ ကျေနပ်ခဲ့ရသည်။

အင်္ဂလန်အသင်းသည် ယနေ့ပွဲစဉ်တွင် စကော့တလန်အသင်းကို ဂိုးမရှိသရေကျခဲ့သောကြောင့် ယူရိုပြိုင်ပွဲ အုပ်စု (D) တွင် ချက်အသင်းနှင့် ရမှတ်လေးမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ စကော့တလန်အသင်းက ယူရိုပြိုင်ပွဲတွင် နှစ်ပွဲကစားတစ်ပွဲသရေ၊ တစ်ပွဲရှုံး ခရိုအေးရှားအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေသည်။ ထို့ကြောင့် အဆိုပါအုပ်စုတွင် နောက်တစ်ဆင့်တက်ရောက်ရန်အတွက် လာမည့်ပွဲစဉ် (၃) ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားရဖွယ်ရှိနေသည်။

လာမည့်ပွဲစဉ် (၃) တွင် အင်္ဂလန်အသင်းက ဇွန် ၂၃ ရက်၌ ချက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အနိုင်ရရှိမည့်အသင်းအနေဖြင့် ယူရိုပြိုင်ပွဲနောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ စကော့တလန်အသင်းက အဆိုပါရက်တွင် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း





## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး

ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်း ထုတ်ဝေသည်။ (ဇွန်လ၊ ၂၀၂၀)

### သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*)အကိုက်ခံရခြင်းမှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

### သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

### သွေးလန့်သည့် လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တက်ရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနများမှ သွေးထွက်ခြင်း



အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။

### ခြင်ကျားလောက်လမ်းပေါက်ပွားရာနေရာများ

- အဓိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

### ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။



## အန်တိုနီယိုဂူတာရက်စ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ဒုတိယအကြိမ် ခန့်အပ်

**ဂျီနီဗာ ဇွန် ၁၉**

အန်တိုနီယိုဂူတာရက်စ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ဒုတိယသက်တမ်း တာဝန်ထမ်းဆောင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံက ခန့်အပ်ခဲ့သည်ဟု သိရသည်။

အဆိုပါသက်တမ်းမှာ ဇန်နဝါရီလတွင် စတင်မည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ဆုံးဖြတ်ချက်ကို ကြေညာပြီးနောက် အန်တိုနီယိုဂူတာရက်စ်က နိုင်ငံကြီးငယ်တို့အကြား ယုံကြည်မှုခိုင်မာစေရန် တည်ဆောက်သွားမည်ဖြစ်ပြီး နိုင်ငံများကြားတွင် ယုံကြည်မှုတံတားတည်ဆောက်သွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဂူတာရက်စ်သည် ယခင်က ပေါ်တူဂီ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် ဘန်ကီမွန်းနောက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်။

## ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကျော့မထိုးနိုင်သည့် နိုင်ငံပေါင်း ၃၀ မှ ၄၀ အထိ ရှိသည်ဟုကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးပြော

**ဂျီနီဗာ ဇွန် ၁၉**

ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကျော့ မထိုးနိုင်သည့် နိုင်ငံပေါင်း ၃၀ မှ ၄၀ အထိရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ၏ အရာရှိများက ဇွန် ၁၈ ရက်တွင် ပြောသည်။

အထူးသဖြင့် အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို မထိုးနိုင်ခြင်းဖြစ်သည်ဟု သိရသည်။

လက်ရှိတွင် ဒုတိယအကျော့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ရပ်နားထားသည့် နိုင်ငံအများအပြားရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ရုံး အဆင့်မြင့်အကြံပေးတစ်ဦးဖြစ်သူ ဘရုစ်အေဝဒ်က ပြောသည်။

နိုင်ငံအများစုမှာ အိန္ဒိယနိုင်ငံ ဆီရမ် အင်စတီကျုမှ အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို မျှော်လင့်ထားကြသည်။

ယင်းကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ဖြန့်ဖြူးပေးနေသည့် ကိုဗက်အစီအစဉ်မှတစ်ဆင့် ရရှိမည်ဟု မျှော်လင့်ထားကြသည်။ သို့သော်လည်း၂၀၂၁ ခုနှစ် ဧပြီလမှစတင်က၁ အိန္ဒိယတွင် ကိုဗစ်-၁၉ ကူးစက်မှု အဆမတန်များပြားလာသည့်အတွက် ပြည်တွင်းကို ဦးစားပေးနေရ၍ ပြည်ပထောက်ပံ့ပေးမှုကို လျှော့ချခဲ့ရသည်။

အာဖရိက၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်း ဒေသ၊ နီပေါနှင့် သီရိလင်္ကာတို့လို အိန္ဒိယနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ အကျိုးသက်ရောက်မှုကို ခံစားခဲ့ရသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံအများစုမှာ ၎င်းတို့တွင်ရှိသည့် ကာကွယ်ဆေးပြတ်တောက်လုနီးနီး ဖြစ်နေပြီဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ ကာကွယ်ဆေးနှင့် ဇီဝဗေဒဆိုင်ရာဌာနမှ ကက်သရင်း အိုဘရိုင်ယန်က ပြောသည်။

ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်တွင် အားနည်းသည့် နိုင်ငံများမှာ ထောက်ပံ့မှုပြတ်တောက်ခြင်းနှင့် ရင်ဆိုင်နေရပြီး ယင်းအခြေအနေကြောင့် ပြည်သူလူထုကြား ယုံကြည်မှုဆုံးရှုံးခြင်း ဖြစ်ပေါ်လာနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ချဒ်နိုင်ငံတွင် ကိုဗစ်-၁၉ လူနာတစ်ဦးအား အပူချိန်တိုင်းတာမှု ပြုလုပ်နေစဉ်။

## အမေရိကန်တွင် ရက်ပေါင်း ၁၅၀အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၃၀၀ ထိုးပေးနိုင်ခဲ့

**ဝါရှင်တန် ဇွန် ၁၉**

အမေရိကန်ပြည်ထောင်စုတွင် သမ္မတဂျိုးဘိုင်ဒင်သမ္မတအဖြစ် တာဝန်ယူပြီးသည့်နောက်ပိုင်း ရက်ပေါင်း ၁၅၀ အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးပေါင်းသန်း ၃၀၀ ကို ထိုးနှံပေးခဲ့ပြီးဖြစ်သည်ဟု အိမ်ဖြူတော်က ဇွန် ၁၈ ရက်တွင် ပြောသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကို အဆုံးသတ်စေရေးနှင့် အမေရိကန်ပြည်သူများ ပုံမှန်လူနေမှုဘဝ ပြန်လည်ရရှိစေရေးအတွက် ကာကွယ်ဆေး ထိုးပေးနေခြင်းဖြစ်သည်ဟု အိမ်ဖြူတော်က ပြောသည်။

ဇူလိုင် ၄ ရက် အားလပ်ရက်မတိုင်မီ အမေရိကန်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးပေးရန် သမ္မတဘိုင်ဒင်က ရည်မှန်းထားသည်။

ဇွန် ၁၇ ရက်အထိ အမေရိကန်လူဦးရေ၏ ၄၄ ဒသမ ၅ ရာခိုင်နှုန်းကို ကာကွယ်ဆေးနှစ်ကြိမ် ထိုးပေးထားပြီး ၅၃ ရာခိုင်နှုန်းမှာမူ ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးပြီဟု သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ ကွမ်တုံတွင် ဒေသတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ခြောက်ဦး ထပ်မံတွေ့ရှိ

**ကွမ်ကျိုး ဇွန် ၁၉**

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်တွင် ဒေသတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ခြောက်ဦးတွေ့ရှိခဲ့သည်ဟု ပြည်နယ်ကျန်းမာရေးကော်မရှင်က ဇွန် ၁၈ ရက်တွင် ပြောသည်။

ပြည်နယ်မြို့တော် ကွမ်ကျိုးတွင် နှစ်ဦး၊ ရှန်ကျန်းတွင် နှစ်ဦးနှင့် ဖူရှန်နှင့် တုံကွမ်မြို့တွင်မှ တစ်ဦးစီဟု သိရသည်။ ကွမ်တုံတွင် ဇွန် ၁၈ ရက်က ပြည်ပမှ ကူးစက်လာသူ ရှစ်ဦး ထပ်မံတွေ့ရှိခဲ့သည်။ ဇွန် ၁၈ ရက်အထိ ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၆၈၀ ရှိပြီး ပြည်ပမှကူးစက်လာသူ ၁၁၁၇ ဦးရှိသည်ဟု သိရသည်။ လက်ရှိတွင် လူနာ ၂၂၂ ဦးမှာ ဆေးရုံတွင် ဆေးကုသမှုခံယူဆဲဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

## တိုကျိုနှင့် အိုဆာကာတို့တွင် အရက်ရောင်းချမှု ပိတ်ပင်ထားမှုကို ဖြေလျှော့ပေးတော့မည်

**တိုကျို ဇွန် ၁၉**

ဂျပန်နိုင်ငံတွင် ခရိုင်အများစုမှာ ဇွန် ၁၉ ရက်တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ထားခြင်းကန့်သတ်ချက်မှ ဖြေလျှော့ပေးတော့မည်ဖြစ်သည်။ လာမည့်သီတင်းပတ်မှစတင်ကာ တိုကျိုနှင့် အိုဆာကာတို့တွင် စားသောက်ဆိုင်များနှင့် ဘားများ၌ အရက်ရောင်းချခွင့် ပြန်ပေးတော့မည်ဖြစ်သည်။

တိုကျိုတွင် လက်ရှိကူးစက်မှု အခြေအနေပေါ် မူတည်ကာ တင်းကျပ်သည့် လုပ်ဆောင်မှုများ လုပ်ဆောင်သွားမည်ဟု အုပ်ချုပ်ရေးမှူး ကိုအီကီယူရီကိုက ပြောသည်။ လာမည့် သီတင်းသုံးပတ်တာကာလအတွင်း တိုကျိုမြို့အစိတ်အပိုင်း အတော်များများတွင် ကန့်သတ်ချက်များကို ဖြေလျှော့ပေးတော့မည်ဖြစ်သည်။

စားသောက်ဆိုင်များနှင့် ဘားများတွင် ည ၇ နာရီမတိုင်မီအထိ အရက်ရောင်းချခွင့်ကို ပြန်လည်ခွင့်ပြုပေးမည်ဖြစ်သည်။ တစ်ဦးချင်း သို့မဟုတ် လူနှစ်ဦးအတွက် မိနစ် ၉၀ ဆိုင်ထိုင်ခွင့်ရမည် ဖြစ်သည်။ ဆိုင်များကို ည ၈ နာရီတွင် ပိတ်ရန်တောင်းဆိုထားသည်။

ဇွန် ၁၈ ရက်တွင် တိုကျိုမြို့၌ ကိုဗစ်-၁၉ ကူး စက်ခံရသူ ၄၅၃ ဦးရှိပြီး ပြီးခဲ့သည့်သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် သုံးရက်ဆက်တိုက် ကူးစက်မှု များပြားလာခြင်းဖြစ်သည်။

အိုဆာကာတွင်လည်း အလားတူ လုပ်ဆောင်မှုမျိုးကို ခရိုင်အစိတ်အပိုင်းအချို့တွင် ပြုလုပ်လျက်ရှိသည်။ စားသောက်ဆိုင်များနှင့် ဘားများတွင် အရက်ရောင်းချခြင်းမရှိဘဲ လည်ပတ်ရန်မှ ခက်ခဲလှကြောင်းနှင့် လူအများအပြား၏ အမြင်ကို နားထောင်ပြီးမှ ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း အိုဆာကာအုပ်ချုပ်ရေးမှူး ယိုရှီမူရာဟီရိုဖူမိက ပြောသည်။

အကယ်၍ ကူးစက်မှုများ ပြန်လည်မြင့်မားလာပါက စားသောက်ဆိုင်များနှင့် ဘားများတွင် အရက်ရောင်းချခွင့်ကို ပြန်လည်ပိတ်ပင်သွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဇွန် ၁၈ ရက်တွင် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၁၆၀၀ ကျော်ရှိပြီး သေဆုံးသူ ၄၈ ဦးရှိသည်ဟု သိရသည်။ ရောဂါအပြင်း အထန်ခံစားရသူ ၇၇၅ ဦးရှိသည်။



**အင်န်အိတ်ချ်ကေ**

# မကျိန်းသေတဲ့ အာဖဂန်ရဲ့ အနာဂတ်

**ထွန်းကျော်**

အမေရိကန်ပြည်ထောင်စုရဲ့ သက်တမ်းအရှည်ဆုံး စစ်ပွဲကြီး အဆုံးသတ်ဖို့ အချိန်ရောက်ရှိလာပါပြီ။ အမေရိကန်တပ်ဖွဲ့ဝင်တွေ အိမ်ပြန်ဖို့ အချိန်ရောက်ရှိလာပါပြီ။ ဒီစကားတွေဟာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ရဲ့ ဧပြီလက ပြောခဲ့တဲ့စကားတွေဖြစ်ပါတယ်။ အဲဒီတုန်းက အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်မတိုင်မီ အာဖဂန်နစ္စတန်မှ ထွက်ခွာဖို့ဖြစ်ပါတယ်။ အဲဒီဆုံးဖြတ်ချက်အပေါ် အမေရိကန်အများစုက အောင်သေအောင်ပွဲတွေ ကျင်းပခဲ့ပါတယ်။ သို့သော်လည်း အနာဂတ်မျှော်မှန်းချက်တွေ ဘယ်လိုဖြစ်လာမလဲဆိုတာကတော့ မသေချာသေးပါဘူး။

### အမေရိကန်ရဲ့ တည်ရှိမှုကို လျှော့ချလာခြင်းက တာလီဘန်တွေကို တစ်ပန်းသာစေ

အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ သူတို့ရဲ့ တည်ရှိမှုကို လျှော့ချလာတဲ့အချိန်မှာ တာလီဘန်တွေက တစ်ပန်းသာလာခဲ့ပါတယ်။ တာလီဘန်အုပ်စုနဲ့ တခြားအစိုးရ ဆန့်ကျင်တပ်ဖွဲ့တွေဟာ နိုင်ငံရဲ့ နယ်မြေထက်ဝက်ကျော်ကို ထိန်းချုပ်ထားတယ်လို့ ဒေသတွင်း မီဒီယာတွေမှာ ဖော်ပြခဲ့ပါတယ်။

အဲဒီထဲကမှ နိုင်ငံရဲ့ မြောက်ပိုင်းပြည်နယ်တစ်ခုဖြစ်တဲ့ ဘက်လန်ဟာ တာလီဘန်တွေထိန်းချုပ်ထားပြီး သူတို့ရဲ့ အင်အားကို ခိုင်မာတောင့်တင်းအောင် လုပ်ဆောင်နေတဲ့ နယ်မြေတစ်ခုဖြစ်ပါတယ်။

### တာလီဘန်တွေက ပိုက်ဆံတွေတောင်း

တရားမဝင် တိုးဂိတ်တွေကိုလည်း အဝေးပြေးလမ်းတွေပေါ်မှာ တည်ဆောက်ထားတယ်လို့ ကုန်တင်ကားမောင်းသမားတစ်ဦးက ပြောပါတယ်။ ကားသမားတိုင်းဟာ တာလီဘန်တွေကို ငွေကြေးတွေ ပေးဆောင်ရပါတယ်။ အကယ်၍ မပေးဘူးဆိုရင် မိမိတို့ရဲ့ ကုန်တင်ကားတွေကို မီးရှို့ကြပြီး မိမိတို့ကို ထိန်းသိမ်းထားတယ်လို့ ကုန်တင်ကားမောင်းသမားတစ်ဦးက ပြောပါတယ်။

နိုင်ငံရဲ့ ကျေးလက်ဒေသတွေမှာ ဆိုရင်လည်း လက်နက်တွေ ကိုင်ဆောင်ထားတဲ့ တာလီဘန် တိုက်ခိုက်ရေးသမားတွေဟာ လယ်သမားတွေထံက ပိုက်ဆံတွေ တောင်းပါတယ်။ တစ်ခါတစ်ရံမှာ လစဉ်ဝင်ငွေရဲ့ ထက်ဝက်ကျော်လောက်ကို အခွန်အခအဖြစ် တာလီဘန်တွေကို ပေးနေရပါတယ်လို့ ပြည်သူတွေက ပြောပါတယ်။ အဲဒီပိုက်ဆံတွေနဲ့ လက်နက်ဝယ်ယူဖို့ ရန်ပုံငွေလုပ်ပါတယ်။



ကျောင်းတက်ရန် မတတ်နိုင်သည့် အလွန်ဆင်းရဲသော ကလေးများကို ဘာသာရေးကျောင်းတစ်ခုတွင် တွေ့ရစဉ်။

> **❑ နိုင်ငံရဲ့ ကျေးလက်ဒေသတွေမှာ ဆိုရင်လည်း လက်နက်တွေ ကိုင်ဆောင်ထားတဲ့ တာလီဘန် တိုက်ခိုက်ရေးသမားတွေဟာ လယ်သမားတွေထံက ပိုက်ဆံတွေ တောင်းပါတယ်။ တစ်ခါတစ်ရံမှာ လစဉ်ဝင်ငွေရဲ့ ထက်ဝက်ကျော်လောက်ကို အခွန်အခအဖြစ် တာလီဘန်တွေကို ပေးနေရပါတယ်လို့ ပြည်သူတွေက ပြောပါတယ်။ အဲဒီပိုက်ဆံတွေနဲ့ လက်နက်ဝယ်ယူဖို့ ရန်ပုံငွေ လုပ်ပါတယ်**

### ဘိန်းနဲ့ ဆေးခြောက်တွေ ပြန်လည်စိုက်ပျိုး

အသက်ရှင်သန် နေထိုင်နိုင်ရန်အတွက်တချို့ လယ်သမားတွေဟာ ဘိန်းတွေနဲ့ ဆေးခြောက်တွေကို ပြန်လည်စိုက်ပျိုးကြပါတယ်။

မိမိအနေနဲ့ ဂျုံကိုစိုက်ခဲ့ဖူးပါတယ်။ သို့သော်လည်း တာလီဘန်တွေကိုပေးဖို့ပိုက်ဆံမလုံလောက်ခဲ့ပါဘူး။ ဒါကြောင့် ဘိန်းကို ပြန်ပြောင်းစိုက်ပျိုးခဲ့ပါတယ်။ သူတို့က စိုက်ရတာလွယ်တယ်။ ပိုက်ဆံလည်းပိုရတယ်လို့ တောင်သူတစ်ဦးက ပြောပါတယ်။

### အနာဂတ်စစ်သွေးကြွတွေ စုဆောင်းရာနေရာဖြစ်

အမေရိကန်တွေဟာ သူတို့ရဲ့ တပ်ဖွဲ့ဝင်တွေအားလုံးကို အာဖဂန်နစ္စတန်က ပြန်လည်ခေါ်ဆောင်ဖို့ လှုပ်ရှားလေလေ တာလီဘန်တွေဟာ တိုက်ခိုက်ရေးသမားတွေကို ပိုပြီးစုဆောင်းလေလေဖြစ်ပါတယ်။ အစ္စလာမ္မစ်ဘာသာရေးကျောင်းတွေဟာ အနာဂတ်စစ်သွေးကြွတွေ စုဆောင်းရာ နေရာတွေဖြစ်ပါတယ်။ တာလီဘန်တွေနဲ့ ဆက်သွယ်မှုရှိတဲ့ ဘာသာရေးခေါင်းဆောင်တွေဟာ တင်းကျပ်တဲ့ အစ္စလာမ္မစ်အယူအဆတွေကို သင်ကြားပေးပါတယ်။

လူတိုင်းဟာ ကိုရမ်ကျမ်းကိုသာ လိုက်နာမယ်ဆိုရင် အာဖဂန်နစ္စတန်ဟာ ပြည့်စုံကြွယ်ဝမှာဖြစ်ပါတယ်လို့ တာလီဘန် ထောက်ခံဘာသာရေးခေါင်းဆောင်တစ်ဦးက ပြောပါတယ်။ အကယ်၍ မလိုက်နာဘူးဆိုရင် နိုင်ငံဟာ ပိုချွတ်ခြုံကျပြီး ဆင်းရဲတွင်းနက်ကာ နိုင်ငံခြားအုပ်ချုပ်မှုအောက်ကို ရောက်သွားမယ်လို့ သူကပြောပါတယ်။

### စစ်ပွဲတွေဖြစ်ပေါ်လာနိုင်

တင်းကျပ်တဲ့ ဘာသာရေးအယူဝါဒတွေက ပြည်သူတွေကိုသိမ်းသွင်းမဆွဲဆောင်နိုင်ဘူးဆိုရင် စစ်ပွဲတွေ ဖြစ်ပေါ်လာနိုင်တယ်လို့ သူကပြောပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုက အလုပ်လက်မဲ့မှုတွေကို မြင့်တက်စေပါတယ်။ ဒီအချိန်မှာ တာလီဘန်တွေက ရက်ရက်ရောရောပေးမယ်လို့ ကတိပေးထားပါတယ်လို့ အဲဒီဘာသာရေးခေါင်းဆောင်က ပြောပါတယ်။

မတ်လက တိုက်ခိုက်ရေးသမားသစ် စုဆောင်းခံလိုက်ရတဲ့ အသက် ၂၁ နှစ်အရွယ်ရှိ ယောကျ်ားလေးတစ်ဦးကို အစိုးရရဲ့ စစ်ဆေးရေးဂိတ်တွေကို တိုက်ခိုက်ဖို့နဲ့ လက်နက်တွေ ဝယ်ယူဖို့ ပိုက်ဆံပေးထားပါတယ်။ သူက တစ်လကို အမေရိကန်ဒေါ်လာ ၈၀၀ လောက်ရပါတယ်။

### ပိုက်ဆံကောင်းကောင်းပေးတယ်

တာလီဘန်တွေက မိမိတို့ကို ပိုက်ဆံကောင်းကောင်းပေးတယ်။ နေ့စဉ်လူနေမှုဘဝကိုလည်း ထောက်ပံ့ပေးတယ်လို့ သူက ပြောပါတယ်။

တပ်ဖွဲ့ဝင်သစ်တွေကို လေ့ကျင့်ပေးနေတဲ့ တာလီဘန်တပ်မှူးတစ်ဦးက တပ်သားသစ် ၅၀၀ ထက်မနည်းကို တိုက်ပွဲကို စေလွှတ်ခဲ့တယ်လို့ ပြောပါတယ်။ သူက အမေရိကန်တပ်ဖွဲ့ဝင်တွေ အပြည့်အဝဆုတ်ခွာမယ်ဆိုတဲ့အပေါ် အယုံအကြည်မရှိကြောင်းနဲ့ သူတို့ကို ဆန့်ကျင်တိုက်ခိုက်ဖို့ တိုက်ပွဲတွေ ဆက်လက်ဖြစ်နေဦးမယ်လို့ ပြောပါတယ်။

### တာလီဘန်တွေ ပိုမိုအင်အားကြီးလေလေ

စိတ်အားထက်သန်တဲ့ မွတ်စလင်လူငယ်တွေဟာ တာလီဘန်ထဲကို ဝင်လေလေ တာလီဘန်တွေ အင်အားပိုမိုကြီးထွားလေလေ ဖြစ်လာမှာပါလို့ သူက ပြောပါတယ်။ ငယ်ရွယ်တဲ့ တိုက်ခိုက်ရေးသမားပေါင်းများစွာနဲ့ ဂျီဟတ်စစ်ပွဲကို ဆက်လက်ဆင်နွှဲကြမယ်လို့ သူက ဆက်ပြောပါတယ်။

အမေရိကန်မှာရှိတဲ့ ကျွမ်းကျင်သူတွေကလည်း အဲဒီလိုပဲယုံကြည်ပါတယ်။ ပြီးတော့လည်း ဒီအခြေအနေဟာ နိုင်ငံတကာကို ခြိမ်းခြောက်လာနိုင်တယ်လို့ သူတို့က သတိပေးထားပါတယ်။

### အာဖဂန်နစ္စတန် ပြိုလဲမယ်

အာဖဂန်လေ့လာရေးအဖွဲ့က ဖေဖော်ဝါရီလက ထုတ်ပြန်လိုက်တဲ့ အစီရင်ခံစာမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေက တိုက်ရိုက်ဆုတ်ခွာတာဟာ ၁၈ လမှ သုံးနှစ်အတွင်း အမေရိကန်ကို အကြမ်းဖက်ခြိမ်းခြောက်မှုတွေ ပြန်ဖြစ်စေနိုင်တယ်လို့ ဖော်ပြထားပါတယ်။

အမေရိကန်တပ်ဖွဲ့ဝင်တွေ စီစဉ်ထားတဲ့ အတိုင်းအနေနဲ့ အမြန်ဆုတ်ခွာမယ်ဆိုရင် အာဖဂန်နစ္စတန်ကို ပျက်စီးပြိုလဲစေမယ်လို့ အာဖဂန်နစ္စတန်ဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်ဟောင်း ဂျိမ်းစ်ဒွေါဘ်ဘင်က ပြောပါတယ်။

အကဲဖြတ်သုံးသပ်မှုတွေက မှန်ကန်လာမလားဆိုတာ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာရင် ဘယ်လိုတွေဖြစ်လာမလဲဆိုတာက သက်သေပြသွားမှာဖြစ်ပါတယ်။ သို့သော်လည်း မဝေးတော့တဲ့ အချိန်မှာ အာဖဂန်ပြည်သူတွေကတော့ အကြီးမားဆုံးသော အန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ။

**ကိုးကား - အင်န်အိတ်ချ်ကေ**

❍ ကျောဖုံးမှ

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၉–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၀၄) ခု | – |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၃) ခု | (၁၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၀၂၁) ခု | (၇၄) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၄) ခု | – |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၂၀) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၉၆) ခု | (၁၇) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၅၂) ခု | (၃၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၇၄) ခု | (၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၅) ခု | (၁၀၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၉၉၅) ခု | (၂၉၁) ဦး |
| စုစုပေါင်း | (၄,၈၄၄) ခု | (၅၄၆) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန


## ၁၉ - ၆ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၃၉၃၃၁၀ | ၂၈၆၇၅၉၂၉ | ၆၁၆၉၂၀ |
| ၂။ | အိန္ဒိယ | ၂၉၈၂၃၅၄၆ | ၂၈၆၇၈၃၉၀ | ၃၈၅၁၆၇ |
| ၃။ | ဘရာဇီး | ၁၇၈၀၂၁၇၆ | ၁၆၁၃၆၉၆၈ | ၄၉၈၆၂၁ |
| ၄။ | ပြင်သစ် | ၅၇၅၂၈၇၂ | ၅၅၄၆၈၇၀ | ၁၁၀၇၀၂ |
| ၅။ | တူရကီ | ၅၃၅၉၇၂၈ | ၅၂၂၄၂၂၄ | ၄၉၀၇၁ |
| ၆။ | ရုရှား | ၅၂၉၉၂၁၅ | ၄၈၆၁၃၄၃ | ၁၂၈၉၁၁ |
| ၇။ | ဗြိတိန် | ၄၆၁၀၈၉၃ | ၄၂၉၇၇၅၇ | ၁၂၇၉၅၆ |
| ၈။ | အီတလီ | ၄၂၅၀၉၀၂ | ၄၀၃၁၆၀၅ | ၁၂၇၂၂၅ |
| ၉။ | အာဂျင်တီးနား | ၄၂၄၂၇၆၃ | ၃၈၄၄၃၂၉ | ၈၈၂၄၇ |
| ၁၀။ | ကိုလံဘီယာ | ၃၈၈၈၆၁၄ | ၃၆၁၆၆၈၀ | ၉၈၇၄၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုးကင်းစင်သွားသူ | ပိုးတွေ့သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၉၇၆၁၇၂ | ၁၇၈၆၁၄၃ | ၅၄၂၉၁ |
| ဖိလစ်ပိုင် | ၁၃၅၃၂၂၀ | ၁၂၇၀၂၄၃ | ၂၃၅၃၈ |
| မလေးရှား | ၆၉၁၁၁၅ | ၆၂၂၄၄ | ၄၃၄၈ |
| ထိုင်း | ၂၁၄၄၄၉ | ၁၈၁၃၅၈ | ၁၆၀၉ |
| မြန်မာ | ၁၄၇၆၁၅ | ၁၃၃၅၂၇ | ၃၂၅၈ |
| စင်ကာပူ | ၆၂၄၀၃ | ၆၁၉၈၇ | ၃၄ |
| ကမ္ဘောဒီးယား | ၄၂၀၅၂ | ၃၆၈၆၈ | ၄၁၄ |
| ဗီယက်နမ် | ၁၂၆၂၀ | ၄၇၈၈ | ၆၄ |
| လာအို | ၂၀၅၀ | ၁၉၃၅ | ၃ |
| ဘရူနိုင်း | ၂၅၁ | ၂၃၉ | ၃ |




## ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး စာစောင်များ ဖြန့်ဝေ

ရန်ကုန်  ဇွန်  ၁၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အသိပညာပေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဈေးများတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေး၊ ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့၊ ဈေးများနှင့် ကုန်စည်ပွဲရုံများစီမံခန့်ခွဲရေးဌာန ဒုတိယဌာနမှူး ဦးသန့်ဇင်ထွန်းနှင့် တောင်ပိုင်းခရိုင် ဈေးများရုံး ခေတ္တခရိုင်မှူး ဦးညွန့်ဟန်တို့ ကြီးကြပ်၍ ဈေးတာဝန်ခံများနှင့် ဝန်ထမ်းများသည် မင်္ဂလာဈေးနှင့် မင်္ဂလာဈေးသစ် စသည့်ဈေးများတွင် ဈေးရောင်း ဈေးဝယ်သူများ၊ မော်တော်ယာဉ်များနှင့် ကုန်ထမ်းအလုပ်သမားများအား နှာခေါင်းစည်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

# “ပျော့ရွာဦးငွေး လှတောကေစီ ဥကပ်ပါးနဂ္ဂါ”

မောင်အောင်

“ဒီမှာ ဘကြီး ခင်ဗျား ပဲတီစိမ်းခင်းက တယ်ပြီးကောင်းပါလား။ ဂျီအေပီစနစ်နဲ့ စိုက်လို့ ဒီလောက်ကောင်းတာလား”

မြင်းမူနှင့် စစ်ကိုင်းလမ်းဘေးတွင် စိုက်ပျိုးရေးဦးစီးဌာန၏ “GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် ပဲတီစိမ်းစိုက်ခင်း ပိုင်ရှင် ဦးငွေး(ပျော့ရွာ) စိုက်ဧက(၃) ဧက” ဟူသော ဆိုင်းဘုတ်ဘေးတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ အသင့်စောင့်နေကြသည်။ သူတို့က သူတို့၏ ဆောင်ရွက်မှုအခြေအနေကို ကျွန်တော့်ကိုရှင်းပြရန် အသင့်ရှိနေကြသည်။ ကျွန်တော်က သူတို့ကိုလက်ကာပြလိုက်ပြီး သူတို့နှင့်အတူ ရှိနေသည့် တောင်သူများထဲမှ စိုက်ခင်းပိုင်ရှင်ဖြစ်ဟန်တူသည့် တောင်သူကြီးအား မေးလိုက်ခြင်းဖြစ်သည်။

### အသီးတွေက ဖြိုင်ဖြိုင်

“ဂျီအေပီတွေ ဘာတွေတော့ ကျုပ်မသိဘူး၊ ဒီအခင်းစိုက်ဖို့တော့ ကောင်းကောင်းထယ်ထိုး ထွန်မွှေရတယ်။ ပြီးတော့ ကြောင်းဆွဲပြီး နွားချေး၊ သစ်ရွက်ဆွေး၊ သဘာဝမြေသြဇာထည့်၊ ပြီးတော့မှ ပဲတီစိမ်းမျိုးသန့်သန့်ကို အတန်းလိုက်စိုက်တာပဲ။ ဒီကြားထဲ ရေတစ်ခါ နှစ်ခါပေးတယ်။ ပြီးတော့ နဂျီကပ်ဆိုလား ဘာလား ဒီဥကပ်ကလေးတွေ ဒီဆရာမလေးတွေယူလာပြီး အပင်တွေမှာ ကြိုးကြား ကြိုးကြား ချည်ပေးတယ်။ အဲ..အခုချိန်ကျတော့ ဆရာကြီးမြင်တဲ့အတိုင်း အသီးတွေက ဖြိုင်ဖြိုင် သီးတော့တာပဲ”

ဦးငွေးက သူ့ဆောင်ရွက်ချက်ကို ရှင်းပြသည်။ ခေါင်းတွင် ပေါင်းထားသည့် တဘက်အောက်မှ ချွေးများ စီးကျနေသည်။ သို့သော်လည်း သူမျက်နှာက ပြုံးနေသည်။ ကွမ်းစား၍ ချိုးတက်နေသည့် ပါးစပ်က သူ့အပြုံးကို ဖော်ပြနေသည်။

“ဒါဆို ဘကြီး ဘယ်နှတင်းလောက် ထွက်မယ်ထင်သလဲ။ ၁၂ တင်း၊ ၁၃ တင်းလောက် ထွက်မလား”

ကျွန်တော်တို့အဖွဲ့နှင့်အတူ ပါလာသည့် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မေးလိုက်ခြင်း ဖြစ်သည်။

“တစ်ခါတော့ ခူးပြီးပြီ။ ဒီတစ်ခါ ခူးရင် တစ်ဧကကို ၁၅ တင်းလောက်တော့ ထွက်မယ် ထင်တာပဲ။”

ဦးငွေးက အခင်းကိုကြည့်၍ ခန့်မှန်းပြောလိုက်ခြင်းဖြစ်သည်။

“ပဲတီစိမ်းက အခုဘယ်ဈေးရှိသလဲ”

“၄၇ လောက်တော့ ရမယ်ထင်တယ်”

ငွေကျပ် လေးသောင်းခုနစ်ထောင်ကို ဆိုလိုခြင်းဖြစ်သည်။

“အဲဒါဆိုရင် တစ်ဧကကို ခြောက်သိန်းခွဲ ခုနစ်သိန်းလောက်တော့ ရမှာပေါ့။ အဲ့ဒီတော့ ပဲစိုက်တာက စပါးစိုက်တာထက် ပိုပြီးရတာပေါ့”

ကျွန်တော်က ကြားဖြတ်ပြီး မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။



ဥကပ်ပါးနဂ္ဂါ ဓာတ်ခွဲခန်းအတွင်း လေ့လာကြည့်ရှုနေစဉ်။

❖ **“ဥကပ်ပါးနဂ္ဂါ အမတစ်ကောင်ဟာ ဖျက်ပိုး ၁၀ ခုခန့်ကို ကပ်ပါးပြုနိုင်ပါတယ်။ အခုလို ကပ်ပါးပိုးနဂ္ဂါကို အသုံးပြုခြင်းဖြင့် ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ကျစေနိုင်ပြီး ပိုးသတ်ဆေးကြောင့် တောင်သူများရဲ့ ကျန်းမာရေးထိခိုက်မှုကို လျှော့ကျစေနိုင်ပါတယ်။ ဒါ့အပြင် သီးနှံတွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်းများကို ကင်းဝေးစေပါတယ်။ နောက်ပြီး သီးနှံစိုက်ခင်းထဲရှိ မြွေ၊ ကြွက် စတဲ့ သက်ရှိသတ္တဝါတွေ ပိုးသတ်ဆေးအန္တရာယ်မှ ကင်းဝေးစေတဲ့အပြင် မြေထု၊ ရေထု၊ လေထုကိုလည်း အန္တရာယ်မဖြစ်စေနိုင်ပါဘူး။ ဒါ့အပြင် ဒီဥကပ်ပါးနဂ္ဂါကို ရေရှည်အသုံးပြုခြင်းဖြင့် လိပ်ပြာဖလံမျိုးရင်းဝင် ဖျက်ပိုးတွေကို ရေရှည်နှိမ်နင်းနိုင်တဲ့အတွက် ကုန်ကျစရိတ်သက်သာပြီး လုံခြုံစိတ်ချရတဲ့ စားသုံးသီးနှံတွေကို ထုတ်လုပ်ပေးနိုင်ပါတယ်”**

“ဘယ်နဲ့ ပြောပါလိမ့် ဆရာကြီးရယ်။ ကျွန်တော်တို့ နယ်တွေမှာက ဒီနှစ်က မိုးကနည်းတယ်။ စပါးက ပဲတီစိမ်းထက် ရေပိုပြီးလိုတယ်။ အဲ့ဒါကြောင့် ကျုပ်တို့က စပါးအပြီးမှာ ဒီပဲတီစိမ်းလေး စိုက်လိုက်တာ။ ကိုဗစ်ကြောင့် တောင်မသွားရ မြောက်မသွားရဆိုတော့ ကျုပ်တို့ တောသူ တောင်သားတွေကတော့ ကြိုက်တာပေါ့ဗျာ။ ကိုယ်ယာကိုယ်လုပ် ပြီးနေတော့ ပိုက်ဆံလည်းရ ရောဂါလည်း ကင်းပေါ့။”

“ဘကြီး ကျွန်မတို့ ဥကပ်ပါးနဂ္ဂါနဲ့ စပါးခွံပေါင်းခံရည်သုံးလို့ ပဲတီစိမ်း ပိုပြီး ထွက်တဲ့အကြောင်း ပြောပြဦးလေ”

စိုက်ပျိုးရေးဌာန ဝန်ထမ်းအမျိုးသမီးတစ်ဦးက ဝင်ရောက်သတိပေးလိုက်ခြင်းဖြစ်သည်။

“ဟုတ်တယ်ဗျ။ ဒီကလေးမတွေ ပြောတဲ့ နဂ္ဂါကပ်တွေ၊ အဲဒါလေးတွေ အပင်မှာ လိုက်ပြီး ချည်ရတယ်။ အဲဒါတွေလည်း ချည်ထားရော အရင်လို ပိုးမကျတော့ဘူးဗျ။ အဲ့ဒါကြောင့် အသီးထွက်ပိုတယ်လို့ ထင်တာပဲ။ နောက်ပြီး ရေသန့်ဘူးနဲ့ သူတို့ယူလာတဲ့ အားဆေးရည်ကိုလည်း သုံးရတယ်ဗျ။ စပါးခွံကနေ ပေါင်းခံတယ် ပြောတာပဲ။ အဲဒီ အားဆေးရည်ကလည်း အစွမ်းထက်သဗျ။ အပင်တွေ အားရှိတဲ့အပြင် ဖျက်ပိုးတွေလည်း လာတာမတွေ့ရတော့ဘူး။ ကျုပ်ကတော့ ပဲခင်းက အထွက်ကောင်းတာကြောင့် ဒီပဲတွေမြန်မြန်ဆွတ်၊ မြန်မြန်ရောင်းပြီး၊ မြန်မြန် ထယ်ပြန်ထိုး၊ နောက်တစ်ကြိမ်တောင် ပြန်ပြီးစိုက်ချင်သဗျ”

### အားတက်ရွှင်လန်း အပြုံးပန်း

ပျော့ရွာမှ ဦးငွေးက အားပါးတရ ပြောကြားနေသံက ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ မျက်နှာကို အပြုံးပန်းများ ဆင်မြန်းစေပါသည်။ ကျွန်တော့်ဝန်ထမ်းများနှင့် ကျွန်တော်၊ အသက်ရှစ်ဆယ်ကျော် တောင်သူဦးကြီး၏ အားတက်ရွှင်လန်း အပြုံးပန်းများကိုကြည့်၍ ကြည်နူးနှစ်သက်နေမိသည်။

မြင်းမူမှ စစ်ကိုင်းသို့ အပြန်လမ်းတစ်လျှောက် ကားပေါ်တွင်ထိုင်ရင်း ကျွန်တော်တို့ ထွက်လာခဲ့သည့် ခရီးစဉ်ကို ပြန်ပြီးဆင်ခြင်နေမိသည်။ ကျွန်တော်တို့ စနေနေ့က နေပြည်တော်မှ ထွက်လာခဲ့ ခြင်းဖြစ်သည်။ ကျွန်တော်တို့ စစ်ကိုင်းတွင် ရောဝတီမြစ်ကြီးထဲသို့ ငါးသားပေါက်များ စိုက်ထည့်ပေးခဲ့သည်။ ကျွန်တော်တို့ စိုက်ထည့်ပေးခဲ့သည့် ငါးမြစ်ချင်း တစ်သိန်း၊ ငခုံးမကြီး ငါးသောင်းနှင့် ရွှေဝါငါးကြင်း ငါးသောင်းသည် နောက်သုံးလေးလတွင် ကျွန်တော်တို့ ပြည်သူများအတွက် ငါးဟင်းတစ်ခွက် ရပေတော့မည်။

ငါးသားပေါက်မျိုး စိုက်ထည့်ပြီး သမဝါယမတက္ကသိုလ် (စစ်ကိုင်း) သို့ ရောက်ရှိခဲ့သည်။ ပါမောက္ခချုပ် ဆရာမကြီးက စစ်ကိုင်းသမဝါယမတက္ကသိုလ်မှ စာရင်းအင်းပညာရှင်များ၊ လုပ်ငန်းခွင်စီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနေမှုကို အားပါးတရ ရှင်းပြသည်။ ပါမောက္ခချုပ် ဆရာမကြီး၏ ရှင်းလင်းပြမှုများက တိုင်းပြည်အတွက် အားတက်ခဲ့ရပါသည်။

စစ်ကိုင်းသမဝါယမတက္ကသိုလ်က ထွက်တော့ အောင်သာကျေးရွာရှိ စနက်စ်မန္တလေး ကုမ္ပဏီလီမိတက်သို့ ရောက်သည်။ ငရုတ်၊ ချင်း၊ နနွင်းနှင့် ကြက်သွန် အစရှိသည့် မီးဖိုချောင်သုံး သီးနှံအမျိုးမျိုးကို နေရောင်ခြည်စွမ်းအင်သုံး အခြောက်ခံစက်ဖြင့် အခြောက်ခံ၊ အမှုန့်ပြုလုပ်ပြီး အဆင့်မြင့်ထုပ်ပိုးနည်းစနစ်ဖြင့် ထုတ်လုပ်ရောင်းချနေခြင်းဖြစ်သည်။ နိုင်ငံတကာအသိအမှတ်ပြု အစားအသောက် ဘေးကင်းလုံခြုံမှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ မြန်မာနိုင်ငံ အစားအစာနှင့် ဆေးဝါးကွပ်ကဲမှုအဖွဲ့၏ ထောက်ခံချက်လက်မှတ်များ ရရှိထားသည့် ကုမ္ပဏီဖြစ်သည်။ ထုတ်လုပ်သည့် ထွက်ကုန်များ အဆင့်မြင့်သည့်အပြင် တောင်သူဦးကြီးများ စိုက်ပျိုးထုတ်လုပ်သည့် စားဖိုဆောင်သုံး သီးနှံများကို တန်ဖိုးမြင့် (Value added) ထုတ်လုပ်ခြင်းဖြစ်သဖြင့် အားပေးဂုဏ်ပြုစရာပင်။

### လူငယ်များအလေးထား စဉ်းစားစရာ

အောင်သာကျေးရွာ စနက်စ်မန္တလေးကုမ္ပဏီမှ ဆက်လက်ထွက်ခွာခဲ့ပြီး စစ်ကိုင်းမြို့နယ် မာလဲတောကျေးရွာရှိ မိုးပျံနဂါးကုမ္ပဏီ၏ မွေးမြူရေးခြံသို့ ရောက်ရှိခဲ့သည်။ ဒေသနွား၊ ဆိတ်၊ ဝက်နှင့် ဒေသကြက်များကို မွေးမြူထားခြင်းဖြစ်သည်။ အသားစားကြက်များ ခေတ်စားနေသည့် အချိန်တွင် ဒေသကြက်မွေးမြူသည့် ကုမ္ပဏီပိုင်ရှင် ပညာတတ်လူငယ်၏ ထွင်းဖောက်သည့် အကြံကလည်း လေးစားစရာပါ။ “ကျွန်တော့် ဒေသကြက်က သဘာဝ အစာစားတယ်။ ရှန်းကန်ပြီး အစာကိုယက်ပြီး ရှာဖွေစားရတယ်။ ဓာတုဆေးဝါးအစာကင်းတယ်။ အော်ဂဲနစ်ဖြစ်တယ်။ ကြက်ဥသေးပေမယ့် အာဟာရပြည့်ဝတယ်။ အားရှိတယ်။ ကျွန်တော့် ကြက်ဥဘုတ်ကင်တွေ ထပ်နေပြီး ရောင်းလို့ မလောက်ဘူး” ဟူသော သူ့စကားများက နိုင်ငံခြားသွားမှ၊ ထိုင်းတို့၊ မလေးရှားတို့သွားမှ ပိုက်ဆံရမည်ဟု ယုံကြည်နေကြသည့် ကျွန်တော်တို့နိုင်ငံမှ လူငယ်များအတွက် အလေးထား စဉ်းစားစရာပါ။

မိုးပျံနဂါးမှ ခရီးဆက်တော့၊ ဝက်လက်မြို့နယ် လှတောကေစီ(KC) နဂ္ဂါမွေးမြူရေး ဓာတ်ခွဲခန်းကို ရောက်ခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာန ဖွင့်လှစ်ထားခြင်းဖြစ်သည်။ နေပြည်တော်မှ ထွက်မလာခင် ခရီးစဉ်ဆွဲတုန်းက “လှတော” ဆိုသည့် နာမည်ကြားကတည်းက လှတောသားများ စကားကြွယ်လှသည်ကို စဉ်းစားမိသည်။ ယခုလည်း.......

“ကျွန်မတို့ လှတောကေစီက ဥကပ်ပါးနဂ္ဂါတွေ မွေးမြူထုတ်လုပ်ပြီး တောင်သူတွေရဲ့ သီးနှံတွေမှာ တွယ်ကပ်

*စာမျက်နှာ ၁၇ သို့*

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်း

နေပြည်တော် ဇွန် ၁၉

**တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ မန်ဆူဘုရားကြီး ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့ရှိ သာသနာ့ဝိပုလ ခတ်တော် စာသင်တိုက်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့ မြစေတီ ဆန္ဒတော်ပြည့် မိုးကုတ် ဓမ္မရိပ်သာ ကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ် ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့ရှိ သာသနာ့ဝိပုလ ခတ်တော် စာသင်တိုက်မှ သံဃာတော်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်း စစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၁၆ မှ*

တဲ့ ဖျက်ပိုးတွေကာကွယ်ပေးတာပါ။ သီးနှံဖျက်ပိုး ကာကွယ်ရေးအတွက် ပိုးသတ်ဆေးမသုံးဘဲ ကပ်ပါးနဂျီကို သုံးတာကြောင့် တောင်သူဦးကြီးတွေ ငွေကုန်ကြေးကျ သက်သာတဲ့အပြင် ပိုးသတ်ဆေးကြောင့် ဖြစ်ပေါ်စေတဲ့ ဥပဒ်အန္တရာယ်တွေကလည်း ကာကွယ်ရာ ရောက်ပါတယ်။”

လှတောကေစီမှ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ခံ ဒုတိယဦးစီးမှူး အမျိုးသမီးဝန်ထမ်းငယ်မှ ရှင်းပြနေခြင်းဖြစ်သည်။ ငယ်ရွယ်သော်လည်း သွက်လက်သည်။ ဖျတ်လတ်သည်။ သူ့ပညာရပ်အပေါ်တွင် ပိုင်နိုင်သည်။ ယုံကြည်ချက်အပြည့်ဖြင့် ရှင်းပြနေသည့် ၎င်း၏ ရှင်းပြပုံက အားရစရာပင်။

“ကေစီဆိုတာက”

ကျွန်တော်တို့အဖွဲ့ထဲမှ တစ်ယောက်က ကြားဖြတ်မေးလိုက်ခြင်းဖြစ်သည်။

“ကေစီဆိုတာ နော်လိတ်စင်တာ (Knowledge Center) ပါ။ မြန်မာလိုဆိုရင်တော့ စိုက်ပျိုးရေး ပညာပေးစခန်းပါ။ မြန်မာလိုပြောရရင် ရှည်လို့ ဒီတောင်သူတွေပါ ကေစီဆိုတာကို နှုတ်ကျိုးနေပါပြီ”

**တောင်သူအကျိုးပြု မိတ်ဆွေပိုး**

“ဥကပ်ပါးနဂျီဆိုတာက သဘာဝအလျောက်ရှိတဲ့ နဂျီမဟုတ်ဘဲ ဇီဝနည်းကို အသုံးပြုပြီး ဖျက်ပိုးဥမြုံတွေကို ကပ်ပါးလုပ်ပြီး သီးနှံစိုက်ခင်းတွေမှာ ပိုးမွှားကျရောက်မှုကို ကာကွယ်နှိမ်နင်းပေးနိုင်တဲ့ တောင်သူအကျိုးပြု မိတ်ဆွေပိုးဖြစ်ပါတယ်။ သူ့ရဲ့အမျိုးက ထရိုင်ကိုဂရမ်မာ (TRICHOGRAMMA) လို့ ခေါ်တဲ့ ဥကပ်ပါးနဂျီကောင်ပဲဖြစ်ပါတယ်”

“ဒီ ဥကပ်ပါးနဂျီကို ဆန်ထွေးဗန်းတွေမှာ ပိုးဥမွေးမြူရပါတယ်။ အဲဒီ ဆန်ထွေးပိုးဥကလေးတွေကို သေတ္တာနဲ့ စုဆောင်းထားရပါတယ်။ အဲဒီ ပိုးဖလံလေးတွေကို ဥကပ်ပါးနဂျီ သိုလှောင်ကိရိယာမှာ ဖွဲနု (ဆန်ထွေးပိုးစာ) ကျွေးပြီး မွေးမြူထားပြီး နောက်ပိုင်းမှာ သန့်စင်ကိရိယာနှင့် သန့်စင်ရပါတယ်။ အဲဒီ သန့်စင်ပြီး ဆန်ထွေးပိုးဥကတ်တွေကို ကပ်ပါးနဂျီတွေနဲ့ ပြုလုပ်ရပါတယ်။ ကပ်ပါး ပြုလုပ်တယ်ဆိုတာ တွယ်ကပ်စေတာပါ။ အဲဒီလို ကပ်ပါးနဂျီ ဥကတ်တွင် ပြင်ဆင်ပြီးတော့ ကွင်းထဲ လွှတ်ဖို့အသင့် ဖြစ်နေပါပြီ။ ကွင်းထဲ လွှတ်တယ်ဆိုတာကလည်း စပါးပင်တို့၊ ပဲတီစိမ်းပင်တို့မှာသွားပြီး ချည်ထားလိုက်တာပါ။ အပင်ကို အန္တရာယ် ဖြစ်စေတဲ့ ဖျက်ပိုးတို့၊ ဆစ်ပိုးတို့၊ ငါးမြှောင်တောင်ပိုးတွေကို အဲဒီကပ်ပါးပိုးနဂျီက တွယ်ကပ်ပြီး ဖျက်ဆီးပစ်ခြင်းဖြင့် အပင်ကို အကာအကွယ်ပေးတာပါ။

“ဥကပ်ပါး နဂျီ အမတစ်ကောင်ဟာ ဖျက်ပိုး ၁၀ ခုခန့်ကို ကပ်ပါးပြုနိုင်ပါတယ်။ အခုလို ကပ်ပါးပိုးနဂျီကို အသုံးပြုခြင်းဖြင့် ပိုးသတ်ဆေးသုံးစွဲမှုကို လျော့ကျစေနိုင်ပြီး ပိုးသတ်ဆေးကြောင့် တောင်သူများရဲ့ ကျန်းမာရေးထိခိုက်မှုကို လျော့ကျစေနိုင်ပါတယ်။ ဒါ့အပြင် သီးနှံတွေမှာ ပိုးသတ်ဆေးခတ်ကြွင်းများကို ကင်းဝေးစေပါတယ်။ နောက်ပြီး သီးနှံစိုက်ခင်းထဲရှိ မြွေ၊ ကြွက် စတဲ့ သက်ရှိသတ္တဝါတွေ ပိုးသတ်ဆေး အန္တရာယ်မှ ကင်းဝေးစေတဲ့အပြင် မြေထု၊ ရေထု၊ လေထုကိုလည်း အန္တရာယ် မဖြစ်စေနိုင်ပါဘူး။ ဒါ့အပြင် ဒီဥကပ်ပါးနဂျီကို ရေရှည်အသုံးပြုခြင်းဖြင့် လိပ်ပြာဖလံမျိုးရင်းဝင် ဖျက်ပိုးတွေကို ရေရှည်နှိမ်နင်းနိုင်တဲ့အတွက် ကုန်ကျစရိတ် သက်သာပြီး လုံခြုံစိတ်ချရတဲ့ စားသုံးသီးနှံတွေကို ထုတ်လုပ်ပေးနိုင်ပါတယ်။”

စိုက်ပျိုးရေးဦးစီးဌာန လှတောစခန်းတာဝန်ခံက အားရပါးရ ရှင်းပြနေပါသည်။

“ကဲ...သမီးတို့ ဥကပ်ပါးနဂျီကို ရွာတွေ စိုက်ခင်းတွေမှာရော စမ်းပြီးသုံးပြီးပြီလား။ တောင်သူတွေကရော လက်ခံရဲ့လား”

“ကျွန်မတို့ ပြီးခဲ့တဲ့နှစ် မိုးစပါးရာသီမှာ ရွာသာကြီးကျေးရွာက ဦးတင့်လွင်ရဲ့ စပါးစိုက်ခင်း၊ ကျီကန်ကျေးရွာက ဦးမြင့်သိန်းရဲ့ စပါးခင်း၊ ရွာကုန်းက ဦးတင်ဆောင်ရဲ့ စပါးခင်းနဲ့ လိန်ပင်ကျေးရွာက ဦးဉာဏ်ချိုရဲ့ စပါးခင်းတွေမှာ ၅ ဧကစီနဲ့ ဧက ၂၀ မှာ စမ်းသပ် အသုံးပြုခဲ့ပါတယ်။ ဖျက်ပိုးတွေကို နှိမ်နင်းနိုင်တာကြောင့် စပါးအထွက်တိုးခဲ့ပါတယ်။ အဲဒါကြောင့် အဲဒီတောင်သူကြီးတွေက ဒီနှစ်လည်း ထပ်ပြီးသုံးချင်လို့ အခုကတည်းက ကြိုပြီးတောင် မှာထားပါတယ်။”

“အေး...တောင်သူတွေက သဘောကျလက်ခံတာတော့ ဟုတ်ပါပြီ။ သမီးတို့ ဥကပ်ပါးနဂျီမွေးမြူတာရော အဆင်ပြေသလား။ လက်ရှိရော သမီးတို့စခန်းက ဥကပ်ပါးနဂျီကတ် ဘယ်လောက် မွေးမြူထုတ်လုပ်နိုင်သလဲ”

ကျွန်တော်က လိုအပ်ချက်များကို ဖြည့်ဆည်းပေးလို၍ မေးခြင်းဖြစ်ပါသည်။

“သမီးတို့ လက်ရှိ ဥကပ်ပါးနဂျီ မွေးမြူတဲ့ စခန်းနှစ်ခုရှိပါတယ်။ ဒီလှတောစခန်းက အဆောက်အဦက နဂိုစိုက်ပျိုးရေးဂိုဒေါင်ကို ပြုပြင်ပြီး သုံးထားတာပါ။ အရေးကြီးတာက ဥကပ်ပါး နဂျီမွေးမြူတဲ့စခန်းက အအေးခန်းဖြစ်ဖို့လိုတာပါ။ ဒီလှတော ခတ်ခွဲခန်းမှာက ဆန်ထွေးပိုးဥဗန်း ၄၀၀ ရှိပြီး နဂျီကတ်ပေါင်း ၄၈၀၀၀ ထုတ်လုပ်နိုင်ပါတယ်။ သီးနှံတစ်ရာသီမှာ ဥကပ်ပါးနဂျီကတ် သုံးကြိမ်လွှတ်ရပြီး တစ်ဧကတစ်ကြိမ်ကို အကြိမ် ၄၀ လွှတ်ရတဲ့အတွက် စိုက်ခင်းဧက ၄၀၀ အတွက် လုံလောက်ပါတယ်။ ရွှေဘိုမြို့မ ခတ်ခွဲခန်းကတော့ ဆန်ထွေးပိုးဥဗန်း ၂၀၀ ပဲ မွေးမြူနိုင်တာကြောင့် သီးနှံဧက ၂၀၀ ပဲ လုံလောက်ပါတယ်။ လှတော ခတ်ခွဲခန်းရော ရွှေဘိုမြို့မပါ ပေါင်းရင် ဧက ၆၀၀ အတွက်တော့ လုံလောက်ပါတယ်”

“အေး အဲဒါဆိုရင် ဥကပ်ပါးနဂျီသုံးချင်တဲ့ တောင်သူတွေ လုံလောက်သွားပြီလား။ ထပ်ပြီးတိုးဖို့ လိုသေးလား။ လိုချင်တဲ့ တောင်သူတွေရော ရှိသလား”


“ရှိတာပေါ့ အဘရယ်။ ကျွန်မတို့က အဆောက်အဦ မလုံလောက်လို့ မထုတ်ပေးနိုင်တာပါ ဆိုတာကြောင့် တောင်သူတွေက ပိုက်ဆံစုပြီး ပိုးနဂျီးဥ မွေးဖို့ အဆောက်အဦဆောက်ပြီး လှူထားပါတယ်။ အလျား ပေ ၃၀ ၊ အနံ ၂၆ ပေ၊ အမြင့် ၁၂ ပေ ရှိပါတယ်။ အဘကို လိုက်ပြပါမယ်။”

**အစိုးရနှင့် ပြည်သူ ညီတူသောစိတ်**

စိုက်ပျိုးရေးဝန်ထမ်း အမျိုးသမီးငယ်၏ စကားများက ကျွန်တော်တို့ရင်ကိုအေးမြလှစေသည်။ ပြည်သူနှင့် အစိုးရ၊ အစိုးရနှင့်ပြည်သူ ညီတူသောစိတ်ထားများဖြင့်သာ ယခုကဲ့သို့ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြလျှင်......

ကျွန်တော်တို့နိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်မည်မှာ မလွဲကေန်ပါ......

လှတောရွာမှ သမီးငယ်၏ စကားများက ကျွန်တော်တို့တိုင်းပြည် တိုးတက်ရေးအတွက် အားဆေးတစ်လက်ပါ...



# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းငါးသောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၉**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက်အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက် ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေး လျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပ လူနာပေါင်း ၂၅၁၅၃၀ ဦးနှင့် အတွင်းလူနာပေါင်း ၇၃၈၄၃ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၁၇၁၆ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၀၈၄ ဦး၊ စုစုပေါင်း ၁၇၈၀၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၉၃၇ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၅၄၁ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၄၄၇၈ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်း သန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဇွန် ၁၉**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ၌ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၊ ရောဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၇)ပညာရေးကျောင်းနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ စစ်တွေတက္ကသိုလ်တို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ စာသင်ဆောင်အတွင်း၊ အပြင် သန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးပေးခြင်း၊ ခြင်ဆေးဖျန်းခြင်းများနှင့် ABATE ဆေးခတ်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ် ဆေးရုံနှင့် ရွှေညောင်ဖူး တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်း မြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံ ပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ လုံခြုံရေးဆောင်ရွက်နေသည့် ယာဉ်တန်းအား နယ်မြေခံ အကြမ်းဖက်အဖွဲ့က ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဇွန် ၁၉

**စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ လုံခြုံရေးဆောင်ရွက်နေသည့် ယာဉ်တန်းအား နယ်မြေခံ PDF အကြမ်းဖက်အဖွဲ့မှ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။**

**ချောင်းမြောင်းပစ်ခတ်**

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ခင်ဦးမြို့ပေါ်ရပ်ကွက်များနှင့် ခင်ဦးမြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် မွန်းလွဲ ၂ နာရီ ခွဲခန့်တွင် မြင်းဒေါင်းကျေးရွာနှင့် သာဂရကျေးရွာကြားရှိ မမဲတူတံတား၊ တံတားအမှတ်(၂/၁၁) မိုင်တိုင်အမှတ် ၆ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံ ကြားအရောက်တွင် PDF အကြမ်းဖက်အဖွဲ့ အင်အား ၃၅ ဦးခန့်က လုံခြုံရေးယာဉ်တန်းအား လက်နက်မျိုးစုံဖြင့် ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

**မိုင်းရှင်းလင်းရေးဆောင်ရွက်**

ထိတွေ့မှုဖြစ်စဉ်တွင် PDF အကြမ်းဖက်အဖွဲ့မှ အကြမ်းဖက်သူ အမျိုးသားနှစ်ဦးသေဆုံးကာ အကြမ်းဖက်သူ အမျိုးသားငါးဦးအား တူမီးသေနတ်ငါးလက်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး **(အောက်ဝဲပုံ)** အဆိုပါ နေရာအနီးဝန်းကျင် လမ်းဘေးဝဲယာတွင် မိုင်း၁၀ လုံးခန့် ထောင်ထားသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မိုင်းရှင်းလင်းရေးများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ရာတွင် ပါဝင်သည့် PDF အကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် ထွက်ပြေးလွတ်မြောက်လျက်ရှိသူများအား ဖမ်းဆီးရမိနိုင်ရေး လိုအပ်သော ပိတ်ဆို့စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**





## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၆-၂၀၂၁ တနင်္ဂနွေနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင် အမိမြန်မာပြည်တစ်ခွင်
**၀၈:၄၀** တရုတ်ကာတွန်း '**မိုးကောင်ကြီး ဥယျာဉ်စွန့်စားခန်း**' (အပိုင်း-၂၃)
**၀၉:၃၅** MRTV Travelogue
**၁၀:၀၀** ဆင်နွဲ့ချိန်ခါမင်္ဂလာတေးသံသာ
**၁၀:၂၀** '**ဝသာန်မိုးရာသီ**' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၃၀** အသိပညာနှင့်အမှန်တရား
**၁၂:၃၀** This Week's Special Interest
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် '**ရွှေပင်နားတော့ရွှေကျေး**' (ညွန့်ဝင်း၊ ခင်သန်းနု)
**၁၆:၃၅** ဝန်းကျင်သဘာဝမျှလိုက သစ်ပင်စိုက်ကြဝဿာန်ကာလ
**၁၇:၁၀** ပြုံးပဒေသာ
**၁၇:၂၀** ထူးခြားစုံလင်အာရုပစိဗိတ်အစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၅** ရင်ဝယ်ပေါက်ဖွားအနုပညာစွမ်းအား မြင့်မားဝုဏ်အင်ဂန္ထဝင်အနုပညာရှင် (အပိုင်း-၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ခြေခြေမြစ်မြစ်နစ်နစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
**၂၁:၃၅** ဟိုးတုန်းကတကာ်ဆက်ဇာတ်လမ်းများ '**ရှိမိယိုဒသ**'

### mitv

**07:01** News
**07:27** Next Generation "Bon Bon" Drummer
**07:39** A Trip To The City Of Rakkhita, Rakhine
**08:01** Discovering Tribes "Rvwang" Their Life and Customs (Part-1
**08:27** Today Myanmar
**08:38** Don Min Artist
**09:01** Trend of Kachin Dress
**09:28** Atuladhipati Mahamunisacca Koe Htat Kyee Pagoda
**09:47** Irrawaddy Dolphin (Part-1)
**10:01** Weekly Review
**10:16** The Art of Making Glaze Ware
**10:36** Myanmar Masterclass: Artist Tin Win (Beikthano)
**11:47** Tahbuhla Dam & Oakkan Chaungtha

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
တစ်ပိုင်တစ်နိုင်စပျစ်စိုက်ခင်းဆီ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ပညာရှာမိုးသူများ
**ဝကေကာကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဒေါင်လန်ဖူးသို့အလည်တစ်ခေါက်(အပိုင်း-၄)
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ရိုးရာစောင်းတူရိယာ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကျွန်တော်တို့ရွာ
**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ရင်သားကင်ဆာအကြောင်း
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီတစ်ခေါက်တစ်ခါ အလည်ရောက်စေချင်
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်သည့် တရုတ်စံကားပွင့်လေးများ
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ညီငယ်မင်းသားလေးနှင့်ကျွန်တော်
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
မုန်ညှင်းစောတစ်ခွက်နဲ့ခံ့တွင်းမြိန်
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ချစ်ရမွက်မီး(အပိုင်း-၂)(ဇာတ်လမ်း)

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၁၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# မိုင်းယောင်းမြို့နယ်၌ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် တစ်အိမ်သုံးဆိုလာစနစ် ထောက်ပံ့ပေးအပ်



**မိုင်းယောင်း ဇွန် ၁၉**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP) အစီအစဉ်ဖြင့် တစ်အိမ်သုံး ဆိုလာစနစ် ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က မုန်းလိုက်ကျေးရွာအုပ်စု နမ့်ဆီလင်းကျေးရွာ၌ ကျင်းပသည်။

**သုံးစွဲနည်းများ ရှင်းလင်း**

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူက အမှာစကား ပြောကြားပြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းလောင်မှိုင်းက အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း အစီအစဉ်ဖြင့် တစ်အိမ်သုံး ဆိုလာစနစ် ထောက်ပံ့ပေးအပ်ခြင်းနှင့် တစ်အိမ်သုံးဆိုလာစနစ် (SHS-M)၊ (SHS-L) အသုံးပြုသုံးစွဲနည်းများကို ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တစ်အိမ်သုံး ဆိုလာ ၁၀၀ ဝပ် အစုံ ၆၀၊ လမ်းမီးတိုင် ၇၀ ဝပ် ငါးစုံနှင့် စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံ ၁၈၀ ဝပ် နှစ်စုံကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်ထွန်း၊ မြို့နယ်စီမံကိန်းဦးစီးရုံးမှ ဦးစီးအရာရှိ ဦးစိုင်းအောင်ခမ်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာ မျိုးမြင့်ကျော်တို့က ကျေးရွာနေ ပြည်သူများအား ထောက်ပံ့ပေးအပ်ကြပြီး ကျေးရွာတာဝန်ခံ အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၅၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၅၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၅၈၈၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉.၃၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃၇၉၃ | ၃၄၁၃၇၀၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၁ | ၃၆၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၅ | ၁၂၁၅၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၁ | ၃၀၅၀ |
| AHP | ၅၀၀၀ | ၄၈၀၀ | ၇၇၅ | ၃၇၅၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သင်ယူ၊ အသုံးချ၊ ဝေမျှ အသိဉာဏ်

## သိုက်စိုးထွန်း(နတ်ရွာ)

**ဘဝခရီးလမ်းကို ဖြတ်သန်းရတဲ့ကာလတစ်လျှောက်မှာ တွေ့ရကြုံရတာတွေ အများကြီးရှိကြတယ်။ နဖူးတွေ့ဒူးတွေ့ ကိုယ်ပိုင်အတွေ့အကြုံတွေရှိသလို ဖတ်ရှု၊ နားထောင်၊ သင်ယူခြင်းတွေကရလာတဲ့ တစ်ဆင့်ကြားသိအတွေ့အကြုံတွေလည်း ရှိပါတယ်။ အတွေ့အကြုံတွေကိုအကြောင်းပြုပြီး ဘယ်ဟာကို လုပ်ရင်တော့ ဘယ်လိုဖြစ်တတ်ပါလား၊ ဘယ်ဟာကို မလုပ်ရင်တော့ ဘယ်လိုဖြစ်တတ်ပါလားဆိုတဲ့ သင်ခန်းစာတွေ ရလာတယ်။**

လူတစ်ယောက်နဲ့တစ်ယောက် ဖြတ်သန်းရတဲ့ခရီးလမ်းမတူဘူး၊ ဉာဏ်ပညာအခြေခံမတူကြဘူး။ ဖြတ်သန်းရတဲ့ခရီးလမ်းတူတယ်ဆိုဦးတော့၊ တွေ့ကြုံရတဲ့ အတွေ့အကြုံက တူနေတယ်ဆိုဦးတော့ ဒီအတွေ့အကြုံ၊ အဖြစ်အပျက်က ရလာတဲ့ သင်ခန်းစာချင်းက မတူနိုင်ပြန်ဘူး။ သင်ခန်းစာယူတာကို သင်ယူတယ်လို့ပဲ ဆိုကြပါစို့။ သင်ယူပုံကွဲသွားတာနဲ့အမျှ ဦးတည်ရာလမ်းကြောင်းတွေလည်း ကွဲသွားကြပြန်ရော။

သင်ယူပုံနည်းလမ်းတွေကလည်း အမျိုးမျိုးရှိတယ်။ အိမ်မှာသင်ယူတယ်၊ ကျောင်းမှာသင်ယူတယ်၊ ဘဝအတွေ့အကြုံတွေထဲကသင်ယူတယ်။ သင်ယူမှုနဲ့ကင်းပြီး တတ်မြောက်လာတယ်ဆိုတာမျိုး မရှိပါဘူး။ စကားပြောတာလေးတောင် မိဘတွေက တစ်ခွန်းချင်း၊ နှစ်ခွန်းချင်းသင် ပေးခဲ့ရတာ။ 'ဝါဝါဝါဝါ'၊ အဲဒီနောက်မှာမှ 'ဖေဖေ၊ မေမေ၊ ကိုကို၊ မမ' ဒီလို ဖြည်းဖြည်းချင်းတက်ခဲ့ရတာပါ။ လမ်းလျှောက်တာလေးတောင် မလျှောက်နိုင်သေးလို့ ချိုင်းကနေမပြီး 'ရပ်နိုင်ပေ၊ တွေနိုင်ပေ၊ ဖြစ်ပေ၊ ဖြစ်ပေ'ဆိုပြီး အားပေးရင်းနဲ့ ဖြည်းဖြည်းချင်း သင်ပေးခဲ့ကြတာ။ အဲဒီကစပြီးတော့မှ ဖြည်းဖြည်းချင်း၊ တစ်လှမ်းချင်း၊ နှစ်လှမ်းချင်း စပြီးလျှောက်လာခဲ့ကြတာ။ လမ်းလျှောက်ဖို့မပြောနဲ့ ဝမ်းလျားမှောက် တာလေးတောင် မလုပ်နိုင်လို့ အမေက ဘေးကနေ ပခုံးလေးထိန်း၊ ကျောလေးထိန်းပြီး သင်ပေးခဲ့တာ။ စားတော့လည်း မစားတတ်ပြန်လို့ ဝါးခွံ့ရသေးတယ်လေ။

အခြေခံဖြစ်တဲ့ စားတာသောက်တာ၊ စကားပြောတာ၊ လမ်းလျှောက်တာလေးတောင် သင်ကြားမှု မပါဘဲ မဖြစ်နိုင်ခဲ့ဘူးဆိုတော့ ကျန်တဲ့ကိစ္စတွေဆိုတာတော့ မပြောနဲ့တော့ပေါ့လေ။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ တစ်နည်းနည်းသောဆရာတွေရဲ့ကျေးဇူးကြောင့်သာ ဘဝခရီးကို လျှောက်လှမ်းနိုင်ခဲ့ကြတာပါ။

### သင်ခန်းစာယူတတ်ခြင်း၊ မယူတတ်ခြင်း

သင်ယူတာကတော့ ဟုတ်ပြီ။ သင်ယူမှုတစ်ခုတစ်ခုပြီး တိုင်းမှာ သင်ခန်းစာတကယ်ရခဲ့ရဲ့လားဆိုတာလည်း စဉ်းစားစရာပါပဲ။ "တစ်ခါသေဖူး၊ ပျဉ်ဖိုးနားလည်"တဲ့။ တကယ်တမ်းကျတော့ အကြိမ်ကြိမ် အခါခါ သေဖူးတာတောင် ပျဉ်ဖိုးနားမလည်နိုင်တဲ့ အဖြစ်တွေ တော်တော်များခဲ့ပြီဆိုတာကို ကိုယ့်ဘဝဇာတ်ကြောင်း ကိုယ်ပြန်တွေးရင်း သိနိုင်ပါတယ်။ အစားမှားလို့၊ အသွားမှားလို့၊ အပြောမှားလို့၊ အလုပ်မှားလို့ ပြဿနာ ဖြစ်ရပေါင်းတွေလည်း များပြီလေ။ သင်ခန်းစာယူတတ်ခြင်း၊ မယူတတ်ခြင်းဆိုတဲ့အချက်အပေါ် မူတည်ပြီး တိုးတက်မှု၊ ဆုတ်ယုတ်မှု ကွာသွားကြတာပါပဲ။

အကောင်းနဲ့ အဆိုးဆိုတာကလည်း ပြောတော့သာလွယ်တာ၊ တကယ်တမ်းခွဲခြားဖို့ကျတော့ တစ်ခါတလေ ခက်နေတတ်ပြန်ရော။ အဖြူနဲ့အမည်းခွဲရတာလွယ်ပေမယ့် ခဲရောင်ကို ဘယ်ထဲထည့်ရမှန်း မသိသလိုမျိုး။ တချို့ကိစ္စတွေက ကိုယ်တိုင်ကြုံဖူးတွေ့ဖူး၊ ခံစားဖူးမှ "သြော်၊ ဒါတော့ဖြင့် မကောင်းပါလား" ဆိုပြီး ကောက်ချက်ချနိုင်တာ။ ခက်တာက ကိုယ်တိုင်ကြုံဖူးတွေ့ဖူး ခံစားဖူးပြီးလို့ မှားဖူးတဲ့ ကိစ္စမျိုးတောင်မှ ထပ်ပြီးမှားချင်မှားနေမိတာမျိုး။ ဒါဆိုရင်တော့ ကိုယ့်အခြေအနေက တော်တော်ဆိုးနေပြီလို့ ပြောရမယ် ထင်ပါရဲ့။ သင်ခန်းစာတစ်ခုကို မကြေညက်မချင်း ထပ်ကာထပ်ကာသင်နေရသလို ဘဝအတွေ့အကြုံ ဆိုတာကလည်း သင်ခန်းစာမယူတတ်ရင် ထပ်ကာတလဲလဲ လွဲနေမှားနေတတ်တာမျိုးပါ။

"ပညာ၏ရည်ရွယ်ချက်မှာ ဗဟုသုတစုရန်မဟုတ်၊ စုပြီးသား ဗဟုသုတကို အသုံးချရန်ပင်ဖြစ်သည်" လို့ Herbert Spencer က ပြောခဲ့ပါသတဲ့။ ကိုယ်ကိုယ်တိုင်ရော စုဖို့ချည်းစိတ်စောနေမိခဲ့သလား၊ သုံးဖို့အားထုတ်ဖြစ်ခဲ့ရဲ့လား။ သေချာပြန်သုံးသပ်ရဦးမှာပါပဲ။

### အသုံးမလိုဘဲ သင်ယူတာ အကျိုးများပါ့မလား

ဒီကျောင်းပြီးဟိုကျောင်း၊ ဒီသင်တန်းပြီး ဟိုသင်တန်း။ ဒီကအောင်လက်မှတ်ယူပြီး ဟိုက သင်တန်းဆင်းလက်မှတ်ပြေးယူ။ ဒီကကတ်ပြီး ဟိုကကတ်။ အိမ်မှာ ကတ်တွေတစ်ထပ်ကြီး။ ဒါကို ကတ်ရောဂါတဲ့။ မတတ်အပ်တဲ့ပညာမရှိဘူးဆိုပေမယ့် အသုံးမလိုဘဲ သင်ယူတာကျတော့ အကျိုးများပါ့မလားဆိုတာ စဉ်းစားစရာပါ။

"ကျောင်းတွေ၊ တက္ကသိုလ်တွေကသင်ပေးတာက သညာတွေပါ၊ ပညာမဟုတ်ပါဘူး"ဆိုပြီး သမားရိုးကျသင်ကြားရေးကို အရွဲ့တိုက်ရင်း ကျောင်းတွေ၊ တက္ကသိုလ်တွေကို စောစောစီးစီး ကျောခိုင်းသွားကြသူတွေရှိသလို ဘွဲ့တွေတစ်ခုပြီးတစ်ခုယူ၊ သင်တန်းတွေတစ်ခုပြီး တစ်ခုတက်၊ တက်ပြီးရင်း တက်နေတဲ့သူတွေလည်း ရှိပါတယ်။ ဆရာကန်တော့ပွဲတစ်ခုမှာ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ပြောခဲ့တာကို ပြန်သတိရမိပါသေးတယ်။ "တို့လူတွေကတော့ တက်စရာအတန်းမကျန်တော့ရင် ကျောင်းထဲက အုန်းပင်တောင် ရှာတက်ကြဦးမလားပဲ" တဲ့။

ပညာရှာရာမှာ ဘယ်သင်တန်းကဆင်းခဲ့တဲ့သူ၊ ဘယ်ကျောင်းက ဘာဘွဲ့ရခဲ့တဲ့သူလို့ တခြားသူတွေက အသိအမှတ်ပြုစေချင်တဲ့ရည်ရွယ်ချက်ကလည်း လုံးလုံးကင်းဖို့တော့ ခက်ပါတယ်။ ဒါပေမယ့် ဒီရည်ရွယ်ချက် တစ်ခုတည်းနဲ့ဆိုရင်တော့ အလုပ်မဖြစ်ပါဘူး။ သညာကနေ ပညာ၊ တတ်သိနားလည်ထားတဲ့ပညာကနေ အမှန်တကယ် အသုံးချဖြစ်တဲ့ ပညာအဆင့်အထိ ရောက်အောင်ကြိုးစားကြည့်ရမှာပါ။ ရတဲ့ဘွဲ့နဲ့ လုပ်တဲ့အလုပ် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေတဲ့သူတွေ အတော် များနေတာကို ကြည့်ခြင်းအားဖြင့် လူတစ်ဦးချင်း တစ်ယောက်ချင်းစီမှာ ထိထိရောက်ရောက်အသုံးမချဖြစ်ခဲ့တဲ့ ပညာရပ်တွေလည်း အတော်များနေတယ်ဆိုတာကို တွေ့နိုင်မှာပါ။

အသုံးချတယ်လို့ဆိုရာမှာ လူတစ်ဦးတစ်ယောက်ချင်းစီအတွက် အသုံးချခြင်း၊ မချခြင်းနဲ့ သက်ဆိုင်သလို အဖွဲ့အစည်းလိုက် အသုံးချမှုအနေနဲ့လည်း ချင့်ချိန်စရာတွေရှိပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီက အသုံးမချတော့ တစ်ဦးတစ်ယောက်ချင်းစီအတွက် နစ်နာသလို အဖွဲ့အစည်းက အသုံးမချဘူးဆိုရင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းအတွက် နစ်နာမှာပါပဲ။

တစ်ခါတုန်းက ရုံးတစ်ရုံးပြောင်းကြရွှေ့ကြတော့ မလိုအပ်တော့ဘူးလို့ ယူဆရတဲ့ စာရွက်စာတမ်းတွေကို ထုံးစံအတိုင်း မီးပုံရှို့လိုက်ပါသတဲ့။ မီးရှို့နေတဲ့အနားရောက်သွားတဲ့ လူတစ်ယောက်က 'ဘာတွေများ ရှို့နေပါလိမ့်'ဆိုပြီး ရှို့လက်စစာအုပ်လေးတွေကိုကောက်ကိုင်ကြည့်လိုက်တော့ ပြည်ပ ပညာတော်သင်တွေ တင်ပြထားတဲ့ သုတေသန ကျမ်းစာအုပ်တွေဖြစ်နေသတဲ့။ နှစ်ရှည်လများ လေ့လာပြုစုထားတဲ့ စာတစ်အုပ်က မီးတောက်မီးလျှံကြားမှာ အစပျောက်သွားရော။ မီးမရှို့ရင်တောင် ရုံးကဗီရိုထဲမှာ၊ စာကြည့်တိုက်က ဗီရိုထဲမှာ ရာသက်ပန်အိပ်စက်နေရတဲ့ စာအုပ်တွေက ဘယ်လောက်တောင် များနေပြီလဲမသိ။

သင်ယူမှုတွေရဲ့နောက်မှာ အသိဉာဏ်ပညာနဲ့ ထိရောက်တဲ့ အသုံးချမှုကပ်ပါမလာရင် အကျိုးနည်းတဲ့ သင်ယူမှုတွေဖြစ်နေဦးမှာပါ။ စာသင်ခန်းထဲကသင်ယူမှု၊ ပတ်ဝန်းကျင်ကသင်ယူမှု၊ အတွေ့အကြုံက သင်ယူမှု၊ ဘယ်သင်ယူမှုမျိုးမဆို သင်ခန်းစာမယူတတ်ရင်၊ အသုံးမချတတ်ရင် ဒီသင်ခန်းစာကနေ ရှေ့ကိုဆက်နိုင်မှာ မဟုတ်တော့ပါဘူး။

သင်ယူထားတဲ့ပညာတွေကို အသုံးချနိုင်အောင်ကြိုးစားရမှာပါ။ ဒီလိုမဟုတ်ဘဲ ပညာတခြား၊ အလုပ်တခြားဖြစ်နေတယ်ဆိုရင်လည်း လုပ်နေတဲ့အလုပ်နဲ့ လျော်ညီတဲ့ပညာကို လုပ်ရင်းကိုင်ရင်း သင်ယူရမှာပါ။ သင်ယူလေ့လာမှုဆိုတာ ဘယ်တော့မှမရပ်လိုက်သင့်တဲ့ အရာမျိုးပါ။

သင်ယူခြင်း၊ အသုံးချခြင်းတွေပြီးတဲ့နောက် မျှဝေခြင်းကိုလည်း ဆက်လုပ်ဖို့လိုပါတယ်။ သင်ယူတာ၊ အသုံးချတာတွေကို လူသာမက တိရစ္ဆာန်တွေလည်း လုပ်နိုင်ကြပါတယ်။ သူတို့အတွေ့အကြုံအရ ဘယ်အခြေအနေ၊ အချိန်အခါက အန္တရာယ်ရှိတယ်၊ ဘယ်အခြေအနေ၊ အချိန်အခါက အန္တရာယ်ကင်းတယ်ဆိုတာကို နားလည်ကြပါတယ်။ နားလည်တဲ့အတိုင်းလည်း လိုက်နာကြပါတယ်။ ဒါပေမယ့် သူတို့ နားလည်သလို တခြားသတ္တဝါတွေနားလည်လာအောင်ထပ်ဆင့်မျှဝေဖို့ကျတော့ နည်းနည်းအခက်အခဲ ရှိသွားတယ်။ ဘာသာစကားနဲ့ စာပေ မရှိလို့ပါတဲ့။

လူဟာ မျောက်ကနေဆင်းသက်တယ်ဆိုတဲ့ ဒါဝင်ရဲ့အယူကို လက်ခံတဲ့သူအတွက်ဆိုရင်တော့ သတ္တဝါတွေထဲမှာ လူကတခြားတိရစ္ဆာန်တွေထက်တောင် နောက်ကျပြီးမှ ပေါ်ပေါက်လာတယ်လို့ ဆိုရမှာပါ။ ဒါဝင်ဝါဒကိုလက်မခံတဲ့သူအတွက်လည်း လူနဲ့တိရစ္ဆာန် မရှေးမနှောင်း ပေါ်ပေါက်ကြတယ်လို့ ပြောရင်ရမှာပါပဲ။ ပြောချင်တာက ဒီလိုပါ။ သတ္တဝါတွေထဲမှာ လူတွေရော၊ တိရစ္ဆာန်တွေရော အလွန် ရှည်လျားတဲ့ ကာလရှည်ခရီးကြီးကို ဖြတ်သန်းခဲ့ကြပြီးပြီ။ ကာလရှည်ဖြတ်သန်းလာတာချင်းအတူတူ လူ့သမိုင်းက တိုးတက်မှုအံ့မခန်းဖြစ်လာခဲ့ပေမယ့် တိရစ္ဆာန်တွေကျတော့ တိုးတက်မှုရှိမလာကြဘူး။ ဘာ့ကြောင့် ဒီလိုကွာသလဲ။ ဆင်ခြင်တုံတရားကွာတာကို ပြောနိုင်သလို ကိုယ့်အတွေ့အကြုံ၊ ကိုယ့်သင်ခန်းစာတွေကို နောက်တစ်ယောက်ဆီ လက်ဆင့်မကမ်းနိုင်တာ၊ မမျှဝေနိုင်တာကြောင့်လို့လည်း ပြောနိုင်ပါတယ်။

### အသိဉာဏ်တွေကို ထပ်ဆင့်ဖြန့်ဝေဖို့ အရေးကြီး

လူတစ်ယောက်မှာ ငါးတစ်ကောင်စီရှိလို့ တစ်ယောက်နဲ့တစ်ယောက် လဲစားကြရင် ငါးတစ်ကောင်စီပဲရကြပေမယ့် အကြံဉာဏ်တစ်ခုစီရှိလို့ ဖလှယ်ကြရင်တော့ နှစ်ယောက်စလုံး အကြံသစ် ဉာဏ်သစ်တွေတိုးလာနိုင်ပါသတဲ့။ ကိုယ့်အတွေ့အကြုံ၊ ကိုယ့်သင်ယူမှုက ရလာတဲ့အသိဉာဏ်တွေကို အသုံးချရုံမက ထပ်ဆင့်ဖြန့်ဝေဖို့ သိပ်ကို အရေးကြီးပါတယ်။

ကိုယ်သိထားတဲ့အချက်အလက်တွေကို ပြန်လည်မျှဝေမှသာ ဆင့်ကဲတိုးတက်မှုတွေဖြစ်ပေါ်နိုင်မှာပါ။ ဘယ်အတိုင်းအတာအထိ မျှဝေသင့်သလဲ။ 'ဆရာစား ချန်တယ်' ဆိုတာမျိုး မရှိတဲ့အထိ မျှဝေသင့်ပါတယ်။ ဘယ်အချိန်အထိ မျှဝေနေသင့်သလဲ။ ဘဝခရီးလမ်းဆုံးကို မရောက်မချင်းပါ။ တစ်ဖက်က လက်ခံခြင်း၊ လက်မခံခြင်းကတော့ တစ်ဖက်လူတွေရဲ့တာဝန်ပါပဲ။ ကိုယ်သိထားသမျှ ဝေမျှပေးနေရမှာကတော့ ကိုယ့်တာဝန်ပါပဲ။ ထပ်ဆင့်မျှဝေမှုမပြုဘဲ လျှို့ထားတာမျိုးက တစ်ကိုယ်ကောင်းဆန်ရာကျပါတယ်။

သင်ယူခြင်း၊ အသုံးချခြင်း၊ ထပ်ဆင့်မျှဝေခြင်း။ ဒါတွေက တစ်ဆင့်ပြီးမှ တစ်ဆင့်လို့ ပြောနိုင်ပေမယ့် တကယ်တမ်းကျတော့ သုံးမျိုးစလုံးကို တစ်ပြိုင်တည်းဆောင်ရွက်နေရမှာပါ။ အသစ်အသစ်တွေ သင်ယူနေရမယ်။ သင်ယူထားသမျှ သင့်ရာသင့်ရာတွေကို အသုံးချနေရမယ်။ ဒီအချက်အလက်ကလေးတွေကတော့ဖြင့် အကျိုးရှိတန်ကောင်းရဲ့ဆိုတာမျိုးတွေ့ရင် မျှဝေနေရမယ်။

သင်ယူပုံနည်းလမ်းအမျိုးမျိုး၊ အသုံးချပုံနည်းလမ်းအမျိုးမျိုးရှိသလို မျှဝေပုံနည်းလမ်းတွေလည်း အမျိုးမျိုးရှိပါတယ်။ ပြောပြခြင်းအားဖြင့် မျှဝေမလား၊ ရေးသားခြင်းအားဖြင့်မျှဝေမလား၊ ဒီအလုပ် ဒီအလုပ်တွေကို ဒီလိုဒီလိုလုပ်ရတယ်၊ ဒီပြဿနာမျိုးကို ဒီလိုဖြေရှင်းရတယ်၊ ဘဝဆိုတာ ဒီလိုဒီလိုနေထိုင်ရတယ်ဆိုပြီး လက်တွေ့ပြသခြင်းအားဖြင့် မျှဝေမလား။ ဘယ်နည်းလမ်းနဲ့ပဲဖြစ်ဖြစ် အဓိကကတော့ မျှဝေနေဖို့ပါပဲ။

မျိုးဆက်ဟောင်းတွေထက် မျိုးဆက်သစ်တွေက အစစအရာရာ သာလွန်လာစေဖို့အတွက် နေ့တိုင်းရက်တိုင်းမှာ 'သင်ယူ၊ အသုံးချ၊ ဝေမျှအသိဉာဏ်' ဒီသုံးတန်လုံး စုံအောင် ဆောင်ရွက်သင့်ကြောင်းပါ။ ။

**❖ "ပညာ၏ရည်ရွယ်ချက်မှာ ဗဟုသုတစုရန်မဟုတ်၊ စုပြီးသား ဗဟုသုတကို အသုံးချရန်ပင်ဖြစ်သည်" ဒီကျောင်းပြီးဟိုကျောင်း၊ ဒီသင်တန်းပြီး ဟိုသင်တန်း။ ဒီကအောင်လက်မှတ်ယူပြီး ဟိုက သင်တန်းဆင်းလက်မှတ်ပြေးယူ။ ဒီကကတ်ပြီး ဟိုကကတ်။ အိမ်မှာ ကတ်တွေတစ်ထပ်ကြီး။ ဒါကို ကတ်ရောဂါတဲ့။ မတတ်အပ်တဲ့ပညာမရှိဘူးဆိုပေမယ့် အသုံးမလိုဘဲ သင်ယူတာကျတော့ အကျိုးများပါ့မလားဆိုတာ စဉ်းစားစရာပါ။**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြိတ်မြို့နယ်၌ ဆည်ရေသောက်ရေိယာမရှိ၍ မိုးစပါးကိုသာ အဓိကထားစိုက်ပျိုးနေ

**မြိတ် ဇွန် ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဆည်ရေသောက်ဧရိယာ မရှိသည့်အတွက် သီးထပ်အနေဖြင့် နွေစပါးစိုက်ပျိုးနိုင်ခြင်း မရှိသောကြောင့် မိုးရေသောက်စပါးများကိုသာ အဓိက အားထားစိုက်ပျိုးလျက်ရှိကြောင်း မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြတ်စိုးထံမှ သိရသည်။

“ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးရဲ့ အားနည်းချက်က ဆည်ရေသောက်စိုက်ပျိုးဧရိယာ မရှိပါဘူး။ ကျွန်တော်တို့ မြိတ်မြို့နယ်မှာလည်း ဆည်ရေသောက်ဧရိယာမရှိတဲ့အတွက် သဘာဝမိုးရေကိုပဲ အားကိုးပြီး မိုးစပါးတစ်မျိုးတည်း စိုက်ပျိုးလို့ရပါတယ်။ တကယ်လို့သာ ဆည်ရေသောက်ဧရိယာတွေ ရှိရင် သီးသန့်နေရာတွေမှာ သီးထပ်စိုက်ပျိုးလို့ရရင် ဒေသဝမ်းစာဖူလုံရေးကို ကာမိစေမှာဖြစ်ပါတယ်”ဟု ဦးစီးမှူးက ပြောသည်။

မြိတ်မြို့နယ်သည် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များအနက် လူဦးရေအများဆုံး နေထိုင်သော မြို့နယ်ဖြစ်ပြီး စီးပွားရေးအရလည်း ဖွံ့ဖြိုးသောဒေသတစ်ခုဖြစ်၍ အခြားနေရာဒေသများမှလူများ အခြေချ နေထိုင်လာကြခြင်းတို့ကြောင့် ၂၀၁၉-၂၀၂၀ မှတ်တမ်းများအရ မြို့ပေါ်နေ လူဦးရေမှာ သုံးသိန်းဝန်းကျင်ခန့်ရှိကြောင်း စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။



မြိတ်မြို့နယ်အတွင်းမှ မိုးစပါးစိုက်ပျိုးနေသည့် တောင်သူများ။

“ကျွန်တော်တို့ မြိတ်မြို့နယ်မှာ မိုးစပါး ၄၂၄၉၃ ဧက စိုက်ပျိုးပါတယ်။ ဒေသဝမ်းစာဖူလုံရေးအနေနဲ့ ၇၆ ရာခိုင်နှုန်းလောက် ဖူလုံမှုရှိပါတယ်။ လိုအပ်နေတဲ့ ၂၄ ရာခိုင်နှုန်းလောက်ကို အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေကနေ ဝယ်ယူရပါတယ်။ ဒေသဝမ်းစာဖူလုံရေးအတွက် မြိတ်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက အထွက်နှုန်းတိုးတက်စေနိုင်တဲ့ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးလုပ်ငန်း၊ မျိုးကောင်းမျိုးသန့်က ထွက်ရှိလာတဲ့ မျိုးစပါးတွေကို တောင်သူတွေဆီ ပေးပို့ပြီး တောင်သူတွေက မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေးလုပ်ငန်းနဲ့ မျိုးသန့်စံပြကျေးရွာတွေတည်ထောင်ခြင်းလုပ်ငန်းတွေကို အဓိက ဦးစားပေး ဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်ခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်လာပြီး နောင်တစ်ချိန်မှာ ဒေသရဲ့လိုအပ်ချက် ၂၄ ရာခိုင်နှုန်းကို ကာမိသွားစေမှာဖြစ်ပါတယ်”ဟု ဦးစီးမှူးက ဆက်ပြောသည်။

သကန်တောင်ပုကျေးရွာမှ ဒေသခံတောင်သူ ဦးထွန်းဦးက “စိုက်ပျိုးရေးဌာနကတော့ ကွင်းဆင်းပြီး တောင်သူတွေအနေနဲ့ အထွက်ကောင်းမျိုးစပါးတွေ ပြောင်းလဲစိုက်ပျိုးဖို့နဲ့ ခေတ်မီစိုက်ပျိုးနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် အသိပညာပေး ပြောကြားတာတွေရှိပါတယ်။ တောင်သူတွေအနေနဲ့လည်း ပျိုးထောင်စိုက်ပျိုးရင် စပါးအထွက်တိုးနိုင်တာကို သိပေမယ့် လုပ်သားရှားပါးပြီး နေ့စားလုပ်အားခ ဈေးကြီးတဲ့အတွက် မိရိုးဖလာ ကြဲပက်စနစ်ကိုပဲ လုပ်ကိုင်နေကြရပါတယ်”ဟု ၎င်းတို့၏ အခက်အခဲကို ပြောပြသည်။

မြိတ်မြို့နယ်တွင် နှစ်စဉ် မိုးစပါးစိုက်ဧကပေါင်း ၄၂၀၀၀ ကျော်ရှိပြီး ဒေသမျိုးစပါးများဖြစ်သော အောင်စိန်ရွှေ၊ ထားဝယ်မ၊ ကြွေးပြေ၊ ငစိန်၊ ပေါ်လဂဲ၊ စပါးမောင်ကြည်နှင့် ကောက်ညှင်း စသည့် ဒေသမျိုးစပါးများကို အဓိက စိုက်ပျိုးလျက်ရှိကာ ပေါ်ဆန်မွှေး၊ တောင်ပျံ စသည်တို့ကိုလည်း အနည်းအကျဉ်း စိုက်ပျိုးကြသည်။ ယခုနောက်ပိုင်းတွင်မူ အထွက်ကောင်းမျိုးဖြစ်သည့် ဆင်းသုခစပါးများကိုလည်း တောင်သူအတော်များများ စိုက်ပျိုးလာလျက်ရှိသည်။ ဒေသမျိုးစပါး ထွက်ရှိမှုမှာ တစ်ဧကလျှင် စပါးတင်း ၄၀ မှ ၅၀ ခန့်သာရှိပြီး အထွက်ကောင်းမျိုးစပါးကို စိုက်ပျိုးလျှင်မူ တစ်ဧကလျှင် တင်း ၉၀ မှ ၁၀၀ ခန့်အထိ ထွက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**မြင့်ဦး(မြိတ်)**

## စလင်း၌ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေး

**မကွေး ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ စလင်းမြို့နယ်အတွင်းရှိ ကျေးရွာများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးလျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ခံ ဒေါ်ဝင်းဝင်းထူးက ပြောသည်

ထိုသို့ ထုတ်ချေးရာ၌ ၂၀၂၁ ခုနှစ်အတွက် စိုက်ပျိုးငွေကျပ် ၁၀၁၀၅၁ သိန်းလျာထားပြီး ဇွန် ၁၈ ရက်အထိ ကျေးရွာအုပ်စု ငါးအုပ်စုရှိ လူဦးရေ ၁၃၂ ဦးကို စိုက်ပျိုးစရိတ်ချေးငွေကျပ် ၆၇၃၅၀၀၀၀ ထုတ်ချေးခဲ့ပြီး ဖြစ်သည်။ စလင်းမြို့နယ်၌ ကျေးရွာအုပ်စု ၉၆ အုပ်စုရှိ မိုးရာသီ စိုက်ပျိုးမည့်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

## သဲကုန်းမြို့၌ ကိုဗစ် - ၁၉ အသွားအလာကန့်သတ်သည့်နေရာအား စုပေါင်းသန့်ရှင်း

**သဲကုန်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့သီတဂူရွှေဥရာစုသစ်စက္ကူဒါနဆေးရုံရှိ အသွားအလာကန့်သတ်ထားသည့်နေရာကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးပြုလုပ်ခြင်း၊ ခုတင်များစနစ်တကျထားရှိခြင်းနှင့် အပြင်ဘက်ရှိ ချုံနွယ်များ၊ အမှိုက်များ ရှင်းလင်းကြသည်။

ထိုသို့ ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးအောင်ဝင်းထွန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးခင်မောင်အေးနှင့် ဌာနဆိုင်ရာများက ကြီးကြပ်ပေးကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# စည်းကမ်းဟူသည် လူ့တန်ဖိုး

## ဇင်မင်းစိုး (ဗိုလ်ကလေး)

ကျွန်တော်တို့ လူမှုနယ်ပယ် ပတ်ဝန်းကျင်တွင် စည်းကမ်းနှင့် ပတ်သက်၍ ပြောဆိုဆုံးမသည့် စကားများကို မကြာခဏ ကြားရတတ်သည်။ အများအားဖြင့် ပျက်စီးဆုံးရှုံးမှုကြုံသည့်အခါများတွင် စည်းကမ်းမရှိခြင်း၏ အကျိုးအပြစ်များကို ထောက်ပြ၍ ပြောဆိုဆုံးမသည့် စကားများမှာ ကြားရအများဆုံးစကားများ ဖြစ်သည်။

"စည်းကမ်းမှမရှိတာ ဖြစ်ပြီပေါ့"၊ "စည်းကမ်းမရှိတော့ တစ်နှစ်သုံးရမယ့်နေရာမှာ တစ်လတည်းနဲ့ ပျက်စီးသွားပြီ"၊ "ဆိုင်ကယ်ကို စည်းကမ်းတကျ မထားတော့ အခုတော့ ပါသွားပြီ"၊ "အမှိုက်မပစ်ရ ရေးထားတာကို စည်းကမ်းမဲ့သွားပစ်တော့ ဒဏ်ငွေ အရိုက်ခံရမှာပေါ့"စသည့် စကားများသည် တစ်ခု မဟုတ်တစ်ခု နိစ္စဓူဝ နေ့စဉ်ကြားနေရသည့် စကားများ ဖြစ်လေသည်။

ကွမ်းတံတွေးမထွေးရနေရာတွင် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမိသဖြင့် ဒဏ်ရိုက်ခံရသည့် သတင်း၊ ဆေးလိပ်မသောက်ရနယ်မြေတွင် ဆေးလိပ်သောက်မိသဖြင့် လူအများက ဝိုင်းဝန်းဖယ် ကြဉ်ပြောဆိုမှု ခံရသည့်အကြောင်းများလည်း မပါမဖြစ်ပင်။

ရေး၊ ကျောင်းပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းများကို စည်းကမ်းရှိစွာ ရိုရိုသေသေ ကိုင်တွယ်အသုံးပြုနိုင်စေရေး၊ ကျောင်းစည်းကမ်း လမ်းစည်းကမ်းများကို သိရှိမှတ်သား နားထောင်စေရေးတို့ကို ပုံပြင်၊ ဇာတ်နိပါတ်၊ သင်ခန်းစာများဖြင့် ရိုးသားဖြောင့်မတ် စည်းကမ်းရှိစွာ လိမ္မာလာအောင် ဂရုတစိုက် သင်ကြားပေးခဲ့ကြသည်။

ထို့အပြင် ကျွန်တော်တို့ငယ်ငယ်က သင်ကြားခဲ့ရသည့် "ခွင့်တောင်းပါ" ကဗျာလေးတွင်လည်း လူငယ်လူရွယ်များ၏ ဂါရဝတရား၊ နိဝါတတရားများကို စည်းကမ်းတရားများဖြင့် ဘောင်ကွတ်ကာ ဆုံးမသွန်သင်ပြသခဲ့ပါသည်။

**"ခွင့်တောင်းပါ"**
**မိဦးဖဦး ဆရာ့ဦးကို**
**ခူး၍အလျင် မစားနှင့်။**
**မိဘဆရာ ထားသည့်ဟာကို**
**မျက်နှာကွယ်လျှင် မယူငင်နှင့်။**
**လိုချင်သောအား စားချင်ပြားက**
**ဝပ်တွားခယ တောင်းပါကြ... ။**

အထက်ပါ ကဗျာလေးတွင် လူငယ် လူရွယ်များကို စည်းကမ်းမဲ့ မပြုကြဖို့နှင့် စည်းကမ်းတကျ ခွင့်တောင်းပြီးမှသာ ယူငင်သုံးစွဲကြဖို့ ဆုံးမပြသခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ မဖြစ်စေရန် ငယ်ရွယ်စဉ်ကပင် စည်းကမ်းမဲ့ခြင်း၏ ဆိုးကျိုးအပြစ်များနှင့် စည်းကမ်းရှိခြင်း၏ တန်ဖိုး ကောင်းကျိုးများကို ခွဲခြားသိမြင်လာအောင် ဂရုတစိုက် စိတ်ရှည်သည်းခံ၍ သွန်သင်ဆုံးမ လမ်းညွှန်ပြသပေးရန်လည်း အရေးကြီးသည်။

မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်လာပြီး ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံများသည်လည်း တိုးပွားလာခဲ့လေသည်။ လူဦးရေထူထပ်သည့် မြို့ပြများတွင် စည်းကမ်းနှင့် ပတ်သက်၍ လိုက်နာကြရန် အထူးတင်းကျပ်ထားကြပါသည်။

စည်းကမ်းရှိသောနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလျင်မြန်ကြောင်းကို ဂျပန်နိုင်ငံက သက်သေထူလျက်ရှိသည်။ ဂျပန်နိုင်ငံ၏ နေရာဒေသအများအပြားနှင့် လူစည်ကားရာနေရာများ၌ အမှိုက်ကင်းစင် သန့်ရှင်းနေလေသည်။ လမ်းမကြီးများတွင်လည်း အမှိုက်တစ်စပင် မရှိချေ။ အမှိုက်မရှိ၍ အမှိုက်ပုံးရှိသလားဟုဆိုရလျှင် အမှိုက်ပုံးလည်း မရှိချေ။ လူတစ်ဦးချင်းစီက မိမိအမှိုက်များကို မိမိကိုယ်တိုင်သိမ်းဆည်း၍ အမှိုက်ပုံးရှိရာတွင် စည်းကမ်းတကျ စွန့်ပစ်တတ်ကြသည့် အသိတရားဖြင့်ယှဉ်သော မြင့်မြတ်သော စိတ်ဓာတ်ပိုင်ရှင်များပင်ဖြစ်လေသည်။ လေးစားဖွယ် ကောင်းပေစွ။

အမှိုက်စွန့်ပစ်သူများကိုလည်း စည်းကမ်းမဲ့ အမှိုက်မပစ်ကြရန် မှတ်ချက်ပြု သုံးသပ်ပေးကြလေသည်။

အမှိုက်စွန့်ပစ်သူများအနေဖြင့်လည်း မိမိတို့အလွယ်တကူစွန့်ပစ်လိုက်သော အမှိုက်သရိုက်များသည် အခြားသူများအတွက် ဝန်ထုပ်ဝန်ပိုးကြီးမားမှုရှိသည်ကို တွေ့မြင်ရပြီး ရေမြောင်းပိတ်ဆို့ခြင်းမှစ၍ ခြင်ယင်နှင့် အနံ့အသက်ဆိုးများ ရှူရှိုက်မိကာ ကျန်းမာရေးထိခိုက်မှုကို မိမိတို့သာလျှင် ခံစားရကြောင်း မျက်မြင်ဒိဋ္ဌ တွေ့မြင်ရလေသည်။ စည်းကမ်းမဲ့အမှိုက်စွန့်ခြင်း၏ ဆိုးကျိုးများပင် ဖြစ်သည်။

ထို့ကြောင့် အိမ်နောက်ဖေးတွင် ဥယျာဉ်ပန်းခြံကလေးများတည်ဆောက်၍ ကလေးများဆော့ကစားနိုင်ရန်နှင့် အနားယူအပန်းဖြေနိုင်ရန် ပူးပေါင်းပါဝင်လာကြလေသည်။ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်းသည် ရက်စရာအဖြစ် ရှုမြင်လာကြလေသည်။

လူမှုပတ်ဝန်းကျင် လှုပ်ရှားသွားလာနေထိုင်မှုတွင်လည်း စည်းကမ်းလိုက်နာခြင်းသည် လုံခြုံမှုရှိလေသည်။ မိမိနှင့် မသက်ဆိုင်သော၊ မကျွမ်းကျင်သော နယ်ပယ်ဒေသများတွင်လည်း ကာလဒေသ ဥပဒေများအတိုင်း စည်းကမ်းတကျ နေထိုင်သင့်ပေသည်။ အစားအသောက်၊ အပြောအဆို၊ အနေအထိုင်မှအစ ယဉ်ကျေးမှု နယ်ပယ်အဆုံး စည်းကမ်းအတိုင်းပင် ပြောဆိုစားသောက် နေထိုင်ရန် အရေးကြီးပါသည်။

**"တန်ဆေး လွန်ဘေး"၊ "ကြမ်းကျွံတာ နှုတ်လို့ရသည်၊ စကားကျွံလျှင် နှုတ်၍ မရပါ"၊ "ပစ္စည်း ဟူသမျှ ရိုသေကြ"**

စသည့် ဆိုရိုးစကား ဆုံးမစကားများသည် စည်းကမ်းမဲ့ပြုကျင့်ခြင်း မပြုကြရန် ဆုံးမသတိပေးထားသည့် မှတ်သားစရာ စကားလုံးများဖြစ်သည်။

ရှေးလူကြီးသူမများသည် မိမိတို့ကြုံဆုံခဲ့သည့် စည်းကမ်းမဲ့ခြင်း၏ အကျိုးအပြစ်များကို နောင်းလူတို့ သိရှိနိုင်စေရန် စကားပုံများဖြင့် စည်းကမ်းသတ်မှတ် ဆုံးမထားခဲ့လေသည်။

◆ **စည်းကမ်းရှိသောနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလျင်မြန်ကြောင်းကို ဂျပန်နိုင်ငံက သက်သေထူလျက်ရှိသည်။ ဂျပန်နိုင်ငံ၏ နေရာဒေသအများအပြားနှင့် လူစည်ကားရာနေရာများတွင် အမှိုက်ကင်းစင် သန့်ရှင်းနေလေသည်။ လမ်းမကြီးများတွင်လည်း အမှိုက်တစ်စပင် မရှိချေ။ အမှိုက်မရှိ၍ အမှိုက်ပုံးရှိသလားဟုဆိုရလျှင် အမှိုက်ပုံးလည်း မရှိချေ။ လူတစ်ဦးချင်းစီက မိမိအမှိုက်များကို မိမိကိုယ်တိုင်သိမ်းဆည်း၍ အမှိုက်ပုံးရှိရာတွင် စည်းကမ်းတကျ စွန့်ပစ်တတ်ကြသည့် အသိတရားဖြင့်ယှဉ်သော မြင့်မြတ်သော စိတ်ဓာတ်ပိုင်ရှင်များပင် ဖြစ်လေသည်။**

သို့ဖြစ်ရာ ကျွန်တော်တို့ လူ့ဘောင်လောကတွင် အရေးအပါဆုံး လိုက်နာကျင့်သုံးရမည့် ယဉ်ကျေးမှုတစ်ခုမှာ 'စည်းကမ်းလိုက်နာခြင်း' ကျင့်ဝတ်တစ်ခုပင်ဖြစ်သည်။ စည်းကမ်းနှင့်ပတ်သက်၍ ကျွန်တော်တို့ ငယ်စဉ်ကပင် ဆရာ ဆရာမများ၏ ဆိုဆုံးမမှုများနှင့် သင်ကြားရင်းနှီးခဲ့ကြပြီး နောက်ပိုင်းတွင် လူတို့၏ အလေးမထား လျော့ရဲမှုများကြောင့်သာ တစ်ဦးမှစ၍ လူအများအထိ ကျင့်သုံးမှုနည်းပါးနေခြင်းဖြစ်သည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသည့် ဆောင်ပုဒ်နှင့်အညီ စည်းကမ်းနှင့်ပတ်သက်၍ ဆရာ ဆရာမများက အလေးထား သင်ကြားပေးခဲ့သည်။ ကျောင်းတက်ချိန် မှန်ကန်

ကလေးသူငယ်များ နုနယ်ငယ်ရွယ်စဉ်ကပင် စည်းကမ်းနှင့်ပတ်သက်၍ မိဘဆရာများက အခါအခွင့်သင့်တိုင်း သွန်သင်ဆုံးမကြရန် လိုအပ်သည်။ အိမ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ကျောင်းစည်းကမ်းများကို ကလေးသူငယ် လူငယ်လူရွယ်များစိတ်ထဲ စွဲမှတ်သွားအောင် ပြောဆိုဆုံးမကြသည်။

**"အသိယှဉ်တွဲ၊ စည်းကမ်းမြဲ**
**စွဲထင်မကွာ တစ်သက်တာ။**
**ကြောက်လို့လိုက်နာ၊ စည်းကမ်းမှာ**
**ခဏတာသာမြဲ...။"** ဆိုသည့် လင်္ကာအရ အသိတရားဖြင့်ယှဉ်သော စည်းကမ်းကသာလျှင် မြဲမြံခိုင်မာပြီး အကြောက်တရားလွှမ်းမိုးသော စည်းကမ်းမှာမူ ခဏတာသာ ခိုင်မြဲကြောင်း မှတ်သားသိရှိရသည်။

ကျွန်တော်တို့နေထိုင်ရာ မြန်မာနိုင်ငံ၏ မြို့ကြီးများတွင်လည်း လူငယ်လူရွယ်များ၊ အသင်းအဖွဲ့များ၊ ပရဟိတ အဖွဲ့အစည်းများက ဦးဆောင်၍ ကမ်ပိန်းမျိုးစုံ ပြုလုပ်ကာ အိမ်နောက်ဖေးများ၊ တိုက်ခန်းအနောက်ဘက်များ၊ ရေဆိုးမြောင်းများတွင် အမှိုက်ဆယ်ယူခြင်း၊ အမှိုက်သိမ်းခြင်းလုပ်ငန်းများကို စုပေါင်းလုပ်ဆောင်လာကြသည့် မြင်ကွင်းများသည် တွေ့မြင်ရသူများအဖို့ ကြည်နူး ဝမ်းသာပီတိဖြစ်ရလေသည်။

တူညီဝတ်စုံလေးများဖြင့် မခိုမကပ်ဘဲ သန့်ရှင်းရေးပြုလုပ်နေကြသည့် မြင်ကွင်းဓာတ်ပုံများသည် အွန်လိုင်းမီဒီယာများတွင် ပျံ့နှံ့လာရာ တွေ့မြင်ရသူများက မုဒိတာပွား၍ ဘာသာတရားအလိုက် ဆုမွန်ကောင်း တောင်းပေးကြသလို

**"စည်းအတွင်းမှာနေ ကင်းပေလိမ့်ရန်ဘေး**
**စည်းပေါ်ကျော် ချော်ကာကျ**
**များလှရန်ဘေး"** ဟူသည့် ဆုံးမစာသည်လည်း စည်းကမ်းမဲ့ပြုလုပ်မှု၊ စည်းကမ်းကိုကျော်၍ ဆောင်ရွက်မှုများသည် ဘေးအန္တရာယ်များလှကြောင်း အသိပေးထားသည့် ဆုံးမစာ လင်္ကာလေးတစ်ပုဒ်ဖြစ်သည်။

သို့ဖြစ်လေရာ စည်းကမ်းရှိခြင်းနှင့် စည်းကမ်းမဲ့ခြင်း၏ ကောင်းကျိုးဆိုးကျိုး ရလာဒ်များကို မပြုလုပ်ခင်ကပင် ကြိုတင်ကြံစည်တွေးတော၍ စည်းကမ်းရှိသော အနာဂတ်ဘဝများစွာဖြင့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်သစ်ဆီသို့ အတူလျှောက်လှမ်း ကြိုးစားကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

---

## တန့်ယန်းမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေး Mask Campaign ပြုလုပ်

**တန့်ယန်း ဇွန် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်အရန်မီးသတ်တပ်ရင်းသည် စေတနာရှင် ပြည်သူများနှင့်ပူးပေါင်းကာ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ၍ ရောဂါကာကွယ်ရေး အသိပညာပေးသည့် Mask Campaign ကို ဇွန် ၁၇ ရက်က ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အရန်မီးသတ်တပ်ရင်းမှ တပ်ဖွဲ့ဝင်များက အမှတ်(၁) အထက်တန်းကျောင်းရှေ့၊ မြို့နယ်စည်ပင်သာယာဈေးရှေ့နှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက်တို့တွင် နှာခေါင်းစည်း အခုရေ ၂၀၀၀ ကို ကျောင်းသားကျောင်းသူများနှင့် ပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ဟိုပင်မြို့နှင့် နမ္မတီးမြို့တို့တွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီလီမိတက်နှင့် တွေ့ဆုံဆွေးနွေး




ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးစဉ်။

**မြစ်ကြီးနား ဇွန် ၁၉**

ဟိုပင်မြို့ရှိ ဂလိုင်ချောင် ရေအားလျှပ်စစ်စက်ရုံနှင့် နမ္မတီးမြို့ရှိ နမ့်ခမ်းခရေအားလျှပ်စစ်စက်ရုံတို့မှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီတာဝန်ရှိသူများက ဇွန် ၁၇ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကြားကာလတာဝန်ယူဆောင်ရွက်ခြင်းဖြစ်သော်လည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်သူ/သားများ အလုပ်အကိုင်ရရှိရေးနှင့် ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကပိုင်လုပ်ငန်းများဖွံ့ဖြိုးရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီ၏ ရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးလိုအပ်သည်များကို တင်ပြဆွေးနွေးပေးစေလိုကြောင်း မှာကြားသည်။

ယင်းနောက်ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီမှ ဥက္ကဋ္ဌဒေါ်မရန်ဂျာဆိုင်းခေါ်န်နှင့် တာဝန်ရှိသူများက အများပိုင်ကုမ္ပဏီလီမိတက်မှ လက်ရှိဆောင်ရွက်လျက်ရှိသော ဟိုပင်မြို့ရှိ ဂလိုင်ချောင်ရေအားလျှပ်စစ်စက်ရုံနှင့် နမ္မတီးမြို့ရှိ နမ့်ခမ်းခ ရေအားလျှပ်စစ်စက်ရုံတို့အား ၂၀၁၄ ခုနှစ်မှ စတင်လွှဲပြောင်းရယူခဲ့ပြီး ဟိုပင်မြို့နှင့် နမ္မတီးမြို့တို့အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဓာတ်အားခများ တောင်းခံ/ ကောက်ခံရှိမှုနှင့် ဌာနသို့ ဓာတ်အားခပေးသွင်းရာတွင် ညှိနှိုင်းဆောင်ရွက်ပေးရန် အချက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးတွဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမျိုးဆွေက ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် သုံးသပ်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ရေအားလျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအပေါ် ဌာနဆိုင်ရာများ၊ ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မကွေးခရိုင်အတွင်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ တက်ရောက်

**မကွေး ဇွန် ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ မြို့နယ်(၆)မြို့နယ်၏ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးခဲ့သော အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၇ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင် တက်ရောက်၍ နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အိမ်ထောင်စု လူဦးရေစာရင်းများ ပေးအပ်သည်။

### ဆောင်ရွက်ပေးနိုင်ခဲ့

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ယခုအခါ နိုင်ငံတစ်ဝန်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားများနှင့် နိုင်ငံသားများအား ဥပဒေနှင့်အညီအိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး အတွက် ပန်းခင်းစီမံချက်ကို စစ်ဆင်ရေးတစ်ရပ်သဖွယ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ မကွေးခရိုင်အတွင်း အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၂၀၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၃၄ ဦး၊ အသက်(၁၀)နှစ်မှ(၁၈)နှစ်ပြည့် လဲလှယ်ခြင်း ၁၀၉၉ ဦး၊ ပျောက်ဆုံး/ပျက်စီးခြင်းအတွက် မိတ္တူ လျှောက်ထားခြင်း ၁၇၀၀၊ စုစုပေါင်း ၄၂၅၂ ဦးနှင့် အိမ်ထောင်စု ၁၀၁၉ စုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ပန်းခင်း စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မကွေးခရိုင်အတွင်း ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

## ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ သာယာဝတီမြို့နှင့် လက်ပံတန်းမြို့တို့ရှိ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ဇွန် ၁၆ ရက်က သာယာဝတီမြို့နှင့် လက်ပံတန်းမြို့တို့ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့၊ တည်ဆောက်ရေး(၉)ရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ရာ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးရွှေအောင်က သာယာဝတီခရိုင်အတွင်း မြို့နယ်အလိုက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး လုပ်ငန်းစဉ်များအား ဆောင်ရွက်နေမှု အခြေအနေနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ ကိုဗစ်-၁၉ရောဂါ ကာကွယ်နိုင်ရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လက်ခံရရှိမှုနှင့် မြို့နယ်များသို့ ပြန်လည်ဖြန့်ဝေပေးနေမှု အခြေအနေကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာသီဟက တိုက်နယ်ဆေးရုံနှင့် ပြည်သူ့ ဆေးရုံများတွင် ကိုဗစ်-၁၉ရောဂါ ကုသရေး ဆောင်ရွက်နေမှုနှင့် Facility Quarantine ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။



ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်စဉ်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉စည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်ရန် အသိပညာပေးခြင်းများအား အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်သွားရန်၊ ကိုဗစ်-၁၉ရောဂါနှင့်ပတ်သက်၍ ထူးခြားဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီတင်ပြရန်နှင့် လိုအပ်ချက်များရှိပါကလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် လက်ပံတန်းမြို့၊ အစိုးရစက်မှုလက်မှု(သိပ္ပံ) သင်တန်းကျောင်းသို့ သွားရောက်ခဲ့ပြီး ပိုးတွေ့လူနာဆောင် သီးခြားထားရှိမှု အခြေအနေနှင့် စေတနာ့ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုတို့အား ကြည့်ရှုအားပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေကျပ် (၃)သိန်းတို့အား ထောက်ပံ့ပေးအပ်ခဲ့ကာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် Facility Quarantine ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှု၊ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ရောဂါ စစ်ဆေးရေးဌာန ဖွင့်လှစ်ရန်နေရာနှင့် ဘီးလင်းတန်းရပ်ကွက်၊ ပေါက်ကုန်း- သီတာလမ်း အသွားအလာ ကန့်သတ်ချထားမှုတို့ကိုလည်းကောင်း၊ သာယာဝတီမြို့ အင်းရွာတောင်သူလယ်သမား သင်တန်းကျောင်း၌ Facility Quarantine ဖွင့်လှစ်နိုင်ရေး ကြိုတင် ပြင်ဆင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိများအား မှာကြားကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## အင်းတော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**အင်းတော် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်ကျေးလက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မြင့်သန်းသည် အင်းတော်မြို့နယ် ကျေးလက်ဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူးဦးစောနိုင်ဦးနှင့်အတူ အင်းတော်မြို့နယ်အတွင်း(၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဆိပ်သာကျေးရွာစက်ရေတွင်းတူးဖော်ဆောင်ရွက်ထားရှိမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော နန့်သာကျေးရွာမူကြိုကျောင်းဆောက်လုပ်ခြင်း၊ သက္ကယ်ကျင်းကျေးရွာကွန်ကရစ်ရေစုကန်တည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီးကျေးရွာကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **လူအောင်(ကသာ)**

# ဧရာဝတီတိုင်းဒေသကြီး သမဝါယမသင်တန်းကျောင်းတွင် ကိုဗစ်-၁၉ အသွားအလာကန့်သတ်ထားသည့်နေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှု

**ပုသိမ် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်သည် ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ တိုင်း/ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ပုသိမ်မြို့ သမဝါယမသင်တန်းကျောင်းရှိ ကိုဗစ်-၁၉ အသွားအလာကန့်သတ်ထားသည့်နေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးယောမင်းထွန်းက ကိုဗစ်-၁၉ ရောဂါ သံသယလူနာများထားရှိရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သံသယလူနာများအတွက် နေထိုင်မှုအဆင်ပြေချောမွေ့စေရေးနှင့် အဆောက်အအုံ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ပုသိမ်မျိုးစေ့အရည်အသွေး စစ်ဆေးခန်းသို့ သွားရောက်ရာ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်ခင်ဌေးမြင့်က မျိုးစေ့သန့်စင်မှုစစ်ဆေးခြင်း၊ မျိုးစေ့အပင်ပေါက်စစ်ဆေးခြင်းများကို လက်တွေ့သရုပ်ပြရှင်းလင်းခြင်း၊ မြေဓာတ်ခွဲဌာနလက်ထောက်ဦးစီးမှူး နန့်အိသဉ္ဇာက မြေချဉ်ငန်ဓာတ်တိုင်းတာခြင်း၊ ရေအငန်ဓာတ်တိုင်းတာခြင်း၊ ဓာတ်မြေသြဇာအရည်အသွေး စစ်ဆေးခြင်းများကို ရှင်းလင်းခြင်းနှင့် တိုင်းဒေသကြီးသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်ရီမြင့်က စပါးသီးနှံပင်များပေါ်တွင် ကျရောက်တက်သော ပိုးမွှားအမျိုးအစားများ၊ အပင်များတွင်ဖြစ်ပွားတတ်သောရောဂါများနှင့် အကျိုးပြုပိုးမွှားများ မွေးမြူမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ခရိုင်/မြို့နယ်များမှတစ်ဆင့်



တောင်သူလယ်သမားများထံသို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ပညာပေးဆောင်ရွက်သွားရန် လမ်းညွှန် မှာကြားသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဘားအံမြို့ ရေပေးဝေရေးဆောင်ရွက်နေမှုများကြည့်ရှုစစ်ဆေး

**ဘားအံ ဇွန် ၁၉**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ အဖွဲ့ဝင်များဖြစ်သည့် ဦးစောခင်မောင်မြင့်၊ ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇွန် ၁၈ ရက်က ဘားအံမြို့ ဘာမဲတောင်ပေါ်ရှိ မြို့ရေပေးဝေရေး ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၄) ရပ်ကွက် မြို့တော်ဦး ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဥူး ကောသလအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ရေမီတာတပ်ဆင်ရေး**

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့ဘာမဲတောင်ပေါ်ရှိ မြို့ရေပေးဝေရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ရေပေးဝေရေး ရှင်းလင်းဆောင်၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူနှင့် တာဝန်ရှိသူများက ဘာမဲတောင်ရေကန်များမှ ရေပေးဝေနေမှု၊ မြို့ရေပေးရေး လုပ်ငန်း၏ ရေအရင်းအမြစ်များ၊ ရေစစ်ကန်၊ ရေစုကန်၊ ရေကြည်ကန်များ၏ တည်နေရာ၊ မြစ်ရေတင်စက်များမှ ရေပေးဝေမှု၊ ရပ်ကွက် စက်ရေတွင်းများမှ ရေပေးဝေမှု၊ JICA ODA LOAN ဖြင့် ဆောင်ရွက်မှု၊ ADB Loan ဖြင့် ဆောင်ရွက်မည့် အစီအမံ၊ လှာက မြင်မြို့ကွက်သစ် ရေပေးဝေရေး ဆောင်ရွက်မှု၊ ရေပေးရေးလုပ်ငန်း၏ ရေပို့/ရေဖြန့်ဝေရေး ပိုက်လိုင်းများ၊ ဘားအံမြို့ ရေပေးရေးဆိုင်ရာ အချက်အလက်များ၊ အသုံးစရိတ်နှင့် ရရှိငွေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဘာမဲတောင်ပေါ်ရှိ ရှင်းလင်းဆောင် အတက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးနှင့် လမ်းဘေး ရေနုတ်မြောင်းများ စနစ်တကျ ဆောင်ရွက်ရန်၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက ရေသုံးစွဲသူများအားလုံး ရေမီတာတပ်ဆင်ရေးနှင့် ရေခွန်ပေးဆောင်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။



**အပန်းဖြေစရာများ ဖန်တီးပေးရန်**

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် စုဆောင်းချိန် နာရီ၂၀ အတွင်း ရေဂါလန် ၉၆၀၀၀၀ ရေစစ်နိုင်သော ဘာမဲတောင်ပေါ်ရှိ ရေစစ်ကန်၊ ရေစုကန်၊ ရေကြည်ကန်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ ဘာမဲတောင်ကို အများပြည်သူ အနားယူ အပန်းဖြေစရာနေရာတစ်ခုအဖြစ် ဖန်တီးပေးရန်၊ သဘာဝအတိုင်း ပေါက်ရောက်လျက်ရှိသော သစ်ပင်များကို အမျိုးအစားခွဲခြား၍ အမည်ဆိုင်းဘုတ်များ တပ်ဆင်ထားပေးရန် မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ထီးလင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားစေရေး နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုနှင့် အသိပညာပေးခြင်း ဆောင်ရွက်

**ထီးလင်း ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှုနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ထီးလင်းမြို့ လေယာဉ်ကွင်းဟောင်း(ယာယီ) ပျံကျဈေးနေရာ၌ ပြုလုပ်သည်။

ထိုသို့ ပြုလုပ်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဈေးရောင်း ဈေးဝယ်ပြည်သူများအား လက်သန့်ဆေးရည်များဖြင့် လက်များ ဆေးကြောသန့်စင်ပေးခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းများ ဝေငှတပ်ဆင်ပေးခြင်း၊ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အပြင်သို့ ထွက်ခွာတိုင်း ပါးစပ်နှင့် နှာခေါင်းစည်းများ အလေးထားတပ်ဆင်သွားလာရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**အောင်စည် (ပြန်/ဆက်)**

# အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်


အာဖရိက ဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇွန်လ၌ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ ပါဆမ်ကျေးရွာတွင် အဆိုပါရောဂါဖြစ်ပွားကျရောက်ခဲ့ပါသဖြင့် မိမိတို့ မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-


( ၁ ) အာဖရိက ဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊
( ၂ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု မြှင့်တင်ရန်၊
( ၃ ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
( ၄ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
( ၅ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
( ၆ ) အသက် အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊
( ၇ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင် လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
( ၈ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသော ခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
( ၉ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၁၀) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့်အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(၁၂) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၃) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

*စာမျက်နှာ ၂၅ မှ*

သိရှိထားပြီး ကျေးရွာအတွင်း ဝင်ရောက်စေရန် မြှုဆွယ်ကျုံးသွင်းခြင်း၊ ကျေးရွာအတွင်း ရွာသူ/ရွာသားများအား ကြိုတင်မောင်းထုတ်ဖယ်ရှားထားခြင်းတို့ ဆောင်ရွက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျေးရွာသို့ ဝင်ရောက်သည်နှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် မထောက်ခံသူတစ်ဦး၏နေအိမ်ကို စတင်မီးရှို့ခြင်းများပြုလုပ်၍ ရည်ရွယ်ချက်ရှိသော ကြိုတင်ကြံစည်သည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။




၎င်းအပြင် Ko Naing Facebook Account အပါအဝင် အခြားလူမှုကွန်ရက်တွင် လူသိများ ထင်ရှားသော Account အချို့မှ မီးလောင်မှုဖြစ်စဉ် အပြီး၌ ကင်းမကျေးရွာအတွက်ဟု ခေါင်းစဉ်တပ်၍ အလှူငွေများ ကောက်ခံခြင်းကို ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည့်အတွက် မီးလောင်မှုဖြစ်စဉ်အား ကြိုတင်ကြံစည်၍ ရည်ရွယ်ချက်ရှိရှိ မီးရှို့ခဲ့ပြီး ကျေးရွာမီးလောင်မှုကို အသုံးချ၍ ၎င်းတို့ အကြမ်းဖက်အဖွဲ့ အလှူငွေရရှိနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ NLD အမာခံများ ပါဝင်သည့် အကြမ်းဖက် PDF အဖွဲ့အနေဖြင့် အကြမ်းဖက် NUG ၏ ကြိုးကိုင်မှုဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၌ ဇွန် ၁၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံကျင်းပချိန်၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေးကျင်းပချိန်တို့နှင့် အချိန်ကိုက်၍ နိုင်ငံတော်အစိုးရပုံရိပ်ကို ထိခိုက်ရန်နှင့် နိုင်ငံတကာ၏ ဖိအားပေးမှုဖြစ်ပေါ်စေရန် အကြံဖြင့် အပြစ်မဲ့ကျေးရွာများအား မီးရှို့အကြမ်းဖက်နေသကဲ့သို့ ထင်မြင်လာစေရန် ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် NUG နှင့် ဆက်စပ်အဖွဲ့အစည်းများအား နောက်ကွယ်မှနည်းမျိုးစုံဖြင့် ထောက်ခံအားပေးလျက်ရှိသော ပြည်တွင်း/ပြည်ပ မီဒီယာများနှင့် အဖွဲ့အစည်းများ၏ လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်တို့၌ မြို့ဝင်ဘီးခွန်ဂိတ်နှင့် ကုန်တင်ယာဉ်သုံးစီးတို့ကို ဆူပူအကြမ်းဖက်သူများနှင့် လက်နက်ကိုင်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီး

နေပြည်တော် ဇွန် ၁၉

**ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်တို့၌ မြို့ဝင်ဘီးခွန်ဂိတ်နှင့် ကုန်တင်ယာဉ်သုံးစီးတို့ကို ဆူပူအကြမ်းဖက်သူများနှင့် လက်နက်ကိုင်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဇွန် ၁၈ ရက် ည ၇ နာရီ မိနစ် ၂၀ က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် လှိုင်းဘွဲ့-ပိုင်ကျုံးကားလမ်းဘေးရှိ လှိုင်းဘွဲ့မြို့ဝင် ဘီးခွန်ဂိတ်ကို အမျိုးသားတစ်ဦးက ဓာတ်ဆီလောင်းမီးရှို့ဖျက်ဆီးရန်ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ လှိုင်းဘွဲ့မြို့နယ် ကော့ဝန်းကျေးရွာနေ စောရွှားထိုဟီ(၂၂ နှစ်) (ဘ)ဦးစောဖလအယ်သည် ဓာတ်ဆီဘူးဖြင့် အဆိုပါဂိတ်၏ အခင်းနှင့် အကာများကို ပက်ဖျန်းကာ မီးရှို့ရန် ပြုလုပ်နေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်တာလုံကျေးရွာနှင့်မော်တောင်ကျေးရွာကြား မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၆၈)အနီး၌ KIA/TLNA လက်နက်ကိုင်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့က မူဆယ်မှ လားရှိုးဘက်သို့ မောင်းနှင်လာသည့် ကုန်တင်တွဲကား သုံးစီးအနက် နှစ်စီးကို ကားလမ်းပေါ်၌ ကန့်လန့်ပိတ်ရပ်ကာ ကျန်ယာဉ်တစ်စီး၏ ယာဉ်ခေါင်းခန်းကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။


အထက်ပါဖြစ်စဉ်မှ မြို့ဝင်ဘီးခွန်ဂိတ်ကို မီးရှို့ဖျက်ဆီးရန် ပြုလုပ်ခဲ့သူနှင့် မော်တော်ယာဉ်ကို မီးရှို့ဖျက်ဆီးခဲ့သူ ဆူပူအကြမ်းဖက်သူများနှင့် လက်နက်ကိုင်သောင်းကျန်းသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မူဆယ် - လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကုန်တင်ယာဉ်များအား အကြမ်းဖက်သူများနှင့် လက်နက်ကိုင်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

# ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို အကြမ်းဖက်သူများက လက်လုပ်မိုင်း၊ တူမီးသေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်



ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီး အကြမ်းဖက်သူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်လုပ်မိုင်းများနှင့် တူမီးသေနတ်တစ်လက်ကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်း မိဘပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို အကြမ်းဖက်သူများက လက်လုပ်မိုင်းများ၊ တူမီးသေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် ကနီမြို့နယ် မိချောင်းတွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများအနီး လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် မိချောင်းတွင်းကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာသို့အရောက်၌ ကားလမ်း၏ ဝဲဘက်ခြမ်းမှ အကြမ်းဖက်သူများက လက်လုပ်မိုင်းများ၊ တူမီးသေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ ညနေ ၄ နာရီ ၅ မိနစ်ခန့်တွင် အကြမ်းဖက်သူများသည် မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ဖြစ်စဉ်အနီးဝန်းကျင်၌ မပေါက်ကွဲသေးသည့် လက်လုပ်ကားမိုင်းနှစ်လုံး တွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။

ဆက်လက်၍ ဖြစ်စဉ်တစ်ဝိုက်ကို ထပ်မံရှာဖွေစစ်ဆေးခဲ့ရာ အကြမ်းဖက်သူ အမျိုးသားတစ်လောင်း၊ တူမီးသေနတ်တစ်လက်နှင့်အတူ ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး လေကာမှန် မိုင်းစထိမှန် ကွဲအက်ပျက်စီးခဲ့ကြောင်းနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် လွိုင်လင်-တောင်ကြီး သွားကားလမ်း ဟိုတင့်ကျေးရွာအနီး၌ ရှာဖွေစစ်ဆေးမှုများပြုလုပ်နေစဉ် Crown အမျိုးအစား မော်တော်ယာဉ်သည် ရှာဖွေစစ်ဆေးသည့်နေရာကို ရှောင်ကွင်း၍ ဟိုတင့်ကျေးရွာဘက်သို့ မောင်းပြေးသွားသဖြင့် ပိတ်ဆို့ဖမ်းဆီးရာ စိုင်းကျော်ဝင်း(၂၅နှစ်) နှင့် စိုင်းမောင် (၃၀နှစ်)တို့ နှစ်ဦးကို ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားနှင့်အတူ တွေ့ရစဉ်။



---

❍ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့်စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။**

**ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

---

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူ ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မအူပင်ဆိပ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၆၉-ဃ)၊ လပတ်အရှေ့ကွင်း၊ ဦးပိုင်အမှတ် (၅၅/၃)၊ ဧရိယာ ၀ဒသမ၃၄ ဧကရှိ မြေအား ဦးလွင်ဘိုဘိုကျော်မှ စက်မှု/စီးပွားမြေငှားဂရန် လျှောက် ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ပိုင်ဆိုင်သည့် စာရွက်စာတမ်း၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ ကြော်ငြာပါသည့် ရက်မှစပြီး ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးလွင်ဘိုဘိုကျော်

---

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/တောင်)၊ မြေကွက်အမှတ် (၉၄၉/ခ)၊ မြေဧရိယာ (၂၀'x၆၀')၊ မြေကွက် တည်နေရာအမှတ်-၉၄၉/ခ၊ မာန်ပြေ (၄)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသိန်းမောင် (CJ-၀၃၅၆၁၅) အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား ဦးသိန်းမောင်(ဖခင်)နှင့် ဒေါ်အမာဘီ(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးကံဦး ၁၂/သကတ(နိုင်)၁၃၂၃၇၅ထံမှ GP အမှတ် ၂၄၃၂/၂၀၂၀ (၁၃-၂-၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခိုင်ခိုင်လင်း ၁၂/စခန(နိုင်)၀၇၀၅၁၇မှ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် မှတ်ပုံ တင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

**အလိမ္မာ စာမှာရှိ**

---

## ပြောင်းလဲခေါ်ပါရန်

ဦးမောင်ငယ်၏သမီးဖြစ်သူ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ဗန်းမော်မြို့၊ အထက (၁) Grade-6 မှ မဝင့်ရတီလင်းအား မနန်းဝင့်ရတီလင်း ဟု ပြောင်းလဲခေါ်ပါရန်။

မနန်းဝင့်ရတီလင်း

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ် စတုတ္ထနှစ် သမိုင်းဘာသာရပ်မှ မချောစုခိုင်၏ ဖခင် ဦးညွှန့်လင်းနှင့် ဦးဌေးလွင် ၅/ရဘန(နိုင်) ၁၄၉၁၆၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးညွှန့်လင်း(ခ)ဦးဌေးလွင်

---

## ကိုစည်သူဆွေ ၁၂/ကမတ(နိုင်)၀၅၀၅၄၁ မပြည့်ပြည့် ၁၂/ပဘတ(နိုင်)၀၀၂၆၄၃ တို့ သိစေရန်

**ဦးသန်းနိုင်** ၁၂/ဗဟန(နိုင်)၀၅၂၂၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတည်ဆောက်ရေးစီမံကိန်းတွင် TNS ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ခွင့်ရသည့်တိုက် အဆောက်အဦး(၃) လုံး ဆောက်လုပ်ရန် လူကြီးမင်းတို့အား ယုံကြည်စွာထုတ်ပေးထားသော **ဦးသန်းနိုင်**၏ ကိုယ်ပိုင် ငွေကြေးစိုက်ထုတ်ငွေ ကျပ်သိန်း ၃၄၀၀ နှင့် တိုက်အဆောက်အဦဆောက်လုပ်ခြင်းအတွက် **ဦးသန်းနိုင်** ရရန်ရှိသော အကျိုးအမြတ်ငွေကျပ်သိန်း ၃၅၀၊ စုစုပေါင်း ငွေကျပ်သိန်း ၃၇၅၀ကို **ဦးသန်းနိုင်**အား တစ်ပြားတစ်ကျပ်မျှ ပြန်လည်ပေးအပ်ခြင်းမရှိသေးသည့်ကိစ္စရပ်နှင့် TNS ကုမ္ပဏီ၏ CEO ဖြစ်သူ **ဦးသန်းနိုင်**အား ၎င်းသိရှိသဘောတူညီခြင်းမရှိဘဲ TNS ကုမ္ပဏီမှထုတ်ပယ်ခြင်းကိစ္စရပ်တို့အပေါ် **ဦးသန်းနိုင်** က ဖြေရှင်းပါရန် အကြိမ်ကြိမ်တောင်းဆိုသော်လည်း လူကြီးမင်းတို့က အကြောင်းအမျိုးမျိုးပြရှောင်လွှဲနေပြီး နို့တစ်စာများ လက်မခံပြန်လာသည်ဟု သိရှိရပါသည်။ သို့ပါ၍ ယနေ့မှစ၍ ၃ရက်အတွင်း **ဦးသန်းနိုင်** ထံ မျက်နှာစုံညီတွေ့ဆုံဖြေရှင်းပါရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆွေဆွေညိမ်း(LL.B, D.B.L. DA.Psy)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၃၅၃၀/ ၈၆)

ဒေါ်ဇင်မာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၀၅၄၈/၁၅)

ဦးကောင်းထက်ဇော်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၉၈၉/၁၉)

SHWE TAUNG YAR ZAR LAW FIRM
အမှတ် (၁၄၅)၊ ပထမထပ်၊ ၃၇လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း- ၀၉-၅၀၈၂၂၃၄၊ ၀၉- ၄၅၆၀၀၂၈၂၉၊ ၀၉- ၄၂၁၁၅၉၁၀၇

---

## ဒေါ်တင်တင်ခိုင်နှင့် အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ နေကြာ (၄)လမ်း၊ မြေကွက်အမှတ် (၁၂၄၀)၊ ဦးဝင်းထွန်း အမည်ပေါက်သည့် နှစ် (၆၀) မြေငှားဂရန်မူရင်းပါ မြေအကျယ်ပေ (၄၀x၆၀)အနက်မှ မြေအကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်နှင့်စပ်လျဉ်း၍ (၁၆-၆-၂၀၂၁)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၉)တွင် ဒေါ်တင်တင်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော- ဒေါ်ဇင်ဝင်းထိုက်၊ ဒေါ်ဟေမာဝင့်အောင်၊ ဒေါ်အိဇင်မာဆန်းနှင့် အထက်တန်းရှေ့နေ ဦးအောင်ထင်ကျော်တို့၏ အများသိစေရန် ကြေညာခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြန်ကြားရှင်းလင်း၍ အသိပေးအပ်ပါသည်။**

ဒေါ်ခင်မိုးအေး ၁၂/ဒဂမ(နိုင်)၀၂၅၁၀၄သည် အထက်တွင်ဖော်ပြပါရှိသည့် မြေကွက်အကျယ်ပေ (၄၀x၆၀)အား (အဆင့် ဆင့်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုးဝင်းသန့်ထံ)မှ ဝယ်ယူပိုင်ဆိုင်ပြီး မခွဲမစိတ်ရသေးသည့် ယင်းမြေကွက်၏ (ခေါင်းရင်းဘက်အခြမ်းအား)ဂရန်မူရင်း ထည့်သွင်းလျက် ဒေါ်သင်းသင်းအေးဆိုသူသို့ ပြန်လည်ရောင်းချပြီးဖြစ်၍ ကျန်ရှိနေသော ယင်းမြေကွက်၏ (ခြေရင်းခြမ်း-မြေအကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်ကို လက်ရောက်ရရှိပိုင်ဆိုင်ထားသူ တစ်ဦးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်အား ဝယ်ယူထားသူဟုအဆိုရှိသည့် ဒေါ်တင်တင်ခိုင်နှင့်အတူ ပတ်သက်ဆက်နွှယ်သူများသည် ဤကြော်ငြာပါ သည့်ရက်မှ ၁၅ရက်အတွင်း လက်ရောက်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်မိုးအေးနှင့် ဆက်သွယ်လျက်ဖြေရှင်းပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်တင်တင်ခိုင်နှင့်အတူ ပတ်သက်ဆက်နွှယ်သူများအား မလွှဲမရှောင်သာဘဲ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုရလိမ့်မည်ဖြစ်ပါကြောင်း ဒေါ်တင်တင်ခိုင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဒေါ်ခင်မိုးအေး (ဖုန်း-၀၉-၄၃၁၂၄၃၂၉)**
**အမှတ် (၈၀၀/ခ)၊ ရာဇသင်္ကြန်လမ်း၊ UE (1)**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊**
**(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

---

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး ၌
## ၂၀၂၁ခုနှစ် တရားမဇာရီမှုအမှတ် -၁၀

ဒေါ်သောင်းသောင်းဆင့် နှင့် ဦးကံညွှန့်
(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်မေမျိုးအေး)

**တရားနိုင်** | **တရားရှုံး**

တရားရှုံး ဦးကံညွှန့် အမှတ် (၆၃)၊ ပေါ်ဆန်းမွှေးလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်- ၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သောင်းသောင်းဆင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂ ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော်၈ရက်)မွန်းမတည့်မီ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၁ ခုနှစ်၊ ဇွန် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းဇော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ မြေကွက်အမှတ်(၄/က+၄/ခ)၊ ဧရိယာ (အလျား ၁၀၀ x အနံ ၅၀ပေ)၊ ၀ဒသမ ၁၁၄ ဧက၊ (၅၀၀၀ စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်တည်ရှိသော အမှတ်(၄/က+၄/ခ)၊ ပင်လုံလမ်းနှင့် ဗိုလ်ဇင်ယော်လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင် သည့်နေရာတွင် တည်ရှိသော အဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ် တို့ကို အမည်ပေါက် ဦးကျော်မင်း ၁၃/ကခန(နိုင်)၀၃၃၆၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ)၂၁၇၂**
**B.A(LAW), LL.B(Advocate), D.B.L,D.M.L, D.I.L,D.A. Psy.**
**WIPO, DL(101),(201), (317) Switzerland (Geneva)**
**အမှတ် (၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၇၁၂၀၆၊ ၀၉-၉၇၄၇၃၅၆၈၆**

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့ မြို့ပြစီမံကိန်းနှင့်စည်ပင်သာယာရေးကော်မတီ မြေယာဌာနတွင် ဦးထွန်းထွန်း ၁၂/အစန(နိုင်)၁၃၉၄၄၀၊ ဒေါ်ခင်ခင်အေး ၁၂/ဥကတ(နိုင်)၁၃၃၈၄၈ အမည်ပေါက်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃) ရပ်ကွက်၊ ကရမက်လမ်း၊ အမှတ် [၁၅၃(က+ခ)] မြေဧရိယာ အလျားပေ ၆၀၊ အနံပေ ၆၀ အကျယ်အဝန်းရှိသည့် နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်နှင့် နှစ် ထပ်တိုက် RC တစ်လုံးအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးသွင်ထူးအောင် ၁၂/အစန(နိုင်)၀၆၆၆၅၆ (ရိုးမဘဏ် ကိုယ်စားလှယ်၊ ရိုးမဘဏ်ရုံးချုပ်တာဝန်ရှိသူ) ရိုးမဘဏ်အနေဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်မ ဒေါ်သန်းသန်းဝင်း ၁၁/မပန(နိုင်)၀၀၀၂၆၁ သည် ဝယ်ယူရန်သဘောတူခဲ့ပါသည်။ ၁၅-၆-၂၀၂၁ရက်တွင် ပြုလုပ်စာချုပ်သော ပစ္စည်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။အထက်ပါအရောင်းအဝယ်ပြုလုပ်မှုကို ပိုင်ရေးဆိုင်ခွင့်ရှိပြီး ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဝင်း ၁၁/မပန(နိုင်)၀၀၀၂၆၁
ဖုန်း-၀၉-၅၁၉၈၉၅၃၊ ၀၉-၄၀၀၄၀၀၈၆၅

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၅၄)၊ ပထမထပ်နေ ကျွန်မ၏သမီး ဖြစ်သူ မသီရိတင့် ၇/ပခန(နိုင်)၁၈၇၀၆၈သည် မိဘများ ဆိုဆုံးမသည်ကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ခြင်းနှင့် မိဘများခွင့်မလွှတ်နိုင်သော အမှားများကို မိမိသဘော ဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားသည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံသမီးဖြစ်သူမှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်- ဒေါ်မြင့်ရီ
၇/ ပခန(နိုင်)၀၇၂၁၉၂

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူ ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မအူပင်ဆိပ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၆၉-ဃ)၊ လပတ်အရှေ့ကွင်း၊ ဦးပိုင်အမှတ် (၅၅/၂)၊ ဧရိယာ ၀ဒသမ ၂၁ ဧကရှိ မြေအား ဒေါ်သန်းသန်းအေးမှ စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ပိုင်ဆိုင်သည့် စာရွက်စာတမ်း၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှစပြီး ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်သန်းသန်းအေး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ ဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆ ၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-


(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ မေလ အလှူရှင်စာရင်း

| | | |
|---|---|---|
| ၃၃၈။ ဒေါ်ခင်ခင်အောင် | လှိုင်းဘွဲ့မြို့ | ၂၀၀၀၀ |
| ၃၃၉။ ဒေါ်မိုးမိုး | ပျော်ဘွယ်မြို့ | ၅၀၀၀၀ |
| ၃၄၀။ ဗိုလ်ကြီးအောင်မြင့်ကျော်(ငြိမ်း)+ ဒေါ်ခင်မြင့်ချို(ဒုညွှန်မှူး-ငြိမ်း) | မော်လမြိုင်မြို့ | ၃၀၀၀၀ |
| ၃၄၁။ ဦးနေဝင်း | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၃၄၂။ ဒေါ်ခင်နွဲ့မိသားစု | နေပြည်တော် | ၁၅၀၀၀၀ |
| ၃၄၃။ ဗိုလ်ကြီးရဲဝင့်ထွန်း+ဒေါ်သူသူအောင် (သမီး)မအေးဝင့်သူမိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၃၄၄။ ဒေါ်ယုယလွင်မိသားစု | နေပြည်တော် | ၅၀၀၀၀ |
| ၃၄၅။ ဦးတင်ထွဋ်+ဒေါ်စောကလျာငြိမ်း (မြဝတီဘဏ်နေပြည်တော်) | နေပြည်တော် | ၂၀၀၀၀၀ |
| ၃၄၆။ ဒေါ်လှလှ | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၃၄၇။ ဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)+ ဒေါ်ကြည်ကြည်ဆွေ | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၃၄၈။ ဒေါ်နွယ်နွယ်စန်း | ချောက်မြို့ | ၅၀၀၀ |
| ၃၄၉။ ဦးဇော်ဇော်ထက် | မြိတ်မြို့ | ၃၀၀၀၀ |
| ၃၅၀။ ဖခင်ဗိုလ်ကြီးအောင်မြင့်အား ရည်စူး၍ (သမီး)ဒေါ်နှင်းနှင်းခိုင်ကောင်းမှု | နေပြည်တော် | ၅၀၀၀၀ |
| ၃၅၁။ ဒေါ်တင်အေး | မိတ္ထီလာမြို့ | ၃၀၀၀၀ |
| ၃၅၂။ ဦးလက္ခဏာ (ရွာသစ်ကုန်းဘုန်းကြီးကျောင်း) | မိတ္ထီလာမြို့ | ၁၂၀၀၀၀ |
| ၃၅၃။ ဦးအောင်သိုက်+ဒေါ်တင်စိန် | မိတ္ထီလာမြို့ | ၅၀၀၀၀ |
| ၃၅၄။ အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီမှ ဝန်ထမ်းများ(မစက) | ရန်ကုန်မြို့ | ၃၁၆၅၀၀ |
| ၃၅၅။ ဦးအေးမင်းသူ | နေပြည်တော် | ၁၀၀၀၀ |
| ၃၅၆။ ဒေါ်ခင်မေရီ | ပုသိမ်မြို့ | ၁၅၀၀၀၀ |
| ၃၅၇။ ဒေါ်ဖူးသက်တာ | ကော့သောင်းမြို့ | ၁၀၅၀၀၀ |
| ၃၅၈။ အင်းဝဘဏ်(မြိုင်ကလေး)မှဝန်ထမ်းများ | မြိုင်ကလေးမြို့ | ၁၀၀၀၀၀ |
| ၃၅၉။ ဦးအိုက်ထွန်း+ဒေါ်မြင့်မြင့်သန်း | ပျော်ဘွယ်မြို့ | ၃၀၀၀၀ |
| ၃၆၀။ အထည်ချုပ်စက်ရုံ(ဝါယာလက်) (ချုပ်လုပ်မှု-၁၀)မှဝန်ထမ်းများ | ရန်ကုန်မြို့ | ၇၀၀၀၀ |
| ၃၆၁။ ဦးညွန့်ဝင်း+ဒေါ်ခင်ဌေးမိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၃၆၂။ ဒေါ်နီနီမြင့် | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၃၆၃။ ဦးခင်မောင်လွင် | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၃၆၄။ ဦးသောင်းဆွေ+ဒေါ်ဝင်းမာမိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀၀ |
| ၃၆၅။ အရာခံဗိုလ်စိုးမြင့်(လေ)(ငြိမ်း)+ ဒေါ်ခင်စန်းမြင့် | မိတ္ထီလာမြို့ | ၂၀၀၀၀၀ |
| ၃၆၆။ ဦးဇော်နိုင်ဦး | မော်လမြိုင်မြို့ | ၆၀၀၀၀၀ |
| ၃၆၇။ ကွယ်လွန်သူ ဦးမြင့်ဦးအားရည်စူး၍ ဇနီးဒေါ်ဌေးဌေးမြင့်နှင့်သားသမီးမြေးကောင်းမှု | နေပြည်တော် | ၁၀၀၀၀၀ |
| ၃၆၈။ ဦးသိန်းတန် | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၃၆၉။ ဦးလှသိန်း+ဒေါ်သန္တာလွင် မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၇၀။ ဦးကိုလတ်+မအိချို မိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၃၇၁။ ဒေါ်အေးအေးသက်မိသားစု | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၃၇၂။ အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှဝန်ထမ်းများ(မစက) | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၃၇၃။ ဦးကိုကိုဦး+ဒေါ်သဲမာ (မြဝတီသတင်းစာတိုက်) | နေပြည်တော် | ၁၀၀၀၀၀ |
| ၃၇၄။ ကွယ်လွန်သူ ဦးမောင်မြင့်+ဒေါ်လှရှင် အားရည်စူး၍ ဒေါ်အေးသဇင်အောင်နှင့် ကျန်ရစ်သူမိသားစု | ရန်ကုန်မြို့ | ၇၀၀၀၀၀ |
| ၃၇၅။ ဦးရဲဝင်းကို | ရန်ကုန်မြို့ | ၁၆၈၀၀၀ |
| ၃၇၆။ ဒေါ်ပြုံးပြုံးဝင်း | မြဝတီမြို့ | ၁၀၀၀၀၀ |
| ၃၇၇။ Myanmar Land & Development | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၃၇၈။ ဦးထွန်းထွန်း+ဒေါ်ဇင်မာစုလှိုင် | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၃၇၉။ ဗိုလ်မှူးဇေယျာမြင့်+ Dr.သူဇာလင်း | အောင်လံမြို့ | ၁၀၀၀၀၀ |
| ၃၈၀။ ဦးသိန်းအောင်+ဒေါ်အေးအေးခိုင် | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၃၈၁။ ဦးမောင်မောင်+ဒေါ်ခင်ဝင်း | နေပြည်တော် | ၂၀၀၀၀၀ |
| ၃၈၂။ မြဝတီဘဏ်လီမိတက်မှဝန်ထမ်းများ | နေပြည်တော် | ၃၁၄၀၀၀ |
| ၃၈၃။ ဒေါ်ရီရီခင် | မန္တလေးမြို့ | ၅၀၀၀၀ |
| ၃၈၄။ ဒေါ်စုစုသိန်း | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၃၈၅။ ဒေါ်သင်းသင်းရွှေ၊ ဒေါ်မဥ္စူအေးအောင် | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၃၈၆။ ဦးခင်မောင်ဇော်မိသားစု | ပြည်မြို့ | ၁၀၀၀၀၀ |
| ၃၈၇။ ဗိုလ်မှူးချုပ်အောင်မျိုးအေး+ ဒေါ်သန်းသန်းဌေး | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၃၈၈။ ဗိုလ်မှူးအောင်အောင်ထွေး(ငြိမ်း)+ ဒေါ်သိန်းသန်းဝင်း(မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်းလှူဒါန်း) | နေပြည်တော် | ၇၀၀၀၀၀ |

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးများ(၂)စာအုပ် ဝယ်ယူရရှိနိုင်




**ရောင်းဈေး ၅၀၀၀ ကျပ်**

ရန်ကုန်တက္ကသိုလ်ကြီး၏ ကြီးမြတ်သည့် သမိုင်းကြောင်းများနှင့် ကြီးမားသည့် အစဉ်အလာများကို ပြည်သူများ ခံစားသိမြင်နိုင်စေရန်အတွက် စာပေပညာရှင်၊ ဝါသနာရှင်အသီးသီးက မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထုတ်ဖော်ရေးသားခဲ့ကြပါသည်။

အဆိုပါ ဆောင်းပါးများကို တစ်စုတစ်စည်းတည်း စုစည်း၍ **"ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးများ(၂)"** စာအုပ်အဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေခဲ့ပါသည်။

ဤစာအုပ်တွင် ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင် အရေးပါနေဆဲ၊ တန်ဖိုးထား တမ်းတနေရဆဲဖြစ်သော ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ် ဘဝဖြတ်သန်းမှုအတွေ့အကြုံများကို ရေးသားဖော်ပြထားသည့် ဆောင်းပါးပေါင်း ၆၁ ပုဒ်ကို စုစည်းဖော်ပြထားပါသည်။

**ဝယ်ယူရရှိနိုင်သည့် နေရာများ**

- ရုံးအမှတ်(၇)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း – ၀၆၇ ၃၄၁၂၃၇၁။
- ထုတ်လုပ်ရေးဌာနခွဲ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ ၈၂၀၁၉၃၆၊ ၀၁ ၈၃၇၁၃၄၀။
- အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ။
- စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၅)၊ ခြံအမှတ်(၈)၊ အနော်ရထာလမ်းမတွင် တည်ရှိသော မြေဧရိယာ ၀ဒသမ ၀၅၅ ဧက၊ အလျား ပေ ၄၀ x အနံ ပေ ၆၀ အား တရားဝင်ပိုင်ဆိုင်သော ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိအိဖြူ ၉/ခအဇ(နိုင်)၀၀၆၉၂၁ ထံမှ ဒေါ်တင်မေရီက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်မေရီ**
**၈/မကန(နိုင်)၁၀၉၂၀၈**
**ဖုန်း– ၀၉– ၄၂၀၀၃၃၂၁၀၊**
**၀၉– ၉၆၅၇၆၀၀၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(V၆၅)၊ဧရိယာ(၂၆၀၆) စတုရန်းပေ=(၃၄'၆"/၃၅'x၇၅')၊ မြေကွက်တည်နေရာ အမှတ်(၅၁)၊ မန္တလေးလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်(ဦးစိန်အောင်လင်း(CF–၁၀၈၉၃၄) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်–၁၆၄၈/၂၀၂၀ (၁၉–၃–၂၀၂၀)ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်နီလာအောင်လင်း ၁၂/မဂတ(နိုင်)၀၄၇၇၇၃မှ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်း ထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/2538 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/5185 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်)**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ဦးပိုင်အမှတ်(၇ခ)၊မြေ ၀ဒသမ ၀၇၁ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအား ပိုင်ဆိုင်ခွင့်ရှိသူ ဦးကြင်ဆွေမှ သားဖြစ်သူ ဦးကိုကိုလတ် ၉/ ကဆန(နိုင်)၀၀၀၅၉၅ နှင့် ဇနီး ဖြစ်သူ ဒေါ်ဇာခြည်စုလှိုင်ကျော် ၁၄/ကလန(နိုင်)၀၀၁၂၇၂ တို့အား ၎င်းမြေကွက်နှင့် အဆောက်အအုံကို မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးကြင်ဆွေ**
**၉/ ကဆန(နိုင်)၀၉၈၇၄၈**
**ဖုန်း–၀၉– ၅၁၄၆၉၁၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန်လိုအပ်သော Trnasformer နှင့်နှစ်တိုင်စင်ဆက်စပ်ပစ္စည်းများ၊ 33 kV HT Line ပစ္စည်းများ၊ 11 kV HT Line ပစ္စည်းများ (SAC)၊ 1 kV HT Line ပစ္စည်းများ(ACSR)၊ 400 V LT လုပ်ငန်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၂၁.၆.၂၀၂၁) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၁.၇.၂၀၂၁)ရက်နေ့၊(၁၄ : ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁–၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ရောင်းချရန်ကြော်ငြာစာ
## တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်–၂၀၀

| | | |
|---|---|---|
| မြဝတီဘဏ်လီမိတက် | နှင့် | ၁။ ဦးခင်မောင်တင့် |
| (၎င်းဘဏ်၏ကိုယ်စား | | ၂။ ဒေါ်မြင့်ဝင်း |
| ဒုတိယအထွေထွေမန်နေဂျာ | | ၃။ ဦးခင်မောင်ဝင်း |
| ဦးဝင်းမြင့်) | | |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂၂၇/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၁ခုနှစ် ဇူလိုင် ၂၉ရက် နံနက် ၁၀:၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်၊ အကွက်အမှတ်(၁၇၅)၊ ဦးပိုင်အမှတ်(၇–က + ၇–ခ)၊ ဧရိယာ (၀ ဒသမ ၀၃၁၃ + ၀ ဒသမ ၀၁၇၆) စုစုပေါင်း (၀ ဒသမ ၀၄၈၉) ဧကရှိ ဘိုးဘပိုင်မြေနှင့် မြေပေါ်ရှိ အဆောက်အဦများ။

**လေလံကြမ်းခင်းဈေး – ငွေကျပ် (၁၆၁၆၅၀၀၀၀၀)**
**(ကျပ်တစ်ထောင်ခြောက်ရာတစ်ဆယ့်ခြောက်သန်းငါးသိန်းတိတိ)**
**အရောင်းကြော်ငြာပြန်သွင်းရန် (၂၉–၆–၂၀၂၁)**
**ရောင်းချရန်စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲ ဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့် ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင်ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့် မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၁ခုနှစ် ဇွန် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ–၆)၊ ဦးပိုင်အမှတ်(၁၂/ခ)၊ မြေဧရိယာ (၁၅x၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျော်မင်း အမည်ပေါက် စလစ်မြေကွက်ဖြစ်ပြီး ဦးကျော်မင်းထံမှ ဒေါ်သီသီမော်ကလည်းကောင်း၊ ဒေါ်သီသီမော်ထံမှ ဦးတက်ဂျာဘဟာဒူးကလည်းကောင်း အသီးသီးကိုယ်စားလှယ်လွှဲ၍ ဝယ်ယူခဲ့သော ဝိုင်းမြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟုအဆိုပြုသူ ဦးတက်ဂျာဘဟာဒူး(ဘ) ဦးဒီလ်ဘာဒူး ၉/မကန(နိုင်)၀၃၅၉၈၂ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မင်းဦး(LL.B)(စဉ်–၁၀၆၄၅)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၃၈၄)၊ အရာတော်ရပ်၊ သံ/နောက်**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း–၀၉–၉၁၀၁၃၈၄၀၊ ၀၉–၇၉၈၉၁၄၃၉၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း) ကျောက်ဆည်မြို့မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် လက်ကိုင်ရှည်လက်တွန်းထွန်စက်မှ ပစ္စည်းအစိတ်အပိုင်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါ သည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** – ၂၁–၆–၂၀၂၁ ရက်မှ ၂၀–၇–၂၀၂၁ ရက် မွန်းတည့် ၁၂:၀၀ နာရီထိ

၃။ **တင်ဒါပိတ်ရက်** – ၂၁–၇–၂၀၂၁ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ

၄။ တင်ဒါဖွင့်မည့်ရက်ကို ထပ်မံကြော်ငြာပါမည်။

အထက်ပါလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ဤစက်ရုံသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပြီး ဖုန်း–၀၆၆–၂၀၅၀၄၈၃၊ ၀၆၆–၂၀၅၀၄၈၄၊ ၀၉–၄၂၀၀၁၅၀၄၄၊ ၀၉–၄၀၀၇၀၉၅၀၀ များထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ်(၁၅၇၈)နှစ်ထပ်အိမ် နေအိမ်နှင့် ပတ်သက်၍ ကန့်ကွက်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် (၁၅၇၆) နေ ဒေါ်ရီရီမြင့်(ခ)ဒေါ်ရင်ရင်စိုး ၁၂/အစန(နိုင်)၁၄၄၆၅၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီမြင့် (ခ) ဒေါ်ရင်ရင်စိုးနှင့် အထက်လိပ်စာပါ ဒေါ်မာမာအေးတို့သည် ငွေကြေးအပေးအယူကိစ္စများရှိပြီး ဒေါ်မာမာအေးမှ ၎င်းနေအိမ်အား ရောင်းချပြီး ငွေပြန်လည်ပေးအပ်မည်ဟု ကတိပြုထားသော ငွေကျပ်သိန်း(၁၇၀)အား အထက်ဖော်ပြပါ လိပ်စာပါနေအိမ်ကို ရောင်းချပြီးပါက ငွေများပြန်လည်ပေးဆပ်မည်ဟု ဝန်ခံကတိပြုထားပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ နေအိမ်နှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းဝယ်ခြင်းမပြုပါရန် ကန့်ကွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်စိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၄၅၀၄)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ညောင်တပင်လမ်း၊ အိမ်အမှတ်_၁၅၅၀/ဆ–၂၀၊ အကျယ်အဝန်း အလျား(၁၉ပေ၅လက်မ)x အနံ(၆၁)ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးစိန်တင် ၁၂/အစန(နိုင်)၁၃၁၈၅၃ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**စည်သူအုံ့ဘွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၄၅၃)**
**ST.Legal(Lawyer and Law Firm)**
**ရှေ့နေများနားနေခန်း၊စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း–၀၉–၈၉၅၅၀၃၃၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/4407, Mazda Bongo SKFZT P/U ယာဉ် လက်ဝယ်ရှိသူ ဦးဇော်ဦး ၈/နမန(နိုင်) ၁၄၂၄၅၂က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မော်လမြိုင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်–၂၂

| | | |
|---|---|---|
| ဒေါ်စိမ်းနုဝေ | နှင့် | ဒေါ်ဘီ |
| **တရားလို** | | **တရားပြိုင်** |

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ တောင်ဗိုလ်ချုပ်လမ်း၊ အမှတ်(၇၂၇/ဒီ)နေ ဒေါ်ဘီ (ဘ) ဦးမာမက်ဆမာအင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် ဇွန်၃၀ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇွန် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောလင်းထက်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဌေးကြွယ်ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ တိုက်အမှတ်(၃၂)ဟုခေါ်တွင်သော နှစ်ခန်းတွဲ(၆)ထပ်တိုက် အဆောက်အဦ၏ ၃–လွှာ(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်) အကျယ်အဝန်း(၁၃ပေခွဲx၆၀ပေ)ရှိတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်မြင့်မြင့်ဌေး ၉/မနတ(နိုင်)၀၇၈၀၇၅မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိလာရောက်ပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုလာပါသည်။၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု ပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကိုပြီးဆုံးသည့်တိုင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဘူမောင်(LL.B)(စဉ်–၂၂၇၄၇) ၊ ဒေါ်ရွှေစင်ဝင်း(LL.B)(စဉ်–၁၆၇၀၅)**
**(အထက်တန်းရှေ့နေ) (တရားလွှတ်တော်ရှေ့နေ)**
**'လင်း'အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် ရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊၀၉–၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်မြို့နယ်၊ (၇၂)ရပ်ကွက်၊ ကျန်စစ်သားလမ်းမပေါ်ရှိ မြေကွက်အမှတ် ၇၄၂(က)၊ (အလျား ၂၀ ပေ၊ အနံ ၆၀ ပေ)မြေကွက်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သက်သက်ခိုင်ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြလိပ်စာပါ မြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးခိုင်**
**၁၂/ကတတ(နိုင်)၀၂၄၄၄၈**
**ဖုန်း–၀၉–၉၆၀၂၄၁၄၁၁**

## အမှားပြင်ဆင်ခြင်း

(၁၈–၆–၂၀၂၁) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ–၂၉ ၌ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင်ပါရှိ သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၄၉၃)နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် (၄၉၃)၊ သရေခေတ္တရာလမ်း(၂၀)၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ကြော်ငြာ၌ပါရှိသော မြေကွက်အမှတ်(၄၉၃)နှင့် အိမ်အမှတ်(၄၉၃)တို့အစား မြေကွက်အမှတ် (၉၄၃)နှင့် အိမ်အမှတ်(၉၄၃) ဟု ပြင်ဆင်ဖတ်ရှုပါရန် ပြင်ဆင်ကြေညာအပ်ပါသည်။

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် (BB/မြနန္ဒာရပ်)၊ ဦးပိုင်အမှတ်(၇၆)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်အား ဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်စန္ဒာ ၁၂/အစန(နိုင်)၀၂၄၇၇၂ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အသုံးမပြုနှစ်ကြာပစ္စည်းအဟောင်းများ ရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ပုံနှိပ်စက်ရုံအသီးသီးရှိ အသုံးမပြုနှစ်ကြာပစ္စည်းအဟောင်းများအား ပုံတိုက်စနစ်ဖြင့်ရောင်းချမည်ဖြစ်၍ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၃၀၀၀ိ/-နှုန်းဖြင့် ၂၁-၆-၂၀၂၂ ရက်မှ ၃၀-၆-၂၀၂၂ ရက်ထိ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ ရုံးချိန်များအတွင်း အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်တွင် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၅-၇-၂၀၂၂ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကျော်လွန်သော တင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါပုံစံစည်းကမ်းချက်များ၊ အသုံးမပြုနှစ်ကြာပစ္စည်းအဟောင်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့**
**ဖုန်း–၀၁၈–၃၈၀၈၀၄၊ ၀၁၈–၃၈၂၀၇၀**

## အမည်ပြောင်း

ရန်ကုန်မြို့၊ သမိုင်း(၁)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၃၉၄)နေ ဦးကျော်ဒင် ၁၂/မရက(နိုင်)၀၄၈၂၆၉၏သမီး အလက (၄)၊ မရမ်းကုန်းမှ အလယ်တန်းပြဆရာမ ဒေါ်နီနီထွန်းအား ဒေါ်နီနီဝင်းထွန်း ၁၂/မရက(နိုင်)၁၂၅၀၉၄ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဒေါ်နီနီဝင်းထွန်း**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာနှင့် စည်းကမ်းချက်များကို (၁၈-၆-၂၀၂၂ မှ ၂၄-၆-၂၀၂၂ထိ) နေ့စဉ်နံနက် ၉:၃၀ နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၂၄-၆-၂၀၂၂ ရက် ညနေ ၄နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၁–၈၂၅၁၉၀၈ ထံသို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**


**အခမဲ့ကုပေးမည်**
ဆေးမတိုး/ကုရခက်
ကင်ဆာနှင့်ရောဂါစုံဖြစ်နေလျှင်
သစ္စာရှင်ဆေးခန်း
ဖုန်း-09 261186511 သို့ဆက်သွယ်ပါ။


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 27W/1927, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ စိုင်းပေါက် ၁၃/ကတန(နိုင်)၀၆၃၈၈၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## အစည်းအဝေးအကြောင်းကြားစာ

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ–၁၁၆(c)(၂)အရ K.WON & MICC COMPANY LIMITED သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်နေ့ရက်** – ၂၀၂၂ ခုနှစ်၊ ဇွန် ၂၁ ရက်
**အစည်းအဝေးကျင်းပမည့်အချိန်** – နံနက် ၉:၀၀ နာရီ
**အစည်းအဝေးကျင်းပမည့်နေရာ** – အမှတ်(၂၀)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ငူရပ်ကွက်၊ အောင်ဆန်းမြို့၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

K.WON & MICC COMPANY LIMITED
Mobile; 09-407273159, (E-Mail: kwontrading.myanmar@gmail.com)

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် – ၆၃ယ/၃၆၃၈၄ (ဟွန်ဒါကလစ်)၊ ယာဉ်ပိုင်ရှင်အမည်–ဒေါ်ဆုမြတ်ထက် ၁၃/ညရန(နိုင်)၁၃၄၉၄၀သည် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြောငြာသည့်ရက်မှ(၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ –၂၂) တာချီလိတ်ခရိုင်တရားရုံး ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်– ၈ နှင့် ဆက်နွှယ်သည့် ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် – ၇

ဒေါ်နန်းဆိုင်ခေး **နှင့်** ၁။ ဦးတီခေါင်ဟောင်း
၂။ နန်းဟွမ်နွန်း
၃။ နန်းရှဲန်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်နှင့် ဆန်ဆိုင်းရပ်ကွက်နေ ဦးတီခေါင်ဟောင်း၊ နန်းဟွမ်နွန်း၊ နန်းရှဲန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်– ၈ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နန်းဆိုင်ခေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂ ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စံမြင့်)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်–SHN/22638(Honda Click)၊ ယာဉ်ပိုင်ရှင်အမည်–ဒေါ်သင်းသင်းစိုး ၉/မနက(နိုင်)၀၄၇၀၄၂သည် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြောငြာသည့်ရက်မှ(၁၅) ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၉)၊ အိမ်အမှတ် (၂၉၃)နေ ဦးညွန့်ရွှေ–ဒေါ်သန်းမေတို့၏ သမီးဖြစ်သူ မညွန့်ညွန့်ထွေး ၁၃/တကန(နိုင်)၂၄၆၇၅၈သည် မိဘ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူနေထိုင်ခြင်း၊ မိဘခွင့်မလွှတ်နိုင်သည့် ကိစ္စများ ပြုလုပ်ခြင်းကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်၊ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ပါ။

**ဦးညွန့်ရွှေ–ဒေါ်သန်းမေ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ထိပ်တင်မှတ်(၁)လမ်း၊ အမှတ် ၁၀၃၂နေ ဦးသန်းဦး(ဘ)ဦးကျော်မြသန်း ၁၄/ပေတ(နိုင်)၀၂၉၄၆၅ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၄ရပ်ကွက်၊ ရွှေတပင်ပတ်လမ်း၊အမှတ် ၁၅၇၆၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်မှာပါမစ်မြေအမျိုးအစားရှိသည့်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုအရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးနွယ် ၁၂/တမန(ပြု)၀၀၀၄၁၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေ တစ်စိတ်တစ်ဒေသပေးအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုမြတ်လွင်(အထက်တန်းရှေ့နေ) စဉ်–၄၈၂၇၂**
**အမှတ် ၂၃၈၅/က၊ ဇေယျာဝတီ၄လမ်း၊ ၁၀/တောင်၊ ၁၂ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၂၆၅၇၈၄၆၈၈**

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ရန်အောင်မြင်ဘုရားလမ်း၊ ပန်းတိမ်ရပ်နေ ဦးဇေယျာထက်(ဘ) ဦးစိန်ဝင်း ၉/ရမသ(နိုင်) ၀၈၅၄၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကံကြီးကုန်းကျေးရွာအုပ်စု၊ စည်ကားကျေးရွာတွင် တည်ရှိသော Cozy World (အပန်းဖြေစခန်း)ဖွင့်လှစ်ထားသော မြေဥပစာအား ကျွန်ုပ်မိတ်ဆွေက ဥပဒေနှင့်အညီ ဝယ်ယူနေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ထို့ကြောင့် Cozy World (အပန်းဖြေစခန်း) ပါဝင်သော မြေဥပစာနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းကသာ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း အများသိစေရန် ကြေညာလိုက်သည်။

အကယ်၍ Cozy World(အပန်းဖြေစခန်း) နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထိပါးကန့်ကွက် နှောင့်ယှက်မှုများရှိခဲ့ပါက ကျွန်ုပ်တို့မိတ်ဆွေ၏ အကျိုးစီးပွားနစ်နာစေမှုအတွက်တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇော်မင်းအောင် (စဉ်–၁၂၄၂၂)** | **ဦးရဲကျော်သူ (စဉ်–၁၆၄၁၈)** |
| **(LL.B, D.B.L, D.P.S)** | **(LL.B)** |
| **ဒေါ်ဖြူဖြူဝင်း (စဉ်–၁၅၇၃၀)** | **ဒေါ်မေနန္ဒာမင်း (စဉ်–၁၂၄၄၆)** |
| **(LL.B) D.L101,I.P Law,WIPO(GENEVA)** | **(LL.B,D.B.L,D.I.L)** |
| **Diploma in Political Science** | |

**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(၄၉၇)၊ ပြည်တော်သာရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း–၀၉–၇၈၉၄၄၄၇၇၅၊ ၀၉–၄၃၀၁၁၃၄၄**

**ဖခင်အမည်မှန်**

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ အထက(ညောင်ပင်စောက်)၊ တတိယတန်းမှ မသံစဉ်သစ်၏ဖခင် အမည်မှန်မှာ ဦးသစ်ထူး ၁၃/နခတ(နိုင်) ၀၉၃၉၄၇ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀) မန္တလေးခရိုင်တရားရုံးတော် ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် – ၇၈၃

ဦးမောင်မောင်ကြီး **နှင့်** ဦးဘို
(၎င်း၏အထွေထွေကိုယ်စားလှယ် စာရသူ ဦးကောင်းထွဋ်ကျော်)
**တရားလို** **တရားပြိုင်**

အကွက် (ဟ–၁/၉၀)၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေ တရားပြိုင် ဦးဘို (ဘ) ဦးဘကြည် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်မောင်ကြီး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကောင်းထွဋ်ကျော်)က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဇူလိုင် ၁၂ ရက် (၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလို သည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန် ကြော်ငြာခြင်း

ကျွန်တော် ဦးအောင်မြင့်ဟန် ၁၂/မဂဒ(နိုင်)၀၈၇၈၂၉သည် အွန်ခမ်းဆောက်လုပ်ရေးကုမ္ပဏီနှင့် အရှေ့ပိုင်းရှင်းလုံကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းများကို ဦးစီးလုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦးဖြစ်ပါသည်။

လွန်ခဲ့သော၂၀၁၇ခုနှစ်ခန့်က ကျွန်တော်ဦးစီးသည့် အထက်ပါကုမ္ပဏီ(၂)ခုတွင် လုပ်ငန်းအကျိုးတူ လုပ်ကိုင်လိုကြောင်း ဦးထွန်းထွန်းဝင်း(ခ) ကိုထွန်း(မိုင်းဖြတ်)မှ ကမ်းလှမ်းလာသဖြင့် ကုမ္ပဏီ၏ရုံးလုပ်ငန်းပိုင်းတွင် လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါသည်။ နောက်ပိုင်းတွင် ဦးထွန်းထွန်းဝင်းအနေဖြင့် ကုမ္ပဏီ၏ဆောက်လုပ်ရေးလုပ်ငန်းပိုင်းများတွင်လည်း လုပ်ကိုင်လိုကြောင်း ပြောဆိုလာသဖြင့် အကျိုးအမြတ်များအား အချိုးကျခွဲဝေ၍ လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါသည်။

ထိုသို့ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရာမှ ဦးထွန်းထွန်းဝင်း(ခ)ကိုထွန်း(မိုင်းဖြတ်)သည် တင်ဒါလုပ်ငန်းများအတွက် ကုမ္ပဏီမှ ထုတ်ယူသွားသည့် ငွေများနှင့် စပ်လျဉ်း၍ လုပ်ငန်းပြီးဆုံးပြီး (၃)နှစ်ကျော်ကြာသည်အထိ ကုမ္ပဏီသို့ ငွေစာရင်းရှင်းတမ်းများ ရှင်းပေးရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့သဖြင့် ၅-၂-၂၀၂၂ ရက်မှစ၍ ၎င်းနှင့်အကျိုးတူ လုပ်ငန်းလုပ်ကိုင်မှုများအား ရပ်ဆိုင်းကြောင်း ၎င်းအားအသိပေးခဲ့ပြီး လုပ်ငန်းနှင့် သက်ဆိုင်သည့်ဌာနဆိုင်ရာများသို့လည်း အကြောင်းကြားတင်ပြထားခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အွန်ခမ်းဆောက်လုပ်ရေးကုမ္ပဏီနှင့် အရှေ့ပိုင်းရှင်းလုံကုမ္ပဏီ အမည်များဖြင့် ဦးထွန်းထွန်းဝင်းမှ တာဝန်ယူ၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်နန်းဝိုးဖိတ်မှ (project director) အဖြစ် ဆောက်ရွက်လုပ်ကိုင်လျက်ရှိသော မိုင်းပျဉ်းမြို့နယ်ရှိ နားယုန် (အ.မ.က)ကျောင်း(၁)ကျောင်း၊မိုင်းပုအွန်(အ.ထ.က)တွင် သိပ္ပံဆောင်နှင့် ဝန်ထမ်းအိမ်ရာ(၂)ဆောင်၊ ပန်တားလေ (အ.ထ.က) ကျောင်း(၁)ကျောင်း တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနရုံးများတွင် ကုမ္ပဏီ၏အမည်များသုံးစွဲ၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေခြင်းတို့အားခွင့်မပြုတော့ပါကြောင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကုမ္ပဏီမှ လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း နောက်နောင်တွင်လည်း အွန်ခမ်းဆောက်လုပ်ရေးကုမ္ပဏီနှင့် အရှေ့ပိုင်းရှင်းလုံကုမ္ပဏီသည် ဦးထွန်းထွန်းဝင်း(ခ) ကိုထွန်း (မိုင်းဖြတ်)နှင့် ၎င်း၏ဇနီး ဒေါ်နန်းဝိုးဖိတ်တို့နှင့် လုံးဝပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Ayng Myint Han (Managing Director)**
**Aon Kham and Eastern Skinn Lon Manufacturing Co.,Ltd**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဦးအောင်ထွန်းသိန်း(ခ)ဦးညီညီ
### အင်ဂျင်နီယာမှူးကြီး
### မြောက်ဦး၊ စစ်တွေ၊ ရန်ကုန်
### အသက်(၆၄)နှစ်

မြောက်ဦးမြို့နေ(ဦးရွှေတိုင်-ဒေါ်ဒေါ်နဖြူ)တို့၏အငယ်မြောက်သား၊ (ဦးတင်စိုး-ဒေါ်လှနွယ်)တို့၏သားသမက်၊ ဦးလှမောင်ဦး၊ ဦးကျော်ဖုံသာ၊ (ဦးမောင်သိန်းခိုင်)၊ ဦးထွန်းအောင်ရွှေ၊ ဒေါ်အေးရွှေမြ၊ ဦးအောင်လှထွန်းတို့၏ချစ်လှစွာသောညီ/မောင်၊ ဒေါ်စောမြဝေ၊ ဒေါက်တာသာထွန်းမောင်တို့၏ချစ်လှစွာသောအစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်နန်းမြင့်နွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နှင်းဖုံဦး-Joshua hook၊ ဦးဖိုးညဏ်သစ်-ဒေါ်ဖြူဖြူဝင်းနှင့် မမြပွင့်ခိုင်တို့၏ချစ်လှစွာသောဖခင်၊ မင်းသားဖုံဦး(ခ)Davin hook ၏ချစ်လှစွာသောအဘိုးရှင်သည် ၁၈-၆-၂၀၂၂ရက် နံနက် ၂:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီးမှ အာကျိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး မြောက်ဦးမြို့၊ မင်းသားကျွန်းသုသာန်တွင် ဂူသွင်းထားရှိမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစုများ

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ယူဟုန်ကာ (ခ) ဦးစိန်မြင့်(ပေါက်ခေါင်း ပြည်မြို့)
ဇော်ဖိနပ်ဆိုင်
### ပြည်မြို့ကျန့်တိတ်တုန်အသင်းဥက္ကဋ္ဌ
### ပြည်မြို့ဟုတ်လျှန်ကုန်း ရာသက်ပန်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ
### ရန်ကုန်မြို့ စင့်ယူငေါ်ဟင်တောင် ဒုဥက္ကဋ္ဌ
### ပြည်မြို့တရုတ်လူမှုရေးအသင်း နာယကကြီး
### အသက် (၈၄) နှစ်

ပြည်မြို့၊ ပွဲစားလမ်း၊ အမှတ် (၆၆၅)နေ (ဦးပေါ-ဒေါ်ထွား)တို့၏ သား၊ တိုက်ကြီးမြို့နေ (ဦးဆုံမင်း-ဒေါ်ဆိုင်)တို့၏ သားသမက်၊ ဒေါ်ခင်သန်း(ခ)ဒေါ်ရှုတ်ကြုတ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်တင်-ဒေါ်မြတ်မြတ်ဆွေ၊ ဦးဇော်ထွန်း -ဒေါက်တာခင်ခင်လှ၊ ဦးဇော်အောင် -ဒေါ်ဇင်မာဖြူ၊ ဦးအောင်ဇော်မိုး-ဒေါ်သိမ့်သန္တာနွယ်၊ ဦးဇော်ဝင်း-ဒေါက်တာသူဇာအောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုး ယူဟုန်ကာ (ခ) ဦးစိန်မြင့်သည် ၁၈-၆-၂၀၂၂ (သောကြာနေ့) နံနက် ၁၁:၃၅ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ပြည်မြို့ အေးငြိမ်းရာတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အများသိစေရန်ကြေညာခြင်း**

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၂၇၄/က)၊ ဧရိယာ (၂၀' X ၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၂၇၄/ က)၊ ဦးအောင်ဇေယျလမ်းမကြီး၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ (ဦးဝင်းကြည်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဝင်းကြည် ထံမှ ၅-၁၂-၂၀၁၆ ရက်စွဲပါ အရပ်ကတိ အရောင်းအဝယ်စာချုပ်အရ ဝယ်ယူခဲ့သူ ဒေါ်မာမာချို ၁၂/ဆကခ(နိုင်) ၀၀၃၄၅၈ မှ ဦးဝင်းကြည် အမည်ပေါက် မြေချပါမစ်မူရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ၃/၃/၂၀၂၂ရက်စွဲပါ ဒဂုံမြို့နယ်တရားရုံး၏ ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ဗညားဒလရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ဒလမြို့နယ်နှင့် ဒလမြို့မ ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5R/8546, Toyota AVANZA , STATION WAGON (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိဥ(ခ)မေရီ ၁၂/အစန(ဧည့်) ၀၀၀၀၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

ကညန၊ ခရိုင်ရုံး (သာယာဝတီ)

---

### အမည်ပြောင်း

သံတွဲမြို့၊ အမှတ်(၈)ရပ်ကွက်နေ ဦးညီညီစိုး၏သား အမက (ဒွါရာဝတီ) G-3 မှ မောင်အောင်မိုးဟန်အား မောင်ရွှေဝေလင်းအောင် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရွှေဝေလင်းအောင်

---

### အမည်မှန်

ပေါက်တောမြို့နယ်၊ အရှေ့ပိုင်းရပ်ကွက်နေ ဦးဖိုးယဉ်၏သား ဦးကျော်ယဉ်ချေ၏ အမည်မှန်မှာ ဦးကျော်ယဉ် ၁၁/ ပတန(နိုင်)၀၂၆၃၅၄ ဖြစ်ပါကြောင်း။

---

### ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ အထက (ပြည်စုံအောင်) ဆဋ္ဌမတန်း-D မှ မမှူးပြည့်စုံမောင်၏ဖခင် ဦးယဉ်ထွေး၏ အမည်မှန်မှာ ဦးရင်ထွေး ၁၂/ဥကမ(နိုင်)၀၅၀၈၆၈ ဖြစ်ပါကြောင်း။

ဦးရင်ထွေး

---

### အစည်းအဝေးအကြောင်းကြားစာ
### မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆(င)(၂) အရ

NAY SHEW WIN COMPANY LIMITED သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်-

အစည်းအဝေး ကျင်းပမည့်ရက် - ၂၀၂၂ ခုနှစ်၊ ဇွန် ၂၁ ရက်
အစည်းအဝေးကျင်းပမည့်အချိန် - နံနက် ၉ နာရီ
အစည်းအဝေး ကျင်းပမည့်နေရာ - အမှတ် (၇)၊ မြေတိုင်းအမှတ်(၄၉) ဝါးတရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ မြေကွက်အမှတ် (၄၉)၊ အလျားပေ ၆၀x အနံပေ ၇၀၊ ဧရိယာ ၀.၁၁၅၀၉၆ကေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ်လမ်းသွယ် (၃)၊ အမှတ် (၄၉)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဦးလှဟန် ၁၄/မအပ(နိုင်)၀၁၁၄၄၇နှင့် ဒေါ်လွင်လွင်မာ ၁၄/မအပ(နိုင်)၁၃၉၄၇၈တို့ထံမှ ကျွန်ုပ်မိတ်ဆွေ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးမြင့်
B.Sc, H.G.P, R.L, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၁၇၆)
အမှတ် (၅၅)၊ ဒုတိယထပ်၊ အခန်းအမှတ် (၁၈)၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၁၇၄၂၀၀

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7P/9417 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းရုံး (ပဲခူး)

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊
### ရေကန်၊ မုခ်ဦး၊ လမ်း၊ တံတား ဒါယိကာမကြီး
## ဒေါ်အေးအေးစန်း
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ် ၈၀နေ (ဦးညွန့်ကြည်)-ဒေါ်အေးအေးမြင့် (ခ)ဒေါ်အေးမြင့်တို့၏သမီး၊ ဦးစိုးမင်း-ဒေါ်မြင့်မြင့်စန်း၊ဦးတင်လှ တို့၏ညီမ၊ ဒေါ်စမ်းစမ်းမြင့်၊ ဒေါ်နုနုရီတို့၏အစ်မ၊ ကိုကျော်စိုးဟန်-မလှိုင်လှိုင်မြင့်၊ မနှင်းနွယ်ရီ၊ကိုကျော်သီဟ-မမြင့်မြင့်သန်း၊ ကိုကျော်သူရ-မခိုင်ဆွေသက်၊ မအေးအေးမွန်၊ မောင်ဘုန်းမြတ်နိုင်တို့၏အဒေါ်၊ မောင် မြတ်ဘုန်းပြည့်စုံ၏ အဘွားသည် ၁၂-၆-၂၀၂၂ရက် (စနေနေ့)ည ၉:၀၅နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စောလှ(လမုဝကျေးရွာ)
### အသက်(၈၈)နှစ်

လမ်းဦးစီးဌာန၊ ဟသ်ာတခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဌေး-ဒေါ်စန်းစန်းဝေတို့၏ မိခင်သည် ၁၈-၆-၂၀၂၂ရက် နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြို့နယ်ဦးစီးအရာရှိများနှင့်ဝန်ထမ်းများ
လမ်းဦးစီးဌာန
ဟသ်ာတခရိုင်

---

### အစည်းအဝေးအကြောင်းကြားစာ
### [မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၁၁၆(င) (၂)အရ]

SAUNG OO SHWE NAY (GOLDEN SUNSHINE) COMPANY LIMITED သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်-

အစည်းအဝေးကျင်းပမည့်ရက် - ၂၀၂၂ ခုနှစ် ဇွန် ၂၁ရက်
အစည်းအဝေးကျင်းပမည့်အချိန် - နံနက် ၉နာရီ
အစည်းအဝေးကျင်းပမည့်နေရာ - အမှတ် (၃၂/၃၃/၃၄/၃၅)၊

ငွေပင်လယ်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

---

### ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြော်ငြာစာ

ပဲခူးမြို့၊ ဗိုလ်ကုန်း (၁၈)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄၁၊ အကွက်အမည် (ကမာနတ်ကွင်း)၊ ဦးပိုင်အမှတ် ၃၁ (င)၇၊ ဧရိယာ ၀.၁၁၅၅ကေအနက် မြောက်ဘက်ရှိ ဧရိယာ ၀.၀၈ကေအောက်ဖော်ပြပါ အလားအလာရှိသည့် အရှေ့လားသော်- သောကမြိုင်ကျောင်း၊ အနောက်လားသော်-၃၁ᵏ၊ တောင်လားသော်-ပဲခူး-သနပ်ပင်လမ်း၊ မြောက်လားသော်-၃၁ᵍ၊ အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်စန်းသီရိအေးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ် မတ် ၄ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိပါဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန
ပဲခူးမြို့

---

### ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြော်ငြာစာ

ပဲခူးမြို့၊ ဘိုကုန်း (၁၈) ရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၆၄၁၊ အကွက်အမည်/ကမာနတ်ကွင်း၊ ဦးပိုင်အမှတ် ၃၁(င)ᴶ၊ ဧရိယာ ၀ဒသမ ၀၅၅ ကေအနက် မြောက်ဘက်ရှိ ဧရိယာ ၀ဒသမ ၀၈ ကေအောက်ဖော်ပြပါ အလားအလာရှိသည့် အရှေ့လားသော်- သောကမြိုင်ကျောင်း၊ အနောက်လားသော် -၃၁ᵏ၊ တောင်လားသော် -ပဲခူး-သနပ်ပင်လမ်း၊ မြောက်လားသော်- ၃၁ᶜ၊ အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးမောင်မောင်အေးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ် မတ် ၄ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန
ပဲခူးမြို့

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/3755, Toyota Celsior UCF 31, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းခမ်းမင်း ၁၂/သလန (နိုင်)၁၂၄၀၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၄၁ လမ်း၊ အမှတ်-၂၇(ခ)(မြေညီ)တိုက်ခန်းနှင့် အကျိုးခံ စားခွင့်အရပ်ရပ်တို့ကို လက်ရှိအကျိုးဆက်ခံပိုင်ဆိုင်ကြသူများဖြစ်သော ဦးဝေလီမင်း၊ ဦးအေးမင်း၊ မဇာနည်ဝင်း၊ ကိုပြည့်စုံအောင်၊ မစန်းသီတာမင်းမင်း၊ ကိုညဏ်မင်းအောင်တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ် ပိုင်းပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာလာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဦးမျိုးညွန့် LL.B (ဖျာပုံ)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၂၆/၂၄-၁-၂၀၁၃)
အမှတ်-၂၈ (ပထမထပ်)၊ ၁၄၁ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၁၂၇၀၆၊ ၀၉-၇၈၈၂၀၄၁၂၁

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅/ဝေဘာဂီ၊မြေကွက်အမှတ် ၁၇၊မြေကွက်တည်နေရာအမှတ်-၁၇၊ဗြဟ္မာစိုရ်လမ်း၊၅/ဝေဘာဂီ၊ဦးလှဦးအမည်ပေါက်ပါမစ်မြေအား(၁-၉-၁၉၉၉)ရက်စွဲပါမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ပါမစ်မူရင်း(ပြည့်စုံ)နှင့်အဆက်အစပ်အရပ်ကတိအရောင်းအဝယ်စာချုပ်တို့တင်ပြ၍ ဝယ်ယူသူဒေါ်မီမီခင်(၁၂/ဥကမ(နိုင်)၁၄၆၄၁၄)မှဂရန်သစ်လျှောက်ထားလာရာလျှောက်ထားမြေကွက်သည်မြို့မြေစာရင်းတွင်နှစ်(၆၀)ဂရန်ထွက်ရှိနေပြီးယင်းသို့ဂရန်ထွက်ရှိနေခြင်းနှင့်ပတ်သက်၍ပါမစ်အမည်ပေါက်-ဦးလှဦးထံမှဒေါ်မီမီခင်ကဝယ်ယူခဲ့ပြီးနှစ်ပေါင်းများစွာနေထိုင်လျက်ရှိကြောင်း၊အဆိုပါဂရန်အားဦးလှဦးမှထုတ်ယူခဲ့ခြင်းမရှိကြောင်း၊ဒေါ်မီမီခင်လက်ဝယ်တွင်ပါမစ်မူရင်းရှိနေကြောင်း၊ဦးလှဦးအမည်ဖြင့်နှစ်(၆၀)ဂရန်ထွက်ရှိနေခြင်းနှင့်ပတ်သက်၍ပြဿနာတစ်စုံတရာပေါ်ပေါက်ပါကတာဝန်ယူပါကြောင်း၊ဒေါ်မီမီခင်မှဝန်ခံကတိပြုရှင်းလင်းတင်ပြလာပါသဖြင့်ဖော်ပြပါဒေါ်မီမီခင်မှပါမစ်မူရင်းတင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

### ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခ အိမ်ရာ တိုက်(၁၃)၊ အခန်း(၂၁) တိုက်ခန်းနှင့် ပတ်သက်၍ ကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဦးကျော်သက်ထွန်း ၁၂/ပတအ(နိုင်)၀၀၀၀၆၅ မှ နေ၍ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ပြောဆို၍ ရောင်းချရန် သဘောတူညီခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ဦး(ဘ) ဦးဘဝင်း ၁၂/သဃက(နိုင်)၁၀၆၁၁၆ က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဦးခင်မောင်ဦး | ဦးအေးမင်း(မင်္ဂလာတောင်ညွန့်) |
| ၁၂/သဃက(နိုင်)၁၀၆၁၁၆ | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၄၂) |
| | LL.B, D.B.L, D.M.L, D.G.L, D.G.I, (y.u) |
| | B.D.S(M.O.F.A) |
| | အမှတ် (၃၃)၊ ၈၇လမ်း၊ |
| | (ကန်/နောက်)ရပ်ကွက် |
| | မင်္ဂလာတောင်ညွန့်မြို့နယ်၊ |
| | ရန်ကုန်တိုင်းဒေသကြီး |
| | ဖုန်း- ၀၉- ၅၁၁၉၁၁၀ |

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၆ယ/၉၉၇၄၇ Honda Dream 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတေဇာထွန်း ၃/ဘအန(နိုင်)၂၅၇၆၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဖယ/၆၇၅၈၁ ဟွန်ဒါဒရင်း 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဆန်းဝေ ၃/ဘအန(နိုင်) ၂၉၈၀၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

# မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကင်းမကျေးရွာ မီးလောင်မှုဖြစ်စဉ်၌ သတင်းမှားများ ဖြန့်ချိခဲ့သည့် မီဒီယာများနှင့် အဖွဲ့အစည်းများ၏ လုပ်ရပ်အား ပြင်းထန်စွာကန့်ကွက်ကြောင်း သတင်းထုတ်ပြန်ချက်




ပေါက်မြို့နယ် ကင်းမကျေးရွာအား လက်နက်ကိုင်အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် နေအိမ်များ မီးလောင်ပျက်စီးမှုကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၉

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကင်းမကျေးရွာအား ဇွန် ၁၅ ရက်တွင် လက်နက်ကိုင်အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ကျေးရွာရှိ အိမ်ခြေ ၂၂၅ လုံးအနက်မှ အိမ်ခြေ ၁၀၀ လုံးခန့် မီးလောင်ပျက်စီးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇွန်လ ၁၅ ရက်နေ့တွင် ပေါက်မြို့နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပေါက်မြို့နယ်အတွင်း နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ကင်းမကျေးရွာ ဆိုင်းဘုတ်အနီးအရောက် လက်နက်ကိုင် အကြမ်းဖက်သူ တစ်စုက တောင်ကုန်းပေါ်မှနေ၍ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများ ဖြင့် အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ တောင်ကုန်းပေါ်မှ ဆုတ်ခွာသွားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါတောင်ကုန်းပေါ်သို့ အသေးစိတ် ပိတ်ဆို့ရှာဖွေခဲ့ရာ

စာမျက်နှာ ၂၅ ကော်လံ ၁ ◆

## COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၄၆ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၇ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၂၅၈ ဦးရှိ

(၁၉-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၈-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၅၄၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၇၁,၂၇၁) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၇,၆၁၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၃,၅၂၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၅၈) ဦး ရှိပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ○



## ရာသီမရွေးသွားလာနိုင်သည့် လမ်းတံတားများကြောင့် မြို့ပြနှင့် ကျေးလက်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာသည့် ကရင်ပြည်နယ်

သတင်းဆောင်းပါး စာ » ၈


## မကျိန်းသေတဲ့ အာဖဂန်ရဲ့ အနာဂတ်

နိုင်ငံတကာရေးရာ စာ » ၁၄



## ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်တို့၌ မြို့ဝင်ဘီးခွန်ဂိတ်နှင့် ကုန်တင်ယာဉ်သုံးစီးတို့ကို ဆူပူအကြမ်းဖက်သူများနှင့် လက်နက်ကိုင်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီး

ပြည်တွင်းသတင်း စာ » ၂၆



အင်္ဂလန်အသင်းနှင့် စကော့တလန်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

## ယူရို ၂၀၂၀ ပြိုင်ပွဲ အုပ်စုပွဲစဉ်(၂)တွင် စကော့တလန်ကို ဂိုးမရှိသရေကျခဲ့သည့် နာမည်ကြီး အင်္ဂလန်

ယူရို ၂၀၂၀ ပြိုင်ပွဲ အုပ်စုပွဲစဉ် (၂) အဖြစ် အုပ်စု (D) မှ အင်္ဂလန်အသင်းနှင့် စကော့တလန်အသင်းတို့ ပွဲစဉ်ကို ဇွန် ၁၉ ရက် နံနက်ပိုင်းက အင်္ဂလန်နိုင်ငံ လန်ဒန်ရှိ ဝင်ဘလေအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ အင်္ဂလန်အသင်းသည် ယနေ့ပွဲစဉ်တွင် စကော့တလန်အသင်းကို ဂိုးမရှိ သရေကျခဲ့သော်လည်း နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်လေးမှတ်ဖြင့် ရှုံးထွက်အဆင့် တက်ရောက်ရန် အခြေအနေကောင်းတစ်ခု ပိုင်ဆိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် နာမည်ကြီး ကစားသမားများဖြစ်သည့် ဆန်ချို၊ ကားဗက်လီဝင်၊ ဟန်ဒါဆင်၊ ချီဝဲလ်၊ ထရစ်ပီယာ၊ မက်ဂွိုင်းယား၊ ဂရီရယ်လစ်ချ်၊ ရက်ဖို့ဒ်တို့ကို ချန်လှပ်ကာ ဂျိမ်းစ်၊ စတုန်း၊ လုခ်ရှော၊ ရိုက်စ်၊ ဖီးလစ်၊ ဖိုဒင်၊ မေဘင့်၊ စတားလင်း၊ ကိန်း စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

စကော့တလန်အသင်းက နာမည်ကြီး ကစားသမားများဖြစ်သည့် တီယာနေ၊ တွန်မီနေ၊ ရော်ဘတ်ဆန်၊ အဒမ်စ်၊ ဂီလ်မော စသည်တို့ဖြင့် နာမည်ကြီး အင်္ဂလန်အသင်းကို ရင်ဆိုင်လာခဲ့သည်။ အင်္ဂလန်အသင်းသည် ပွဲစဉ်(၁)တွင် ခရိုအေးရှားအသင်းကို အနိုင်ရရှိခဲ့သလို ယနေ့ပွဲစဉ်တွင်လည်း စကော့တလန်အသင်းကို

စာမျက်နှာ ၁၂ ကော်လံ ၁ ●